မြန်မာ့အလင်း

၁၂၇၅ ခုနှစ်က တည်ထောင်သည်။ Established in 1914

Myanma Alinn Daily

၁၃စာ၃ ခုနှစ်၊ နတ်တော်လပြည့်ကျော် ၅ ရက် ၂၀၂၁ ခုနှစ်၊ ဒီဇင်ဘာ ၂၃ ရက်၊ ကြာသပတေးနေ့ အတွဲ (၆၁)၊ အမှတ် (၀၈၄)

ဘုရားဂုဏ်ကို အာရုံပြု၍ ကောင်းစွာနိုးကြား

နေ့ရောညဉ့်ပါ အမြဲမပြတ် ဘုရားဂုဏ်ကို အာရုံပြု၍ ဖြစ်သော သတိရှိသူ ဂေါတမမြတ်စွာဘုရား၏ တပည့်တို့သည် အခါခပ်သိမ်းကောင်းစွာ နိုးကြားသောအားဖြင့် နိုးကြားရကုန်၏။ ပဂိဏ္ဏကဝဂ်(၁မွမ်ပဒ-၂၉၆)

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ ရှေ့လုပ်ငန်းစဉ် (၅) ရပ်

၁။ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ကို ပြန်လည်ဖွဲ့စည်းပြီး မဲစာရင်းများစစ်ဆေးခြင်းများအပါအဝင် လုပ်ဆောင်သင့်၊ လုပ်ဆောင်ထိုက်သည်များကို ဥပဒေနှင့်အညီ ဆက်လက်လုပ်ဆောင်သွားမည်။

၂။ လတ်တလော ဖြစ်ပွားနေဆဲဖြစ်သည့် COVID-19 ကပ်ရောဂါ ကာကွယ်ရေးလုပ်ငန်းများကို အရှိန်အဟုန်မပျက် ထိထိရောက်ရောက် ဆက်လက်ဆောင်ရွက်သွားမည်။

၃။ COVID-19 ကပ်ရောဂါကြောင့် ထိခိုက်ခဲ့သည့် စီးပွားရေးလုပ်ငန်းများအား ဖြစ်နိုင်သမျှ နည်းလမ်းများဖြင့် အမြန်ဆုံးကုစားသွားမည်။

၄။ တစ်နိုင်ငံလုံး ထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးသဘောတူစာချုပ် (NCA) ပါ သဘောတူညီချက်များအတိုင်း ဖြစ်နိုင်သမျှ အလေးထား လုပ်ဆောင်သွားမည်။

၅။ အရေးပေါ်ကာလဆိုင်ရာ ပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ပြီးစီးပါက ဖွဲ့စည်းပုံအခြေခံဥပဒေ (၂၀၀၈ ခုနှစ်) နှင့်အညီ လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲအား ပြန်လည်ကျင်းပ၍ အနိုင်ရသည့်ပါတီအား ဒီမိုကရေစီစံနှုန်းများနှင့်အညီ နိုင်ငံတော်တာဝန်အား လွှဲအပ်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်။

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မဟာသရေစည်သူ မင်းအောင်လှိုင် ဘွဲ့ရအမျိုးသမီး ဗိုလ်လောင်းသင်တန်း အမှတ်စဉ်(၈) သင်တန်းဆင်းဂုဏ်ပြုစစ်ရေးပြအခမ်းအနားတွင် မိန့်ခွန်းပြောကြားစဉ်။

နိုင်ငံတော်နှင့် တပ်မတော်က အားကိုးအားထားပြုရသည့် အမျိုးသမီး အရာရှိကောင်းများဖြစ်အောင် မိမိကိုယ်မိမိ ဆက်လက်ပြုစုပျိုးထောင် လေ့ကျင့်သွားကြရမည်

နေပြည်တော် ဒီဇင်ဘာ ၂၂

တပ်မတော်၏ အမျိုးသမီးစစ်မှုထမ်းများ၏ အခန်းကဏ္ဍကို အားသစ်လောင်းမည့် ဘွဲ့ရအမျိုးသမီးဗိုလ်လောင်းသင်တန်း အမှတ်စဉ်(၈) သင်တန်းဆင်းဂုဏ်ပြုစစ်ရေးပြအခမ်းအနားကို ယနေ့နံနက်ပိုင်းတွင် ရန်ကုန်မြို့ရှိ တပ်မတော်(ကြည်း) ဗိုလ်သင်တန်းကျောင်း(မော်ဘီ) စစ်ရေးပြကွင်းခ၌ ကျင်းပပြုလုပ်ရာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မဟာသရေစည်သူ မင်းအောင်လှိုင် တက်ရောက်မိန့်ခွန်း ပြောကြားသည်။

စာမျက်နှာ ၃ ကော်လံ ၁ ❑

ယနေ့ ဖတ်စရာ

လွတ်လပ်ရေးအနှစ်သာရ တန်းတူခံစား လွတ်လပ်ရေးကို စောင့်ရှောက်ကာကွယ်

(၇၄) နှစ်မြောက် လွတ်လပ်ရေးနေ့ အကြိုဂုဏ်ပြုဆောင်းပါး

ဆောင်းပါး စာ - ၉

ဟင်းသီးဟင်းရွက်ဆီ (Vegetable Oil, Cooking Oil) နှင့် စပ်လျဉ်း၍ ကုန်အညွှန်းအမှတ်အသား ဖော်ပြရာတွင် စီးပွားရေးလုပ်ငန်းရှင်များ လိုက်နာဆောင်ရွက်ရန် ညွှန်ကြားချက်

ပြည်တွင်းသတင်း စာ - ၁၆

ပျောက်ဆုံးသွားလို့မဖြစ်တဲ့ အမျိုးသားရေးဂုဏ်သိက္ခာ ....

ဆောင်းပါး စာ - ၂၀

မြန်မာ့အလင်း

ကိုယ်လက်လှုပ်ရှား ဆေးတစ်ပါး

"ကိုယ်လက်လှုပ်ရှား ဆေးတစ်ပါး" ဟူ၍ ပညာပေးလှုံ့ဆော်လျက်ရှိရာ နေ့စဉ်ပုံမှန်အားကစားလှုပ်ရှားမှုတစ်ခုခုကို အချိန်အနည်းငယ်ပေးပြီး ပြုလုပ်ခြင်းအားဖြင့် အကျိုးရလဒ်ကြီးမားစွာ ရရှိနိုင်ကြစေရန်ပင်ဖြစ်သည်။ တစ်နေ့လျှင် နာရီဝက်နှုန်းဖြင့် တစ်ပတ်လျှင် ငါးရက် ချွေးထွက်မောပန်းပြီး နှလုံးခုန်နှုန်း မြန်လာသည်အထိ အားကစားလှုပ်ရှားမှု ပြုလုပ်ကြခြင်းဖြင့် အသက်ကြီးလာချိန်တွင် ကျန်းမာကြံ့ခိုင်မှုကို ထိန်းသိမ်းနိုင်ကာ ဇရာကို နှေးကွေးသွားစေမည်ဖြစ်သည်။

လူတို့၏ကိုယ်ခံစွမ်းအားသည် အသက် ၂၀ အရွယ်သို့ ရောက်ပြီးနောက်တွင် ဆက်၍ တက်မလာတော့ဘဲ တစ်နှစ်လျှင် ၂ ရာခိုင်နှုန်းမှ ၃ ရာခိုင်နှုန်းအတွင်း တဖြည်းဖြည်း ကျဆင်းသွားရာမှ အသက်ကြီးလာချိန်တွင် ကိုယ်ခံစွမ်းအားများစွာ ကျဆင်းမှုနှင့်အတူ ပြင်ပမှ ရောဂါမျိုးစုံ ဝင်ရောက်လာခြင်းကို ခံကြရသည်။ ကျန်းမာရေးအတွက် ကိုယ်လက်လှုပ်ရှားအားကစား ပုံမှန်ပြုလုပ်နေသူများတွင်မူ အသက် ၆၀ ကျော် အရွယ်များ၌ပင် ကိုယ်ခံစွမ်းအားသည် အသက် ၂၀ အရွယ် လူငယ်များအတိုင်းပင် ရှိနေကြောင်း လေ့လာတွေ့ရှိရသည်ဟု ကျန်းမာရေးသုတေသီတို့က ပြောသည်။ လမ်းလျှောက်ခြင်း၊ ပြေးခြင်း၊ ရေကူးခြင်း၊ ကခုန်ခြင်း အစရှိသည့် ကြွက်သားများကို အသုံးပြုလှုပ်ရှားရသည့် လေ့ကျင့်ခန်းများကြောင့် ကယ်လိုရီလောင်ကျွမ်းမှုကို ရရှိစေပြီး ရုပ်ပိုင်းအရရော စိတ်ပိုင်းအရပါ ကျန်းမာကြံ့ခိုင်စေသည်။ ရုပ်ပိုင်းဆိုင်ရာ အကျိုးကျေးဇူးများအဖြစ် ကိုယ်အလေးချိန် လျော့ကျစေခြင်း၊ ကြွက်သားနှင့်အရိုးများ သန်မာတောင့်တင်းစေခြင်း၊ နာတာရှည်ရောဂါများ ဖြစ်ပွားနိုင်ခြေကို လျော့နည်းစေခြင်း၊ အသားအရေ ကောင်းမွန်စေခြင်း၊ ကောင်းစွာ အိပ်စက်နိုင်စေခြင်း၊ နာကျင်မှု သက်သာစေခြင်းတို့အပြင် စိတ်ပိုင်းဆိုင်ရာ အကျိုးကျေးဇူးအဖြစ် စိတ်ပူပန်ခြင်း၊ စိတ်ဖိစီးခြင်း၊ စိတ်ကျခြင်းတို့ကို သက်သာစေသည်။ အင်ဒေါ်ဖင်ဟိုမုန်း ပိုမိုထွက်လာခြင်းကြောင့် အကောင်မြင်ခံစားချက်ကို တိုးတက်လာစေပြီး နာကျင်မှုတို့ကို သက်သာစေသည်ဟု ဆိုသည်။ လေ့လာတွေ့ရှိချက်များအရ ကိုယ်လက်လှုပ်ရှားအားကစား ပုံမှန်ပြုလုပ်ခြင်းဖြင့် ရင်သားကင်ဆာကြောင့် သေဆုံးရမှုတွင် ၅၀ ရာခိုင်နှုန်း၊ အူမကြီးကင်ဆာဖြစ်ပွားမှု ၆၀ ရာခိုင်နှုန်း၊ အယ်ဇိုင်းမားရောဂါ ၄၀ ရာခိုင်နှုန်း၊ ဆီးချိုရောဂါ၅၈ ရာခိုင်နှုန်း၊ နှလုံးသွေးကြောနှင့် သွေးတိုးလေဖြတ်ရောဂါ ၂၇ ရာခိုင်နှုန်းတို့ကို လျော့ချပေးနိုင်သည်ဟု ဆိုသည်။

ကိုယ်လက်လှုပ်ရှားအားကစားကို မိမိအသက်အရွယ်နှင့် ကိုက်ညီသည့် လေ့ကျင့်ခန်းကို ရွေးချယ်၍ ပုံမှန်ပြုလုပ်ရန်ဖြစ်သည့်အတွက် လမ်းလျှောက်၊ ရွရွပြေး၊ စက်ဘီးစီး၊ ရေကူး၊ ခြင်းလုံး၊ ဘောလုံး၊ ကြက်တောင်၊ ဘော်လီဘော၊ တင်းနစ်၊ အေရိုးဗစ်၊ ဇမ်ဘာ စသည့် စသည့် အားကစားမျိုးများ၊ အလေးမ၊ ဒိုက်ထိုး၊ ဘားလွဲ၊ ထိုင်ထ စသော ကြွက်သားသန်မာစေသည့် အားကစားမျိုးများ၊ ထိုက်ကျိနှင့် ယောဂကဲ့သို့သော ခန္ဓာကိုယ်ဟန်ချက်ထိန်းသိမ်းသည့် အားကစားမျိုးတို့ကို ပုံမှန်ပြုလုပ်ခြင်းအားဖြင့် ကျန်းမာသုခ ရရှိနိုင်ကြမည်ဖြစ်သည်။

ကိုယ်လက်လှုပ်ရှားအားကစားကို လုံးဝမပြုလုပ်သူများနှင့် နှိုင်းယှဉ်ပါက နေ့စဉ် တစ်မိနစ်မျှ ပြုလုပ်ခြင်းသည်ပင်လျှင် အကျိုးထူးသည်ဟု ဆိုထားသည်။ အားကစားမှန်မှန်လုပ်သူများတွင် နာတာရှည်ရောဂါများဖြစ်သည့် နှလုံးသွေးကြောကျဉ်း၊ သွေးတိုး၊ သွေးချို ဆီးချို၊ ကင်ဆာ၊ အဆစ်အမျက်ရောင်ရောဂါ၊ သွေးတွင်းအဆီဓာတ်များ၊ သွေးကြောတွင်း သွေးခဲပိတ် စသည့် ရောဂါများကို ကာကွယ်နိုင်မည်ဖြစ်ပြီး ကျန်းမာပျော်ရွှင်သည့် ဘဝကို ပိုင်ဆိုင်နိုင်မည်ဖြစ်ရာ ဒီဇင်ဘာအားကစားလမှအစပြု၍ ကိုယ်လက်လှုပ်ရှားအားကစားကို နေ့စဉ်မှန်မှန်ပြုလုပ်နိုင်ကြရေး တိုက်တွန်းအားပေးအပ်ပါကြောင်း။ ။

၂၀၂၂ ခုနှစ်၊ (၇၄)နှစ်မြောက် လွတ်လပ်ရေးနေ့ အမျိုးသားရေးဦးတည်ချက် (၄)ရပ်

၁။ ပြည်ထောင်စုမပြိုကွဲရေး၊ တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေးနှင့် အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေးတို့အတွက် တိုင်းရင်းသားအားလုံး ထိန်းသိမ်းကာကွယ်စောင့်ရှောက်ရေး။

၂။ စစ်မှန်ပြီး စည်းကမ်းပြည့်ဝသည့် ဒီမိုကရေစီစနစ်ကို စောင့်ရှောက်ဖော်ဆောင်၍ ကောင်းမွန်သန့်ရှင်းသော အစိုးရတစ်ရပ်နှင့် အုပ်ချုပ်မှုပုံစံ ပေါ်ထွန်းလာစေရေး။

၃။ နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးအတွက် စစ်မှန်သော ပြည်ထောင်စုစိတ်ဓာတ်ကို အခြေခံ၍ တိုင်းရင်းသားအားလုံး စည်းလုံးချစ်ခင်စွာ ပူးပေါင်းဆောင်ရွက်ရေး။

၄။ ပြည်သူတစ်ရပ်လုံး လိုလားတောင့်တနေသည့် ထာဝရငြိမ်းချမ်းရေးရရှိရန်အတွက် ကြိုးပမ်းဖော်ဆောင်ရေး။

မြန်မာနိုင်ငံပြန်တမ်း

အမြဲတမ်းအတွင်းဝန်အဖြစ် တာဝန်ပေးအပ်ခြင်း

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီသည် အလုပ်သမားဝန်ကြီးဌာန၊ အလုပ်ရုံနှင့် အလုပ်သမားဥပဒေစစ်ဆေးရေးဦးစီးဌာန၊ ညွှန်ကြားရေးမှူးချုပ် ဦးညွန့်ဝင်း အား အမြဲတမ်းအတွင်းဝန် တာဝန်များကို ပူးတွဲထမ်းဆောင်ရန် တာဝန်ပေးအပ်လိုက်သည်။

(၇၄) နှစ်မြောက် လွတ်လပ်ရေးနေ့အထိမ်းအမှတ်အကြို အခြေခံပညာကျောင်းပေါင်းစုံ အားကစားပြိုင်ပွဲများကျင်းပ

ကျောင်းကုန်း ဒီဇင်ဘာ ၂၂

၂၀၂၂ ခုနှစ် ဇန်နဝါရီ ၄ ရက်တွင် ကျရောက်မည့် (၇၄)နှစ်မြောက် လွတ်လပ်ရေးနေ့အထိမ်းအမှတ်အကြို အခြေခံပညာကျောင်းပေါင်းစုံ အားကစားပြိုင်ပွဲများကို ယနေ့နံနက် ၉ နာရီက စုရပ်အသီးသီး၌ ကျင်းပကြသည်။

အထက်တန်းဆင့် လွန်ဆွဲပြိုင်ပွဲကို အစုကြီး အခြေခံပညာအထက်တန်းကျောင်းနှင့် ဒေါင့်ကြီး အခြေခံပညာအထက်တန်းကျောင်းတွင် လည်းကောင်း၊ အလယ်တန်းဆင့် ထုပ်ဆီးတိုးပြိုင်ပွဲကို အမှတ်(၁) အခြေခံပညာအထက်တန်းကျောင်းတွင် လည်းကောင်း **(အောက်ပုံ)**၊ မူလတန်းဆင့် မီတာ ၅၀ ၊ ပူဖောင်းဖောက်၊ အာလူးကောက်နှင့် ဂုန်နီအိတ်စွပ်ပြိုင်ပွဲကို (မြို့မ) အခြေခံပညာမူလတန်းကျောင်းတွင် လည်းကောင်း ကျင်းပကြောင်း သိရသည်။

ဝင်းကြိုင်(ပြန်/ဆက်)

သုတဝေဖြာသီရိဂေဟာ မိသားစုပြိုင်ပွဲ အသိပညာပေးအစီအစဉ် မော်ဒယ်သရုပ်ဆောင်များနှင့်အတူ လူရွှင်တော်အသင်းနှင့် ကိုလူချောတို့အဖွဲ့မှ မိသားစုများ ပါဝင်ယှဉ်ပြိုင်မည်

နေပြည်တော် ဒီဇင်ဘာ ၂၂

သုတဝေဖြာသီရိဂေဟာ မိသားစုပြိုင်ပွဲ အသိပညာပေးအစီအစဉ် (Family Quiz) ပွဲစဉ် (၄၆)ကို ဒီဇင်ဘာ ၂၄ ရက် ညနေပိုင်းတွင် မြန်မာ့အသံနှင့်ရုပ်မြင်သံကြားမှ ဆက်လက်ထုတ်လွှင့်မည်ဖြစ်သည်။

အဆိုပါ ကိုဗစ်-၁၉ ဆိုင်ရာ အသိပညာပေးအစီအစဉ်ကို သရုပ်ဆောင်စိုးသီဟနှင့်မော်ဒယ်ဂျေနောတို့က တင်ဆက်ကြမည်ဖြစ်ပြီး လူရွှင်တော်အသင်းနှင့် ကိုလူချောတို့အဖွဲ့မှ မိသားစုများက ပါဝင်ယှဉ်ပြိုင်ကြမည်ဖြစ်ရာ ယင်းပြိုင်ပွဲများကို ဒီဇင်ဘာ (၂၄ ၊ ၂၅ ၊ ၂၆) ရက်တို့တွင် မြန်မာ့အသံနှင့်ရုပ်မြင်သံကြား၏ ညနေ ၆ နာရီ သတင်းအပြီး၌ ထုတ်လွှင့်ပြသသွားမည်ဖြစ်ကြောင်း သိရသည်။

သတင်းစဉ်

နေရာကွက်ကျား မိုးရွာနိုင်

နေပြည်တော် ဒီဇင်ဘာ ၂၂

ကချင်ပြည်နယ်၊ ချင်းပြည်နယ်၊ ရှမ်းပြည်နယ်၊ စစ်ကိုင်းတိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီးနှင့် ရန်ကုန်တိုင်းဒေသကြီးတို့တွင် နေရာကွက်ကျား မိုးအနည်းငယ်ရွာနိုင်သည်။ ရွာရန် ရာနှုန်း ၆၀ ဖြစ်သည်။

ကယားပြည်နယ်၊ ကရင်ပြည်နယ်၊ မွန်ပြည်နယ်၊ ရခိုင်ပြည်နယ်၊ တနင်္သာရီတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီးနှင့် မကွေးတိုင်းဒေသကြီး တို့တွင် တိမ်အသင့်အတင့် ဖြစ်ထွန်းမည်။

မိုး/ဇလ

ဆန်စဉ်ရာ ကျည်ပွေ့မလိုက်နိုင်

မိမိတို့အစိုးရအဖွဲ့ဟာ တိုင်းပြည်အတွက် လုပ်ငန်းတွေ နေ့စဉ်နေ့တိုင်း လုပ်ကိုင်နေကြရတာမှာ အချိန်အားရတယ်မရှိဘူး။ တချို့ကိစ္စတွေဟာ တိုင်းပြည်မှာ ဖြစ်နေကြရတာက ဟိုကတစ်မျိုး၊ ဒီကတစ်ဖုံဆိုတာလိုဖြစ်တော့ ဆန်စဉ်ရာ ကျည်ပွေ့မလိုက်နိုင်ဘူး။ ဒီတော့ မိမိတို့အစိုးရအဖွဲ့ တကယ့်အခက်အခဲတွေထဲမှာ အလုပ်လုပ်နေရတော့ တချို့နေရာမှာ မအောင်မြင်တာလေးတွေလည်း ရှိတယ်။ အောင်မြင်တာတွေလည်း ရှိတယ်။

(ဗိုလ်ချုပ်အောင်ဆန်း၏ ၁၉၄၇ ခုနှစ်၊ မေလ ၃၀ ရက်နေ့ သတင်းစာဆရာများနှင့် ဆွေးနွေးပွဲတွင် ပြောကြားခဲ့သော မိန့်ခွန်းမှ ကောက်နုတ်ချက်)

❑ *ရှေ့ဖုံးမှ*

အဆိုပါအခမ်းအနားသို့ ကာကွယ်ရေးဦးစီးချုပ်(ရေ) ဗိုလ်ချုပ်ကြီး ဇေယျကျော်ထင် မိုးအောင်၊ ကာကွယ်ရေးဦးစီးချုပ်(လေ) ဗိုလ်ချုပ်ကြီး စည်သူမောင်မောင်ကျော်၊ ကာကွယ်ရေးဦးစီးချုပ်ရုံးမှ တပ်မတော်အရာရှိကြီးများ၊ ပြည်ထောင်စုဝန်ကြီးများ၊ ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ်၊ ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူး၊ ရန်ကုန်မြို့တော်ဝန်၊ တပ်မတော်(ကြည်း) ဗိုလ်သင်တန်းကျောင်း(မှော်ဘီ) ကျောင်းအုပ်ကြီးနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

ဦးစွာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မဟာသရေစည်သူ မင်းအောင်လှိုင်က ဗိုလ်လောင်းတပ်ခွဲများ၏ အလေးပြုခြင်းကိုခံယူပြီး ကျောင်းဆင်းဗိုလ်လောင်းတပ်ခွဲအား စစ်ဆေးသည်။ ထို့နောက် ဗိုလ်လောင်းတပ်ခွဲများက တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မဟာသရေစည်သူ မင်းအောင်လှိုင်အား အနှေးလျှောက်၊ အမြန်လျှောက်ဖြင့် ချီတက်အလေးပြုကြသည်။

ဗိုလ်လောင်းဆု ပေးအပ်ချီးမြှင့်

ယင်းနောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မဟာသရေစည်သူ မင်းအောင်လှိုင်က တပ်မတော်(ကြည်း) ဗိုလ်သင်တန်းကျောင်း(မှော်ဘီ) ဘွဲ့ရအမျိုးသမီး ဗိုလ်လောင်းသင်တန်း အမှတ်စဉ်(၈)မှ အကောင်းဆုံးဗိုလ်လောင်းဆုရရှိသူ ဗိုလ်လောင်း မေသက်နွယ်အား အကောင်းဆုံး ဗိုလ်လောင်းဆု ပေးအပ်ချီးမြှင့်သည်။

ဆက်လက်ထိန်းသိမ်းသွားရမည်

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၊ တပ်မတော်ကာကွယ်ရေး ဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မဟာသရေစည်သူ မင်းအောင်လှိုင်က သင်တန်းဆင်းမိန့်ခွန်း ပြောကြားရာတွင် မိမိတို့နိုင်ငံသည် တိုင်းရင်းသားလူမျိုးပေါင်း ၁၀၀ ကျော် စုစည်းနေထိုင်သည့် ပြည်ထောင်စုကြီးဖြစ်သည့်အတွက် ပြည်ထောင်စုမပြိုကွဲရေး၊ တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေး၊ အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေးဟူသည့် ဒို့တာဝန်အရေးသုံးပါးသည် မိမိတို့ တပ်မတော်သားများ အမြဲတမ်းထိန်းသိမ်းကာကွယ်စောင့်ရှောက်ရမည့် အမျိုးသားရေးတာဝန်ပင်ဖြစ်ကြောင်း၊ **အမျိုးသားရေးဆိုသည်မှာ တစ်မျိုးသားလုံး၏အကျိုးစီးပွားနှင့် ဘာသာ၊ သာသနာ၊ ရိုးရာယဉ်ကျေးမှု ဓလေ့ထုံးတမ်းအစဉ်အလာများကို ကာကွယ်စောင့်ရှောက်ခြင်းကို ဆိုလိုခြင်းဖြစ်**ကြောင်း၊ နိုင်ငံတော်တွင် မည်သည့်နိုင်ငံရေးစနစ်၊ မည်သည့်အစိုးရ ဦးဆောင်သည်ဖြစ်စေ တပ်မတော်အနေဖြင့် တစ်မျိုးသားလုံးနှင့်သက်ဆိုင်သည့် အမျိုးသားရေးမူဝါဒဖြစ်သော ဒို့တာဝန်အရေးသုံးပါးကို ဆက်လက်ထိန်းသိမ်းသွားရမည် ဖြစ်ကြောင်း၊ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ အမျိုးသားနိုင်ငံရေးကို အကောင်အထည်ဖော်ရာတွင် ပြည်သူပြည်သားများနှင့်အတူ လက်တွဲညီညီ အစွမ်းကုန်ဆောင်ရွက်သွားမည် ဖြစ်ကြောင်း။

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မဟာသရေစည်သူ မင်းအောင်လှိုင် တပ်မတော်(ကြည်း) ဗိုလ်သင်တန်းကျောင်း (မှော်ဘီ) ဘွဲ့ရအမျိုးသမီး ဗိုလ်လောင်းသင်တန်း အမှတ်စဉ်(၈)မှ အကောင်းဆုံး ဗိုလ်လောင်းဆုရရှိသူ ဗိုလ်လောင်း မေသက်နွယ်အား အကောင်းဆုံး ဗိုလ်လောင်းဆု ပေးအပ်ချီးမြှင့်စဉ်။

❑ **နိုင်ငံတော်တွင် မည်သည့်နိုင်ငံရေးစနစ်၊ မည်သည့်အစိုးရ ဦးဆောင်သည်ဖြစ်စေ တပ်မတော်အနေဖြင့် တစ်မျိုးသားလုံးနှင့်သက်ဆိုင်သည့် အမျိုးသားရေးမူဝါဒဖြစ်သော ဒို့တာဝန်အရေးသုံးပါးကို ဆက်လက်ထိန်းသိမ်းသွားရမည်**

❑ **တပ်မတော်၏ အမျိုးသားနိုင်ငံရေးကို အကောင်အထည်ဖော်ရာတွင် ပြည်သူပြည်သားများနှင့်အတူ လက်တွဲညီညီ အစွမ်းကုန်ဆောင်ရွက်**

ကြိုးပမ်းအကောင်အထည်ဖော်

တပ်မတော်အနေဖြင့် တည်ငြိမ်အေးချမ်းပြီး ဖွံ့ဖြိုးတိုးတက်သည့် နိုင်ငံတော်ဖြစ်လာရေးအတွက် ကြိုးပမ်းအကောင်အထည်ဖော် ဆောင်ရွက်ခဲ့ရာတွင် ပြည်သူနှင့် တစ်သားတည်းဖြစ်အောင် လုပ်ဆောင်ပြီး ပြည်သူ၏ လိုအပ်ချက်၊ တိုင်းပြည်၏ လိုအပ်ချက်များကို တိုက်ရိုက်သော် လည်းကောင်း၊ သွယ်ဝိုက်၍သော် လည်းကောင်း လုပ်ဆောင်ပေးခဲ့သည်ကို သမိုင်းကြောင်းတွင် အထင်အရှား မြင်တွေ့ရမည်ဖြစ်ကြောင်း၊ ယခုကဲ့သို့ မွန်မြတ်ကောင်းမွန်သည့် သမိုင်းအစဉ်အလာကောင်းများကို ဆက်လက်ထိန်းသိမ်းသွားကြရန် မှာကြားလိုကြောင်း။

မြန်မာ့တပ်မတော်သမိုင်းကြောင်းတွင် အမျိုးသမီးတပ်ဖွဲ့ဝင်များ၏ စွမ်းဆောင်ရည်အချို့ကို ပြန်လည်လေ့လာကြည့်မည်ဆိုပါက လွတ်လပ်ရေးကြိုးပမ်းမှုကာလတွင် မြန်မာအမျိုးသမီးများ၏ ကြိုးပမ်းမှုကဏ္ဍအချို့ကို တွေ့မြင်ရမည်ဖြစ်ကြောင်း၊ ၁၉၄၈ ခုနှစ် လွတ်လပ်ရေးရပြီးနောက်ပိုင်းတွင်လည်း အမျိုးသမီးအရာရှိနှင့် အခြားအဆင့် စစ်မှုထမ်းများကို လက်ရုံးတပ်ဖွဲ့များနှင့် ကယ်ဆယ်ရေးတပ်ဖွဲ့များတွင် တာဝန်ပေးအပ်ခဲ့သည်များ ရှိခဲ့ကြောင်း။

ဂုဏ်ယူဖွယ်ရာတွေ့ရှိရမည်

၁၉၅၄ ခုနှစ်တွင် မြန်မာအမျိုးသမီး စစ်ဝန်ထမ်းတပ်ဖွဲ့ ဖွဲ့စည်းတာဝန်ပေးခဲ့သည့် အမျိုးသမီးအရာရှိများသည် ကျရာတာဝန်ကို ကျေပွန်စွာထမ်းဆောင်နိုင်ခဲ့ကြသည့် အစဉ်အလာကောင်းများကို ဂုဏ်ယူဖွယ်ရာတွေ့ရှိရမည်ဖြစ်ပြီး *စာမျက်နှာ ၄ သို့*

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မဟာသရေစည်သူ မင်းအောင်လှိုင်အား ဗိုလ်လောင်းတပ်ခွဲများက အနှေးလျှောက်၊ အမြန်လျှောက်များဖြင့် ချီတက်အလေးပြုကြစဉ်။

စာမျက်နှာ ၃ မှ

နောက်ပိုင်းတွင် အမျိုးသမီးသူနာပြုအရာရှိများ၊ ဘွဲ့ရအမျိုးသမီးအရာရှိများ၊ အမျိုးသမီးဆရာဝန်အရာရှိများ၊ အမျိုးသမီးသူနာပြုနှင့် ဆေးဘက်ကျွမ်းကျင်သူများ၊ အမျိုးသမီးတပ်ကြပ်ကြီး/ စာရေးများ၊ အမျိုးသမီးစစ်သည်များစသည်ဖြင့် သုံးထောင်ကျော်ခန့် ခန့်အပ်တာဝန်ပေးလျက်ရှိသည်ကို တွေ့ရမည်ဖြစ်ကြောင်း။

တာဝန်ကျေပွန်စွာထမ်းဆောင်

မိမိတို့တပ်မတော်အနေဖြင့် ကာကွယ်ရေးစွမ်းအား တည်ဆောက်ရာတွင် မြန်မာအမျိုးသမီးထုပါဝင်နိုင်ရေး၊ အမျိုးသမီးများ၏အခန်းကဏ္ဍမြှင့်တင်ရေးနှင့် တပ်မတော်တွင် အမျိုးသမီးစစ်မှုထမ်းများ ပါဝင်ထမ်းဆောင်နိုင်ရေးတို့အတွက် သင်တန်းကျောင်းများဖွင့်လှစ်ပြီး လေ့ကျင့်မွေးထုတ်ပေးလျက်ရှိကြောင်း၊ ထို့ပြင် သင်တန်းဆင်းဘွဲ့ရ အမျိုးသမီးအရာရှိများကို သက်ဆိုင်ရာ ဘာသာရပ်အလိုက် မဟာဘွဲ့၊ ပါရဂူဘွဲ့များရရှိနိုင်ရေး ဆက်လက်ပညာဆည်းပူးသင်ကြားစေလျက်ရှိကြောင်း၊ သင်တန်းဆင်း အမျိုးသမီးအရာရှိများအနေဖြင့် ကြည်း၊ ရေ၊ လေ၊ ရုံး၊ ဌာနများအပါအဝင် လက်ရုံးဝန်ထမ်း တပ်ဖွဲ့အသီးသီးတွင် တာဝန်ကျေပွန်စွာ ထမ်းဆောင်နေကြသည်ကို တွေ့ရမည်ဖြစ်ကြောင်း။

အမျိုးသမီးများ၏စွမ်းအားကို မြှင့်တင်

ဖွံ့ဖြိုးတိုးတက်နေသည့် နိုင်ငံများကို လေ့လာကြည့်ပါက လူသားအရင်းအမြစ်ကို အပြည့်အဝ အသုံးချနိုင်သည်ကို တွေ့ရှိရမည်ဖြစ်ကြောင်း၊ ထိုသို့ နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးအတွက် လူသားအရင်းအမြစ်ကို အသုံးပြုရာတွင်လည်း ယောကျ်ား၊ မိန်းမ မခွဲခြားဘဲ ပါဝင်ဆောင်ရွက်နေကြသည်ကို တွေ့မြင်ရမည်ပင်ဖြစ်ကြောင်း၊ လူ့စွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်ရေးဆောင်ရွက်မှုတွင် နိုင်ငံအလိုက် မိမိနိုင်ငံ၏ အမျိုးသားအကျိုးစီးပွားဖော်ဆောင်နိုင်ရေး ရည်ရွယ်လုပ်ဆောင်နေကြသည်ကို တွေ့ရမည်ဖြစ်ကြောင်း၊ မိမိတို့နိုင်ငံတွင်လည်း အမျိုးသမီးဦးရေ ၅၂ ရာခိုင်နှုန်း ရှိသည့်အတွက် အမျိုးသမီးများ၏စွမ်းအားကို မြှင့်တင်ဖော်ထုတ်ပေးလျက်ရှိသည်ကို ပြောကြားလိုကြောင်း။

ဦးဆောင်ကြိုးပမ်း ဆောင်ရွက်ရမည်

ပြည့်အင်အားသည် ပြည်တွင်းမှာသာရှိသည်ဆိုသည့်အတိုင်း အမိနိုင်ငံတော်ကို ကာကွယ်စောင့်ရှောက်ရန်အတွက် ကျန်းမာကြံ့ခိုင်သည့် ရုပ်ပိုင်းဆိုင်ရာ အင်အားသာမက အနိုင်မခံ အရှုံးမပေးသည့် စိတ်ပိုင်းဆိုင်ရာအင်အားများပါ အစဉ်ပြည့်ဝနေရန် လိုအပ်ကြောင်း၊ လူငယ်များဖြစ်သည့်အတွက် ခေါင်းဆောင်မှုကို ရယူနိုင်ရန် မိမိအဖွဲ့အစည်းကို တိုးတက်အောင် ကြိုးစားအားထုတ်နေရန် လိုအပ်မည်ဖြစ်ကြောင်း၊ အောင်မြင်သည့် ခေါင်းဆောင်ကောင်းများ ဖြစ်လာစေရေးအတွက် တပ်ဖွဲ့ဝင်များကို ဦးဆောင်ကြိုးပမ်း ဆောင်ရွက်ရမည်ဖြစ်ကြောင်း၊ ခေါင်းဆောင်တစ်ဦးတစ်ယောက်ချင်း သိသင့်သိထိုက်သည့် အသိပညာ အတတ်ပညာများကို လေ့လာမှုအားကောင်းမှသာလျှင် မှန်ကန်သည့် ဆုံးဖြတ်ချက်ကို ချမှတ်နိုင်မည်ဖြစ်သည့်အတွက် မိမိတို့တစ်ဦးချင်း လေ့လာအားထုတ်ကြိုးပမ်းကြရန်လည်း မှာကြားလိုကြောင်း၊ ထိုသို့ ကြိုးပမ်းအားထုတ်ရာတွင် သူတစ်ပါးအပေါ် မထိခိုက်စေဘဲ ရိုးရိုးသားသားဆောင်ရွက်ရန်လိုကြောင်း၊ အလုပ်လုပ်ရာတွင် ရည်မှန်းချက်ပြီးမြောက်စေရန်၊ အလုပ်တာဝန် ပြီးမြောက်စေရန် ကြိုးစားဆောင်ရွက်ခြင်းမျိုးဖြင့်သာ မိမိအလုပ်တာဝန်ကျေပွန်မှုကို ဂုဏ်ယူကြရန် မှာကြားလိုကြောင်း။

❒ မိမိတို့တပ်မတော်အနေဖြင့် ကာကွယ်ရေးစွမ်းအား တည်ဆောက်ရာတွင် မြန်မာအမျိုးသမီးထုပါဝင်နိုင်ရေး၊ အမျိုးသမီးများ၏ အခန်းကဏ္ဍမြှင့်တင်ရေးနှင့် တပ်မတော်တွင် အမျိုးသမီးစစ်မှုထမ်းများ ပါဝင်ထမ်းဆောင်နိုင်ရေးတို့အတွက် သင်တန်းကျောင်းများ ဖွင့်လှစ်ပြီး လေ့ကျင့်မွေးထုတ်ပေးလျက်ရှိ၊ ထို့ပြင် သင်တန်းဆင်း ဘွဲ့ရအမျိုးသမီးအရာရှိများကို သက်ဆိုင်ရာ ဘာသာရပ်အလိုက် မဟာဘွဲ့၊ ပါရဂူဘွဲ့များရရှိနိုင်ရေး ဆက်လက်ပညာဆည်းပူးသင်ကြားစေလျက်ရှိ၊ သင်တန်းဆင်းအမျိုးသမီး အရာရှိများအနေဖြင့် ကြည်း၊ ရေ၊ လေ၊ ရုံး၊ ဌာနများအပါအဝင် လက်ရုံးဝန်ထမ်းတပ်ဖွဲ့အသီးသီးတွင် တာဝန်ကျေပွန်စွာ ထမ်းဆောင်နေကြသည်ကို တွေ့ရမည်

စီမံခန့်ခွဲရေးကောင်စီ ဥက္ကဋ္ဌ၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မဟာသရေစည်သူ မင်းအောင်လှိုင်

ပြန်ကြားရေးတာဝန်ခံ ဗိုလ်မှူးကြီး ကျော်စွာဦး

ပြန်ကြားရေးဌာနခွဲ ဒုတိယဗိုလ်မှူးကြီး ဝေယံဦး

ပြန်ကြားရေးဌာနခွဲ ဒုတိယဗိုလ်မှူးကြီး ကိုကိုထွန်း

ပြန်ကြားရေးဌာနခွဲ ဒုတိယဗိုလ်မှူးကြီး ကျော်ဇင်ထွန်း

ပြန်ကြားရေးဌာနခွဲ ဒုတိယဗိုလ်မှူးကြီး ကိုကိုလှိုင်

ပြန်ကြားရေးဌာနခွဲ ဒုတိယဗိုလ်မှူးကြီး ကိုကိုမင်းလတ်

**ပြန်ကြားရေးဌာနခွဲ ဒုတိယဗိုလ်မှူးကြီး ကိုကိုမင်းဇော်

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မဟာသရေစည်သူ မင်းအောင်လှိုင် ကျောင်းဆင်းဗိုလ်လောင်းတပ်ခွဲအား စစ်ဆေးစဉ်။

စာမျက်နှာ ၄ မှ

ယနေ့ခေတ်အချိန်ကာလတွင်မူ စစ်ရေးနည်းလမ်းသာမက နိုင်ငံရေးအရ ဝင်ရောက်စွက်ဖက်မှု၊ စီးပွားရေးအရ ပိတ်ဆို့မှု၊ သတင်းမှားများဖြန့်ချိမှု၊ ယဉ်ကျေးမှုအရ ထိုးဖောက်ဝင်ရောက်မှု စသည့်အန္တရာယ်များကိုပါ ကာကွယ်နိုင်ရေး ဆောင်ရွက်သွားကြရန် လိုအပ်ကြောင်း။

နိုင်ငံတော်ကာကွယ်ရေးတာဝန် ထမ်းဆောင်ရာတွင် မိမိတို့တစ်ဦးချင်း တာဝန်ဝတ္တရားများကို ကျေပွန်စွာထမ်းဆောင်ရန်နှင့် **"လေ့လာ၊ လေ့ကျင့်၊ လိုက်နာ"** ဟူသည့် ဆောင်ပုဒ်အတိုင်း သင်တန်းကျောင်းများမှ လေ့ကျင့်သင်ကြားပေးလိုက်သည့် စစ်ပညာရပ်များကို လက်တွေ့နယ်ပယ်တွင် မှန်မှန်ကန်ကန် ထိထိရောက်ရောက် အသုံးချနိုင်ရန် လိုအပ်မည်ဖြစ်ကြောင်း၊ ခေတ်နှင့်အညီ တိုးတက်ပြောင်းလဲလျက်ရှိသည့် စစ်အသုံးအဆောင်နှင့် စစ်အတတ်ပညာများကို အသုံးချနိုင်ရေးအတွက် **လေ့လာခြင်း**၊ ကျန်းမာကြံ့ခိုင်ကျွမ်းကျင်နေရန် **လေ့ကျင့်ခြင်း**နှင့် စစ်အခြေခံသဘောတရားနှင့် စစ်မြေပြင်စည်းကမ်းများကို လက်တွေ့နယ်ပယ်တွင် **လိုက်နာကျင့်သုံးကြရန်** တိုက်တွန်းမှာကြားလိုကြောင်း။

ကဏ္ဍပေါင်းစုံမှ အစွမ်းကုန်ကူညီကာကွယ်

မိမိတို့တပ်မတော်၏ နောက်ထပ် အဓိကလုပ်ငန်းတာဝန်ကြီးတစ်ခုမှာ ပြည်သူ့အကျိုးပြုလုပ်ငန်းတာဝန်ပင်ဖြစ်ကြောင်း၊ တပ်မတော်သည် နိုင်ငံတော်တွင် အရေးကြုံလာတိုင်း ရှေ့တန်းက အမြဲတမ်းမားမားမတ်မတ် ရပ်တည်ခဲ့ကြောင်း၊ သဘာဝဘေးအန္တရာယ်များ ကျရောက်ခဲ့သည့်အချိန်တွင်လည်း အထက်အမိန့်တောင်းခံစရာမလိုဘဲ တပ်မတော်သားများက အရင်ဆုံးရောက်ရှိကူညီခဲ့ကြကြောင်း၊ ယင်းသည် မိမိတို့တပ်မတော်၏ အလွန်မွန်မြတ်သည့် ပြည်သူ့အကျိုးပြုလုပ်ငန်းတာဝန်ကို ထမ်းဆောင်နေခြင်းပင်ဖြစ်ကြောင်း၊ ယနေ့အချိန်ကိုဗစ်-၁၉ ကပ်ရောဂါဆိုးနှင့် ပြည်သူများ ရင်ဆိုင်တွေ့ချိန်၌လည်း တပ်မတော်သည် ပြည်သူလူထုအတွက် ကဏ္ဍပေါင်းစုံမှ အစွမ်းကုန်ကူညီ ကာကွယ်စောင့်ရှောက်နေသည်ကို အထင်အရှားတွေ့ရမည်ဖြစ်ကြောင်း။

❒ နိုင်ငံတော်ကာကွယ်ရေးတာဝန်ထမ်းဆောင်ရာတွင် မိမိတို့တစ်ဦးချင်း တာဝန်ဝတ္တရားများကို ကျေပွန်စွာထမ်းဆောင်ရန်နှင့် "လေ့လာ၊ လေ့ကျင့်၊ လိုက်နာ"ဟူသည့် ဆောင်ပုဒ်အတိုင်း သင်တန်းကျောင်းများမှ လေ့ကျင့်သင်ကြားပေးလိုက်သည့် စစ်ပညာရပ်များကို လက်တွေ့နယ်ပယ်တွင် မှန်မှန်ကန်ကန် ထိထိရောက်ရောက် အသုံးချနိုင်ရန် လိုအပ်မည်

❒ ခေတ်နှင့်အညီ တိုးတက်ပြောင်းလဲလျက်ရှိသည့် စစ်အသုံးအဆောင်နှင့် စစ်အတတ်ပညာများကို အသုံးချနိုင်ရေးအတွက် လေ့လာခြင်း၊ ကျန်းမာကြံ့ခိုင်ကျွမ်းကျင်နေရန် လေ့ကျင့်ခြင်းနှင့် စစ်အခြေခံသဘောတရားနှင့် စစ်မြေပြင်စည်းကမ်းများကို လက်တွေ့နယ်ပယ်တွင် မှန်မှန်ကန်ကန် ထိထိရောက်ရောက် အသုံးချနိုင်ရန် လိုအပ်မည်

တွင် လိုက်နာကျင့်သုံး

နည်းလမ်းပေါင်းစုံဖြင့် လုပ်ဆောင်

တစ်နိုင်ငံလုံး ကိုဗစ်-၁၉ ရောဂါကူးစက်ဖြစ်ပွားမှုများအပေါ် ကာကွယ် ထိန်းချုပ် ကုသရေးလုပ်ငန်းများ ဆောင်ရွက်လျက်ရှိသကဲ့သို့ တစ်ဖက်ကလည်း ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးထိုးနှံနိုင်ရေးအတွက် ကာကွယ်ဆေးများရရှိရေး နည်းလမ်းပေါင်းစုံဖြင့် လုပ်ဆောင်ပေးလျက်ရှိပြီး ရရှိလာသည့် ကာကွယ်ဆေးများကို နယ်မြေများအလိုက် ဦးစားပေးအဆင့်အတိုင်း အချိန်မီထိုးနှံနိုင်ရေး ဆောင်ရွက်ပေးလျက်ရှိကြောင်း။

တပ်မတော်သည် နိုင်ငံတော်နှင့် ပြည်သူအတွက် **"အား"** ဖြစ်ပြီး နိုင်ငံအတွက် အရေးကြုံပါက အမြဲတမ်းအဆင်သင့်ရှိနေသည့် အခိုင်အမာဆုံး Institution တစ်ခုဖြစ်ကြောင်း၊ ထို့ကြောင့် နိုင်ငံသားကောင်းဖြစ်သူများအနေဖြင့် နိုင်ငံတော်ကာကွယ်ရေးတာဝန်ကို ကျေပွန်စွာ လက်ဆင့်ကမ်းသယ်ပိုးထမ်းဆောင်သွားကြရန် မှာကြားလိုကြောင်း။

တပ်မတော်သည် အတိတ်ကာလက နိုင်ငံနှင့် လူမျိုးအပေါ် တာဝန်ကျေပွန်မှု၊ သစ္စာစောင့်သိမှု၊ ပေးဆပ်မှုအမျိုးမျိုးကို ကြိုးစားလုပ်ဆောင်ခဲ့ပြီး ဖြစ်သကဲ့သို့ ယခု ပစ္စုပ္ပန်ကာလတွင်လည်း နိုင်ငံနှင့် လူမျိုးအတွက် တည်ငြိမ်အေးချမ်းပြီး ဖွံ့ဖြိုးတိုးတက်သည့် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကိုအခြေခံသည့် ပြည်ထောင်စုကြီး တည်ဆောက်ရေးကို တည့်မတ်ထိန်းသိမ်းဆောင်ရွက်ပေးလျက်ရှိကြောင်း၊ တပ်မတော်၏ ကြိုးပမ်း ဆောင်ရွက်မှုမှန်သမျှသည် အမိနိုင်ငံနှင့် တိုင်းရင်းသားပြည်သူလူထုကောင်းကျိုး ဖြစ်ထွန်းပြီး ကမ္ဘာ့အလယ်တွင် ဆက်လက်ရပ်တည်သွားနိုင်ရန် ကိုယ်ကျိုးမဲ့ မွန်မြတ်သည့် စိတ်ရင်းစေတနာနှင့် လုပ်ဆောင်နေခြင်းဖြစ်ကြောင်း၊ နိုင်ငံတော်နှင့် တပ်မတော်က အားကိုးအားထားပြုရသည့် အမျိုးသမီးအရာရှိကောင်းများဖြစ်အောင် မိမိကိုယ်မိမိ ဆက်လက်ပြုစုပျိုးထောင် လေ့ကျင့်သွားကြရမည်ဟု တိုက်တွန်းပြောကြားလိုကြောင်းဖြင့် ပြောကြားသည်။

ယင်းနောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၊တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မဟာသရေစည်သူ မင်းအောင်လှိုင်သည် ဗိုလ်လောင်းတပ်ခွဲများ၏ အလေးပြုခြင်းကို ခံယူပြီးနောက် စစ်ရေးပြအခမ်းအနားမှ ပြန်လည်ထွက်ခွာသည်။

ဂုဏ်ပြုအမှာစကား ပြောကြား

စစ်ရေးပြအခမ်းအနားအပြီးတွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၊တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မဟာသရေစည်သူ မင်းအောင်လှိုင်သည် တပ်မတော်(ကြည်း) ဗိုလ်သင်တန်းကျောင်း(မော်ဘီ) ကျောင်းဌာနချုပ် ဧည့်ခန်းမ၌ ထူးချွန်ဆုရရှိကြသည့် အကောင်းဆုံးဗိုလ်လောင်းဆုရရှိသူ ဗိုလ်လောင်း မေသက်နွယ်၊ သေနတ်ပစ်အကောင်းဆုံးဆုရ ဗိုလ်လောင်း အိမ့်မျိုးသက်ချယ်၊ စစ်ရေးပြအကောင်းဆုံးဆုရ ဗိုလ်လောင်း ပိုးဇကရီဆွေနှင့် ကြံ့ခိုင်ရေးအကောင်းဆုံးဆုရ ဗိုလ်လောင်း ဆုပြည့်စုံလင်းတို့အား တွေ့ဆုံ၍ ဂုဏ်ပြုအမှာစကား ပြောကြားသည်။

ဆည်းပူးလေ့လာခဲ့ကြ

ဂုဏ်ပြုအမှာစကားပြောကြားရာတွင် ယခုကဲ့သို့ ထူးချွန်ဆုများရရှိခဲ့ကြသဖြင့် ဂုဏ်ယူဝမ်းမြောက်မိပါကြောင်းနှင့် သင်တန်းကာလတစ်လျှောက် ကြံ့ခိုင်မှု၊ ဇွဲ၊ လုံ့လ၊ ဝီရိယတို့ဖြင့် စဉ်ဆက်မပြတ် ကြိုးစားအားထုတ်ဆောင်ရွက်တတ်သည့် အခြေခံကောင်းများကိုလည်း ဘဝတစ်လျှောက်လုံး ဆက်လက်ထိန်းသိမ်းသွားကြရန်လိုကြောင်း၊ ဘွဲ့ရအမျိုးသမီးဗိုလ်လောင်းများအနေဖြင့် ဗိုလ်လောင်းသင်တန်းမတက်ရောက်မီ တက္ကသိုလ်ပညာ၊ ဘွဲ့လွန်ပညာတို့ကို အသီးသီးဆည်းပူးလေ့လာခဲ့ကြပြီး ဖြစ်သဖြင့် အတွေးအခေါ်ပိုင်းနှင့် လူနေမှုပုံစံများကို လေ့လာခဲ့ကြရပြီးဖြစ်ကြောင်း၊ တက္ကသိုလ်ဝင်တန်းအောင်မြင်ရန်နှင့် တက္ကသိုလ်ပညာ၊ ဘွဲ့လွန်ပညာများကို အောင်မြင်ရန် ကြိုးစားခဲ့ကြရပြီး ယခု ဗိုလ်လောင်းသင်တန်း တက်ရောက်ခဲ့ရာတွင်လည်း ကြိုးစားအားထုတ်မှုရလဒ်ကြောင့် ထူးချွန်စွာဖြင့် အမျိုးသမီးအရာရှိများအဖြစ်သို့ ရောက်ရှိခဲ့ပြီဖြစ်ကြောင်း၊

စာမျက်နှာ ၆ သို့

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မဟာသရေစည်သူ မင်းအောင်လှိုင် ထူးချွန်ဆုရရှိကြသည့် ဘွဲ့ရအမျိုးသမီးဗိုလ်လောင်းများအား တွေ့ဆုံ၍ ဂုဏ်ပြုအမှာစကား ပြောကြားစဉ်။

စာမျက်နှာ ၅ မှ

ကြိုးစားအားထုတ်မှုရှိပါက အောင်မြင်မှုပန်းတိုင်ကို ဆွတ်ခူးနိုင်မည်ပင်ဖြစ်သဖြင့် ဘဝတစ်လျှောက်လုံး ကြိုးစားအားထုတ်ဆောင်ရွက်တတ်သည့် အခြေခံအလေ့အကျင့်ကောင်းများဖြင့် ဆက်လက်ထိန်းသိမ်းအသုံးချသွားကြစေလိုကြောင်း၊ အမျိုးသမီးစစ်မှုထမ်းများကို နိုင်ငံတော်နှင့် တပ်မတော်အတွက် လိုအပ်သဖြင့် လေ့ကျင့်မွေးထုတ်ပေးနေခြင်းဖြစ်သဖြင့် တန်ဖိုးရှိပြီး အားကိုးအားထားရသည့် ခေါင်းဆောင်များဖြစ်လာစေရေး ကြိုးစားအားထုတ်မှုရှိရမည်၊ မိမိကိုယ်ကို ထိန်းသိမ်းဆင်ခြင် နေထိုင်ရမည်ဖြစ်ကြောင်း၊ မိမိကိုယ်ကို ထိန်းသိမ်းနိုင်စွမ်းမရှိပါက လမ်းမှားရောက်နိုင်မည်ဖြစ်ပြီး မိမိကိုယ်ကို အလိုလိုက်ပါကပျက်စီးမှုကို ဖြစ်စေတတ်သဖြင့် သမာသမတ်ကျမှု၊ ကြိုးစားမှု၊ ထိန်းသိမ်းနေထိုင်မှုတို့ဖြင့် ဘဝတက်လမ်းကို တည်ဆောက်သွားကြရန် လိုကြောင်း၊ မိမိအဆင့်နှင့် မလျော်ညီသည့် နေထိုင်ပြောဆိုမှု၊ ဝတ်စားဆင်ယင်မှုများကို ရှောင်ကြဉ်ရမည်ဖြစ်ပြီး ပေးအပ်လာသည့် တာဝန်များကို ရိုးသားကြိုးစားစွာ၊ စည်းကမ်းကောင်းမွန်စွာ၊ တပ်မတော်သားပီသစွာဖြင့် ကျေပွန်အောင် ထမ်းဆောင်ခြင်းအားဖြင့် တပ်မတော်၏ဂုဏ်ကို မြှင့်တင်ရမည်ဖြစ်ကြောင်း၊ နိုင်ငံရှိအမျိုးသမီးဦးရေ ၅၂ ရာခိုင်နှုန်းအနက် နိုင်ငံတော်ကာကွယ်ရေးတာဝန်များကို ထမ်းဆောင်မည်ဟူသည့် အခြေခံစိတ်ဓာတ်များဖြင့် တပ်မတော်သို့ ဝင်ရောက်အမှုထမ်းခဲ့သည်မှာလည်း ဂုဏ်ယူဖွယ်ရာပင်ဖြစ်ကြောင်း။

တည့်မတ်ထိန်းကြောင်းသွားရမည်

ထို့ပြင် ငယ်စဉ်ကလေးဘဝမှ ယခုအချိန်အထိ ကျွေးမွေးစောင့်ရှောက်ထိန်းသိမ်းပေးခဲ့သည့် မိဘများ၏ကျေးဇူးကို မမေ့ရန်နှင့် အကောင်းဆုံး ကျေးဇူးဆပ်ခြင်းသည် မိဘများ၏စကားကို နားထောင်ခြင်းပင်ဖြစ်ပြီး မိမိကိုယ်ကို ချင့်ချိန်နိုင်စွမ်းဖြင့် မိမိဘဝလမ်းကို တည့်မတ်ထိန်းကျောင်းသွားရမည်ဖြစ်ကြောင်း၊ ထို့ပြင် မိမိကိုယ်ကို လူချွန်လူကောင်းဖြစ်အောင်နေထိုင်ခြင်း၊ မိဘများ၏ လိုအပ်သည်များကို ထောက်ပံ့ပေးအပ်ခြင်း စသည့်စိတ်ပိုင်းဆိုင်ရာ ရုပ်ပိုင်းဆိုင်ရာများဖြင့် တတ်စွမ်းသရွေ့ ကျေးဇူးဆပ်ရမည်ဖြစ်ကြောင်း၊ တက္ကသိုလ်မှ ရရှိလာသည့် လူမှုဆက်ဆံရေးအတွေ့အကြုံများ၊ ဗိုလ်သင်တန်းကျောင်းမှ သင်ကြားလေ့ကျင့်ပေးလိုက်သည့်အခြေခံကောင်းများကို ဆက်လက်ထိန်းသိမ်း၍ မိမိဘဝတိုးတက်အောင်၊ မိမိရည်မှန်းချက်များ မပျောက်ပျက်ရအောင် ဘဝတစ်လျှောက်လုံး ဆက်လက်ကြိုးစားအားထုတ်သွားရမည်ဖြစ်ကြောင်းဖြင့် ဂုဏ်ပြုအမှာစကား ပြောကြားခဲ့ကြောင်း သတင်းရရှိသည်။

သတင်းစဉ်

တပ်မတော်(ကြည်း)ဗိုလ်သင်တန်းကျောင်း(မော်ဘီ) ဘွဲ့ရအမျိုးသမီး ဗိုလ်လောင်းသင်တန်းအမှတ်စဉ်(၈) ပြန်တမ်းဝင်အရာရှိခန့်အပ်

နေပြည်တော် ဒီဇင်ဘာ ၂၂

တပ်မတော်(ကြည်း) ဗိုလ်သင်တန်းကျောင်း(မော်ဘီ) ဘွဲ့ရအမျိုးသမီးဗိုလ်လောင်း သင်တန်းအမှတ်စဉ်(၈) ပြန်တမ်းဝင်အရာရှိခန့်အပ်ခြင်း အခမ်းအနားကို ယနေ့ နံနက်ပိုင်းတွင် တပ်မတော်(ကြည်း) ဗိုလ်သင်တန်းကျောင်း(မော်ဘီ) မြဝတီခန်းမ၌ကျင်းပရာ ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)မှ စစ်ရာထူးခန့်ချုပ် ဒုတိယဗိုလ်ချုပ်ကြီး လင်းအောင်၊ ကာကွယ်ရေးဦးစီးချုပ်ရုံးမှ တပ်မတော်အရာရှိကြီးများ၊ကျောင်းအုပ်ကြီး ဗိုလ်မှူးချုပ် မင်းမင်းစိုးနှင့် ကျောင်းဆင်းဗိုလ်လောင်းများ တက်ရောက်ကြသည်။

အစီအစဉ်အရ ဒုတိယဗိုလ်ချုပ်ကြီး လင်းအောင်၊ တပ်မတော်အရာရှိကြီးများနှင့် ကျောင်းအုပ်ကြီးတို့သည် စင်မြင့်တွင်နေရာယူကြသည်။ ဆက်လက်ပြီး ဒုတိယဗိုလ်ချုပ်ကြီး လင်းအောင်က ကျောင်းဆင်းဗိုလ်လောင်း တစ်ဦးချင်းစီအား ပြန်တမ်းဝင် ခန့်အပ်လွှာများပေးအပ်ပြီးနောက် အမှာစကားပြောကြားကာ အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

ယနေ့ကျင်းပသည့် ပြန်တမ်းဝင် အရာရှိခန့်အပ်ခြင်း အခမ်းအနားတွင် ကျောင်းဆင်းဘွဲ့ရ အမျိုးသမီး ဗိုလ်လောင်းများကို ဒုတိယဗိုလ်အဆင့်ဖြင့် ရာထူးခန့်အပ်ပေးခြင်းဖြစ်သည်။ ဘွဲ့ရ အမျိုးသမီးအရာရှိ ဗိုလ်လောင်းသင်တန်းအား တပ်မတော်အတွက် အရည်အချင်းပြည့်ဝသည့် ဦးစီးအရာရှိများ မွေးထုတ်ပေးရန် ဆိုသည့် ရည်ရွယ်ချက်ဖြင့် တပ်မတော်(ကြည်း) ဗိုလ်သင်တန်းကျောင်း (မော်ဘီ)၌ ၂၀၁၄ ခုနှစ်မှ စတင်ဖွင့်လှစ်သင်ကြားခဲ့ပြီး ယခုအခါ ဘွဲ့ရအမျိုးသမီးဗိုလ်လောင်းအမှတ်စဉ်(၈)အထိ လေ့ကျင့်မွေးထုတ်ပေးနိုင်ခဲ့ပြီဖြစ်ကြောင်းနှင့် သင်တန်းဆင်းအမျိုးသမီးအရာရှိများအနေဖြင့် သက်ဆိုင်ရာ(ကြည်း၊ ရေ၊ လေ) လက်ရုံးတပ်ဖွဲ့များတွင် အသီးသီး တာဝန်ထမ်းဆောင်ကြရမည်ဖြစ်ကြောင်း သတင်းရရှိသည်။ **သတင်းစဉ်**

ကာကွယ်ဆေးထိုးနှံထားသူများတွင် ထိခိုက်မှုနှုန်း နည်းပါး

မိမိတို့နိုင်ငံတွင် အိုမီခရွန် ကိုဗစ်ဗီဇပြောင်း ရောဂါပိုးများ ကူးစက်မှုမရှိသေးသော်လည်း အိမ်နီးချင်းနိုင်ငံအချို့နှင့် ဒေသတွင်း နိုင်ငံအချို့တွင် ကူးစက်မှုများရှိနေသဖြင့် နိုင်ငံအတွင်း ကူးစက်မှုမရှိစေရေး သတိထားဆောင်ရွက်ရမည်ဖြစ်ကြောင်း၊ ကာကွယ်ဆေးထိုးနှံထားသူများတွင် ထိခိုက်မှုနှုန်းနည်းပါးသည်ဟု သိရှိရကြောင်း၊ ရောဂါကူးစက်မှုများပြားလာပါက အဆင်သင့်ကုသနိုင်ရေး ဆေးရုံ၊ ဆေးခန်းများကိုလည်း ကြိုတင်ပြင်ဆင်မှုများ ဆောင်ရွက်ထားပြီးဖြစ်ကြောင်း။

(နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၊ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ၁၃-၁၂-၂၀၂၁ ရက်နေ့တွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအစည်းအဝေး (၁၈/၂၀၂၁)၌ ပြောကြားသည့် အမှာစကားမှ ကောက်နုတ်ချက်)

ပြည်ထောင်စုဝန်ကြီး ဦးမောင်မောင်အုန်းနှင့် ဦးအောင်နိုင်ဦးတို့ တရုတ်နိုင်ငံ သတင်းမီဒီယာများမှ သတင်းထောက်များအား Online မှတစ်ဆင့် တွေ့ဆုံပြီး မေးမြန်းချက်များကို ပြန်လည်ဖြေကြား

ရန်ကုန် ဒီဇင်ဘာ ၂၂

ပြန်ကြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမောင်မောင်အုန်းနှင့် ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွားဆက်သွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးအောင်နိုင်ဦးတို့သည် ယနေ့မွန်းလွဲပိုင်းတွင် တရုတ်ပြည်သူ့သမ္မတနိုင်ငံမှ သတင်းမီဒီယာများဖြစ်သည့် CCTV သတင်းဌာန၊ People's Daily သတင်းဌာန၊ Guanming Daily သတင်းဌာနနှင့် Xinhua News Agency တို့မှ သတင်းထောက်များအား Online မှတစ်ဆင့် လက်ခံတွေ့ဆုံ၍ နိုင်ငံတော်အစိုးရ၏ ကိုဗစ်-၁၉ ကပ်ရောဂါ ကာကွယ်တိုက်ဖျက်ရေး ဆောင်ရွက်ချက်များ၊ နှစ်နိုင်ငံ နယ်စပ်ကုန်သွယ်ရေး တိုးမြှင့်ဆောင်ရွက်လျက်ရှိသည့်အခြေအနေ၊ နိုင်ငံစီးပွားရေး ပြန်လည် ဦးမော့လာစေရေးအတွက် ဆောင်ရွက်လျက်ရှိသည့်အခြေအနေ၊ နှစ်နိုင်ငံ ပူးပေါင်းဆောင်ရွက်ရေးနှင့် စီမံကိန်းများ အကောင်အထည်ဖော်ရေးဆိုင်ရာ ကိစ္စရပ်များနှင့် တည်ငြိမ်ရေးနှင့် လုံခြုံအေးချမ်းရေး အတွက် ဆောင်ရွက်လျက်ရှိသည့်အခြေအနေများနှင့် စပ်လျဉ်းသည့် မေးမြန်းချက်များကို ဖြေကြားကြသည်။

တက္ကသိုလ်များဖွင့်လှစ်နိုင်ရေး

ရှေးဦးစွာ ပြည်ထောင်စုဝန်ကြီး ဦးမောင်မောင်အုန်းက ကိုဗစ်-၁၉ ကပ်ရောဂါသည် ကမ္ဘာအနှံ့တွင် ဖြစ်ပွားလျက်ရှိရာ နိုင်ငံတော်အစိုးရနှင့် ပြည်သူများ၏ ပူးပေါင်းဆောင်ရွက်မှုကြောင့် ကိုဗစ်-၁၉ တတိယလှိုင်းကို အောင်မြင်စွာ ကျော်လွှားနိုင်ခဲ့ပါကြောင်း၊ လက်ရှိကာလတွင် အခြေခံကျောင်းများ ပြန်လည်ဖွင့်လှစ်ခဲ့ပြီး တက္ကသိုလ်များကို လည်း မကြာမီပြန်လည်ဖွင့်လှစ်နိုင်ရေး ဆောင်ရွက်လျက်ရှိပါကြောင်း၊ နိုင်ငံတော်တည်ငြိမ်ရေးနှင့် အေးချမ်းလုံခြုံရေးအတွက် လည်း အဆင့်အလိုက် အကောင်အထည်ဖော် ဆောင်ရွက်ခဲ့ရာ တည်ငြိမ်အေးချမ်းမှုကို လိုလားသည့် ပြည်သူများ၏ ပူးပေါင်းပါဝင်ဆောင်ရွက်မှုကြောင့် တည်ငြိမ်မှု အဆင့်တစ်ခုကို ရရှိလာပြီဖြစ်ပါကြောင်း၊ တည်ငြိမ်အေးချမ်းရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးတို့အတွက် တရုတ်နိုင်ငံအပါအဝင် အိမ်နီးချင်းနိုင်ငံများ၏ ပူးပေါင်းဆောင်ရွက်မှုမှာလည်း အရေးကြီးပါကြောင်း။

မြန်မာနိုင်ငံအစိုးရ အနေဖြင့် မိမိနိုင်ငံ၏ အိမ်နီးချင်း အဓိကကုန်သွယ်မှုမိတ်ဖက် တရုတ်နိုင်ငံနှင့် ဖွံ့ဖြိုးတိုးတက်ရေးနှင့် အခြေခံအဆောက်အဦ စီမံကိန်းများကို စောစီးစွာ ပြန်လည်စတင်နိုင်ရန် ကြိုးပမ်း ဆောင်ရွက်လျက်ရှိပါကြောင်း၊ ယခုကဲ့သို့ ကိုဗစ်-၁၉ ကမ္ဘာ့ကပ်ရောဂါ ဖြစ်ပွားသည့် ကာလအတွင်း မြန်မာနိုင်ငံအတွက် လိုအပ်လျက်ရှိသည့် ကိုဗစ်-၁၉ ကာကွယ်ဆေးများ အများဆုံး ကူညီပံ့ပိုးပေးခဲ့သည့် တရုတ်နိုင်ငံနှင့် ပြည်သူများ အား နိုင်ငံတော်အစိုးရကိုယ်စားများစွာကျေးဇူးတင်ရှိပါကြောင်း ပြောကြားသည်။

ပုံမှန်အခြေအနေ ပြန်ရောက်ရေး

ထို့နောက် ပြည်ထောင်စုဝန်ကြီး ဦးအောင်နိုင်ဦးက တရုတ်နိုင်ငံသည် မြန်မာနိုင်ငံနှင့် နယ်စပ်ကုန်သွယ်ရေးအပါအဝင် ကုန်သွယ်မှုနှင့် စီးပွားရေးပူးပေါင်း ဆောင်ရွက်မှုတွင် အရေးပါသည့် နိုင်ငံတစ်နိုင်ငံဖြစ်ပါကြောင်း၊ လက်ရှိကိုဗစ်-၁၉ အခြေအနေကြောင့် နိုင်ငံတကာတွင် စီးပွားရေးဆိုင်ရာ လုပ်ငန်းများ နှောင့်နှေးလျက်ရှိရာ နှစ်နိုင်ငံ နယ်စပ်ကုန်သွယ်ရေး အပါအဝင် စီးပွားရေးလုပ်ငန်းများ ပုံမှန်အခြေအနေသို့ ပြန်လည်ရောက်ရှိရေး မိမိတို့ကြိုးပမ်း ဆောင်ရွက်လျက် ရှိပါကြောင်း ပြောကြားသည်။

ထို့နောက် သတင်းဌာနများမှ သတင်းထောက်များက သိရှိလိုသည်များကို မေးမြန်းကြရာ ပြည်ထောင်စုဝန်ကြီးများက ရင်းနှီးမှုင့်လင်းစွာ ပြန်လည်ဖြေကြားကြသည်။

တရုတ်ပြည်သူ့သမ္မတနိုင်ငံနှင့် မြန်မာနိုင်ငံအကြား ကိုဗစ်-၁၉ ရောဂါ ကာကွယ်ရေးလုပ်ငန်းများတွင် ပူးပေါင်းဆောင်ရွက်လျက်ရှိရာ Sinopharm ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေး (RTF Bulk)Doses ၁၀ သန်းအား မြန်မာနိုင်ငံတွင် ဝယ်ယူထုတ်လုပ်ရန် သဘောတူစာချုပ် လက်မှတ်ရေးထိုးပွဲအခမ်းအနားကို ယနေ့ ညနေပိုင်းတွင် ရန်ကုန်မြို့ မရမ်းကုန်းမြို့နယ်ရှိ Lotte Hotel ၌ ကျင်းပပြုလုပ်ခဲ့ကြောင်း သိရသည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီး ဦးမောင်မောင်အုန်းသည် မြန်မာ့အသံနှင့် ရုပ်မြင်သံကြား (ရန်ကုန်) ရုံး စတူဒီယို (၂) ၌ ဟားစတိုင်အငြိမ့်အဖွဲ့က လွတ်လပ်ရေးနေ့ ဂုဏ်ပြုအငြိမ့်အစီအစဉ် ရိုက်ကူးနေမှုကိုကြည့်ရှုအားပေးပြီး အနုပညာရှင်များနှင့် ရိုက်ကူးရေးအဖွဲ့ဝင်များအား ရင်းရင်းနှီးနှီး နှုတ်ဆက်၍ ထောက်ပံ့ငွေများ ပေးအပ်သည်။

ထို့နောက် စတူဒီယို(၁)တွင် တူယှဉ်ရွှဲပျော်ဂီတပွဲတော် သီချင်းဆိုပြိုင်ပွဲ၌ ပါဝင်ယှဉ်ပြိုင်မည့် ပြိုင်ပွဲဝင်များ၏ အစီအစဉ်ရိုက်ကူးနေမှုများကို ကြည့်ရှုအားပေးခဲ့သည်။ **သတင်းစဉ်**

လားရှိုးမြို့ရှိ ဘာသာပေါင်းစုံချစ်ကြည်ရေးအဖွဲ့ကို အလှူငွေများ ပေးအပ်လှူဒါန်း

နေပြည်တော် ဒီဇင်ဘာ ၂၂

ရှမ်းပြည်နယ် (မြောက်ပိုင်း) လားရှိုးမြို့ရှိ ဘာသာပေါင်းစုံချစ်ကြည်ရေးအဖွဲ့ကို အလှူငွေများ ပေးအပ်လှူဒါန်းခြင်းကို ယနေ့ မွန်းလွဲပိုင်းတွင် လားရှိုးမြို့ ပြည်နယ် ဒုတိယအထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ ပြုလုပ်ရာ အရှေ့မြောက်တိုင်းစစ်ဌာနချုပ် တိုင်းမှူးဗိုလ်ချုပ် နိုင်နိုင်ဦးနှင့် အဖွဲ့ဝင်များ၊ ဘာသာပေါင်းစုံ ချစ်ကြည်ရေးအဖွဲ့ဝင်များနှင့် ဌာနဆိုင်ရာ တာဝန်ရှိသူများ တက်ရောက်ကြသည်။

ဦးစွာ တိုင်းမှူးက အဖွင့်အမှာစကား ပြောကြားသည်။ ထို့နောက် တိုင်းမှူးနှင့် တာဝန်ရှိသူများက ဘာသာပေါင်းစုံ ချစ်ကြည်ရေးအဖွဲ့များ ဖြစ်သည့် ဗုဒ္ဓဘာသာ၊ ခရစ်ယာန်ဘာသာ၊ အစ္စလာမ်ဘာသာ၊ ဟိန္ဒူဘာသာနှင့် YMBA ဗုဒ္ဓဘာသာကလျာဏ ယုဝအသင်းကြီးတို့မှ ဥက္ကဋ္ဌများနှင့် တာဝန်ရှိသူများကို အလှူငွေများနှင့် လက်ဆောင်ပစ္စည်းများကို လည်းကောင်း၊ ခရစ္စမတ်ပွဲတော် ကျင်းပနိုင်ရေးအတွက် အလှူငွေများကို လည်းကောင်း ပေးအပ်လှူဒါန်းရာ တာဝန်ရှိသူများက လက်ခံရယူခဲ့ကြောင်း သတင်းရရှိသည်။ **သတင်းစဉ်**

❖ **သဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုလုပ်ငန်းများ ဆောင်ရွက်ရာတွင် သဘာဝဘေးအန္တရာယ်များ ဖြစ်လာမှသာ ရင်ဆိုင်တုံ့ပြန်ဖြေရှင်း ဆောင်ရွက်ကြသည်ထက် ဖြစ်ပေါ်လာနိုင်သော သဘာဝဘေးအန္တရာယ်များကို ကြိုတင်မျှော်တွေးမှန်းဆကာ လိုအပ်သည့် ကြိုတင်ကာကွယ်မှုများ၊ ကြိုတင်ပြင်ဆင်မှုများကို ဖြစ်နိုင်သမျှသော နည်းလမ်းများနှင့် စီမံဆောင်ရွက်ကြရမည်**

❍ *ကျောဖုံးမှ*

စီမံခန့်ခွဲမှုကော်မတီ ဒုတိယဥက္ကဋ္ဌများ၊ ကော်မတီဝင် ပြည်ထောင်စုဝန်ကြီးများနှင့် တာဝန်ရှိသူများ တက်ရောက်ကြပြီး နေပြည်တော်ကောင်စီဥက္ကဋ္ဌ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်ဝန်ကြီးချုပ်များ၊ ဒုတိယဝန်ကြီးများ၊ ကာကွယ်ရေးဦးစီးချုပ်ရုံး (ကြည်း၊ ရေ၊ လေ)မှ တပ်မတော်အရာရှိကြီးများနှင့် တာဝန်ရှိသူများက ဗီဒီယိုကွန်ဖရင့်ဖြင့် တက်ရောက်ကြသည်။

ရှေးဦးစွာ နိုင်ငံတော်စီမံအုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ၊ ဒုတိယဝန်ကြီးချုပ်က ယနေ့အစည်းအဝေးတွင် လာနီညာဖြစ်စဉ်၏ နောက်ဆက်တွဲ သဘာဝဘေးအန္တရာယ်ဆိုင်ရာ ကြိုတင်ပြင်ဆင်ဆောင်ရွက်ရမည့်ကိစ္စ၊ နွေရာသီအပူချိန်မြင့်တက်ပြင်းထန်မှုနှင့် မီးဘေးအန္တရာယ် ကြိုတင်ကာကွယ်ရေးကိစ္စ၊ မိုးကြိုကာလလေပြင်းမုန်တိုင်း ကျရောက်နိုင်မှုအပေါ် ကြိုတင်ပြင်ဆင်ဆောင်ရွက်ရမည့်ကိစ္စများနှင့်ပတ်သက်၍ ဒုတိယအကြိမ် ဆွေးနွေးညှိနှိုင်းရန်နှင့် သက်ဆိုင်ရာ လုပ်ငန်းကဏ္ဍများအလိုက် ဝန်ကြီးဌာနများ၊ တိုင်းဒေသကြီးနှင့်ပြည်နယ် အစိုးရအဖွဲ့များအကြား ညှိနှိုင်းပူးပေါင်းဆောင်ရွက်ရမည့် လုပ်ငန်းများကို ဆွေးနွေးကြရန်ဖြစ်ကြောင်း။

ယနေ့ကာလတွင် ကမ္ဘာ့ရာသီဥတု ဖောက်ပြန်ပြောင်းလဲလာမှုများနှင့်အတူ သဘာဝဘေးအန္တရာယ်ဖြစ်ပွားမှု ပိုမိုများပြားလာခြင်း၊ ပိုမိုအင်အားပြင်းထန်လာခြင်းတို့သည် ထူးခြားဖြစ်စဉ်များ မဟုတ်တော့ဘဲ ကမ္ဘာပေါ်တွင် ပုံမှန်ဖြစ်ပေါ်ခံစားလာရသည့် သဘာဝဘေးအန္တရာယ်များ ဖြစ်လာနေသည်ကို မြင်တွေ့သိရှိရကြောင်း။

နည်းလမ်းများ ရှာဖွေအသုံးပြု

ထို့ကြောင့် သဘာဝဘေးစီမံခန့်ခွဲမှုများ ဆောင်ရွက်ရာတွင် ဘေးအန္တရာယ်များ၏ ပြုပြင်ပြောင်းလဲလာသော သဘောသဘာဝများ၊ ပြင်းထန်အား၊ ဖျက်ဆီးအားများကို မျက်ခြည်မပြတ်လေ့လာပြီး သဘာဝဘေးကြောင့် ထိခိုက်မှုအနည်းဆုံးဖြစ်စေမည့် နည်းလမ်းများကို ရှာဖွေအသုံးပြု ဆောင်ရွက်နေကြရမည်ဖြစ်ကြောင်း၊ သဘာဝဘေးအန္တရာယ်များနှင့် ပတ်သက်လျှင် အစဉ်အမြဲ နိုးနိုးကြားကြားရှိနေရန်၊ ရင်ဆိုင်တုံ့ပြန်နိုင်ရေး အဆင်သင့်ဖြစ်နေရန်၊ အရေးပေါ်တုံ့ပြန်မှုလုပ်ငန်းများနှင့် ရေရှည်ကြိုတင်ကာကွယ်ရေးလုပ်ငန်းများတွင် ရင်းနှီးဆောင်ရွက်ရန် လိုအပ်ကြောင်း။

မိမိတို့နိုင်ငံ၏ ရာသီဥတုအခြေအနေ၊ ပထဝီဝင်အနေအထားနှင့် ယခင်က ရင်ဆိုင်ကြုံတွေ့ခဲ့ရသည့် အတွေ့အကြုံများအရ တစ်နိုင်ငံလုံး ဖြစ်ပွားနိုင်သည့် သဘာဝဘေးအန္တရာယ်များနှင့် နေရာဒေသပေါ်မူတည်၍ ဖြစ်ပေါ်နိုင်သည့် ဘေးအန္တရာယ်များ၊ ရာသီကာလအလိုက် ဖြစ်တတ်သော ဘေးအန္တရာယ်များ၊ အချိန်အခါမရွေး၊ နေရာဒေသမရွေး ဖြစ်ပေါ်လာနိုင်သော သဘာဝဘေးအန္တရာယ်များကို ခွဲခြားသိရှိနိုင်ရန် ဒေသအလိုက် မည်သည့်အချိန်တွင် မည်သို့သော သဘာဝဘေးအန္တရာယ်များ ဖြစ်ပေါ်လာနိုင်သည် ဆိုသည်ကို ကြိုတင်မှန်းဆပြီး ကြိုတင်ပြင်ဆင်မှုများနှင့် ကြိုတင်ကာကွယ်မှုများ ဆောင်ရွက်ရမည် ဖြစ်သကဲ့သို့ တုံ့ပြန်ဆောင်ရွက်မှုများအတွက် အမြဲအဆင်သင့် ဖြစ်နေစေရေး ဆောင်ရွက်ထားကြရမည် ဖြစ်ကြောင်း။

လာနီညာအဆင့်သို့ ရောက်ရှိနိုင်

ရာသီကာလအလိုက် ဖြစ်ပွားလေ့ရှိသည့် သဘာဝဘေးအန္တရာယ်များနှင့် ပတ်သက်၍ အနီးစပ်ဆုံးဖြစ်သည့် ယခုကာလကို ကြည့်မည်ဆိုလျှင် ဆောင်းရာသီဖြစ်သည့်အတွက် သဘာဝဘေးဖြစ်ပွားမှု နည်းပါးနိုင်သည့် ရာသီကာလဖြစ်သော်လည်း နိုဝင်ဘာ ၂၀ ရက်က မိုးလေဝသနှင့် ဇလဗေဒ ညွှန်ကြားမှုဦးစီးဌာနမှ လာနီညာအခြေအနေ သတင်းထုတ်ပြန်ချက်များ တွေ့ရှိရမှုနှင့် နိုင်ငံတကာ မိုးလေဝသဌာနများ၏ ခန့်မှန်းချက်များအရ ဒီဇင်ဘာလတွင် အားအနည်းငယ်မှ အားအသင့်အတင့် ရှိသော လာနီညာအဆင့်သို့ ရောက်ရှိနိုင်ကြောင်း၊ လာနီညာဖြစ်စဉ်သည် ပစိဖိတ်သမုဒ္ဒရာတွင် ဖြစ်ပေါ်သည့် ဖြစ်စဉ်ဖြစ်သော်လည်း အကျိုးသက်ရောက်မှုအနေဖြင့် ဆောင်းရာသီကာလအတွင်း ဘင်္ဂလားပင်လယ်အော်တွင် မုန်တိုင်းများ ပိုမိုဖြစ်ပေါ်နိုင်ခြင်း၊ အရှေ့မြောက်မုတ်သုံလေ အားကောင်းမှုကြောင့် မြန်မာနိုင်ငံတွင် ညအပူချိန်များ လျော့နည်းခြင်း၊ အအေးပိုခြင်း၊ အရှေ့ဘက်မှ လေပွေလှိုင်းများ တိုက်ခတ်ခြင်း၊ အချိန်အခါမဟုတ် မိုးရွာသွန်းမှု ဖြစ်စဉ်များ ပိုမိုဖြစ်ပေါ်လာခြင်းစသည့် ရာသီဥတု ဖြစ်စဉ်များ ဖြစ်ပေါ်နိုင်ကြောင်း ထုတ်ပြန်ထားသည်ကို တွေ့ရှိရကြောင်း။

ထို့ကြောင့် ယခုကာလသည် သာမန်အားဖြင့် သဘာဝဘေးဖြစ်ပွားနိုင်မှု နည်းပါးနိုင်သည်ဆိုသော်လည်း လာနီညာဖြစ်ပေါ်နိုင်သော အခြေအနေပေါ်မူတည်၍ မထင်မှတ်ထားသည့် ဘေးအန္တရာယ်များလည်း ဖြစ်ပေါ်နိုင်သည့်အတွက် လာနီညာဖြစ်ပေါ်နိုင်သည့် အနေအထားနှင့် ဆက်စပ်ဖြစ်ပေါ်လာနိုင်သော သဘာဝဘေးအန္တရာယ်များနှင့် ပတ်သက်၍ စဉ်ဆက်မပြတ် လေ့လာဆန်းစစ်ရန်၊ ကြိုတင်ခန့်မှန်းချက်များ၊ သတိပေးချက်များ ကြိုတင်ထုတ်ပြန်ဆောင်ရွက်ကြရန် ပြောကြားလိုကြောင်း။

ပူးပေါင်းညှိနှိုင်းဆောင်ရွက်

အလားတူ ဆောင်းရာသီကာလသည် အပူချိန်လျော့နည်းသော်လည်း ခြောက်သွေ့သော အနေအထားမျိုးဖြစ်သည့်အတွက် မီးဘေးအန္တရာယ်ကိုလည်း သတိပြုရမည့်ကာလဖြစ်ကြောင်း၊ နွေရာသီနှင့်လည်း ဆက်စပ်သွားမည် ဖြစ်သည့်အတွက် ယခုအချိန်ကာလတွင် မီးဘေးအန္တရာယ်အတွက် ကြိုတင်ပြင်ဆင်မှုများကို ပိုမိုတိုးမြှင့်ဆောင်ရွက်ရမည်ဖြစ်ကြောင်း၊ မီးဘေးအန္တရာယ်သည် အိုးအိမ်၊ ပစ္စည်းဥစ္စာဆုံးရှုံးမှု ကြီးမားသည့် ဘေးအန္တရာယ်တစ်ခုဖြစ်ပြီး ပြည်သူလူထုအတွက် ဆုံးရှုံးနစ်နာမှု ပိုမိုများပြားသည်ကို တွေ့ရမည်ဖြစ်ကြောင်း၊ ထို့ကြောင့် မီးဘေးအန္တရာယ်နှင့် ပတ်သက်ပြီး ပြည်သူလူထုအသိပညာပေးမှုများ၊ ရပ်ရွာအတွင်း မီးဘေးကြိုတင်ကာကွယ်ရေး ဆောင်ရွက်မှုများ တိုးမြှင့်ဆောင်ရွက်ရန် မီးငြိမ်းသတ်ရေး ကြိုတင်စုဖွဲ့ပြင်ဆင်မှုများ၊ ပစ္စည်းကိရိယာ၊ ယာဉ်ယန္တရားစသည် လိုအပ်ချက်များကို သက်ဆိုင်ရာ ပြည်နယ်နှင့် တိုင်းဒေသကြီးများ၏ ဆက်စပ်သည့်ဌာန၊ အဖွဲ့အစည်းများ ပူးပေါင်းညှိနှိုင်း ဆောင်ရွက်ထားကြရမည်ဖြစ်ကြောင်း။

သက်ရောက်မှုပိုမိုများပြား

နွေအကုန်နှင့် မိုးဦးရာသီကာလများတွင် လေပြင်းတိုက်ခတ်မှုများ၊ ပုံမှန်ဖြစ်ပေါ်နေပြီး ရံဖန်ရံခါတွင် လေပြင်းတိုက်ခြင်း၊ မိုးသည်းထန်ခြင်းနှင့် အတူ မိုးသီးကြွေမှုများ ဖြစ်ပွားလေ့ရှိသည်ကို တွေ့ရမည်ဖြစ်ကြောင်း၊ နှစ်စဉ်လေပြင်းဘေးကြောင့် အိုးအိမ်ပျက်စီးမှုများ အများဆုံးဖြစ်ကာ ပြည်သူလူထုအပေါ် တိုက်ရိုက်ထိခိုက်ပြီး အထူးသဖြင့် နွမ်းပါးသည့် မိသားစုများအပေါ် သက်ရောက်မှု ပိုမိုများပြားသည်ကို တွေ့ရမည်ဖြစ်ကြောင်း၊ ထို့ကြောင့် လေပြင်းဘေးအန္တရာယ်နှင့် ပတ်သက်၍လည်း ကြိုတင်ကာကွယ်မှု၊ ကြိုတင်ပြင်ဆင်မှုများကို အလေးထားဆောင်ရွက်ရန် လိုအပ်ကြောင်း။

အနှစ်ချုပ်ရမည်ဆိုလျှင် ယခုဆောင်းရာသီကာလ၊ နွေရာသီကာလနှင့် မိုးဦးရာသီများတွင် သာမန်အားဖြင့် ဖြစ်ပေါ်တတ်သည့် အအေးလွန်ကဲသော အန္တရာယ်၊ မီးဘေးအန္တရာယ်၊ လေပြင်းဘေးအန္တရာယ်များနှင့် ပတ်သက်၍ သက်ဆိုင်ရာ ကဏ္ဍအလိုက်၊ တိုင်းဒေသကြီးနှင့် ပြည်နယ်အလိုက် ကြိုတင်ပြင်ဆင်စီမံဆောင်ရွက်ရန်လိုကြောင်း၊ ထို့ပြင် ရာသီဥတုဖောက်ပြန်ပြောင်းလဲမှုများကြောင့် မထင်မှတ်ဘဲ ဖြစ်ပေါ်လာနိုင်သည့် သဘာဝဘေးအန္တရာယ်များကိုလည်း မျက်ခြည်မပြတ် ဆန်းစစ်လေ့လာပြင်ဆင်ရန်လိုကြောင်း၊ ကြိုတင်ခန့်မှန်းသိရှိနိုင်ခြင်းမရှိဘဲ အချိန်တိုင်း၊ နေရာတိုင်းတွင် ဖြစ်ပေါ်နိုင်သော ငလျင်ဘေးအန္တရာယ်ကို ရင်ဆိုင်တုံ့ပြန်နိုင်ရန်အတွက်လည်း အမြဲအဆင်သင့်ဖြစ်နေရန်လိုကြောင်း၊ တာဝန်ရှိသူ အားလုံးအနေဖြင့် အချိန်တိုင်း သတိ၊ အသိ၊ နိုးကြားမှုနှင့် လှုပ်ရှားဆောင်ရွက်မှုများရှိနေရန် လိုကြောင်း၊ သက်ဆိုင်ရာ ဝန်ကြီးဌာနများ၊ နေပြည်တော်ကောင်စီ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်အစိုးရအဖွဲ့များအနေဖြင့် မိမိတို့၏ လုပ်ငန်းတာဝန်များကို တစ်ဦးချင်း ဆောင်ရွက်ရမည့် လုပ်ငန်းအဖွဲ့အစည်းနှင့် ဆောင်ရွက်ရမည့် လုပ်ငန်းများနှင့် ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ရမည့် ကိစ္စရပ်များကို နှောင့်နှေးကြန့်ကြာမှုများ မရှိစေဘဲ တက်ညီလက်ညီ ပူးပေါင်းညှိနှိုင်းဆောင်ရွက်ကြရန် ပြောကြားလိုကြောင်း။

ပြည်သူတစ်ရပ်လုံး ပူးပေါင်းပါဝင်

ထို့ပြင် သဘာဝဘေးလျော့နည်းရေးလုပ်ငန်းများကို ပြည်သူလူထုမှအစ အားလုံးနှင့် သက်ဆိုင်သည့် လုပ်ငန်းတစ်ရပ်ဖြစ်ကြောင်း နားလည်သဘောပေါက်ပြီး လူမှုရေးအဖွဲ့အစည်းများ၊ ပညာရပ်ပိုင်းဆိုင်ရာ အဖွဲ့အစည်းများ၊ စီးပွားရေးလုပ်ငန်းရှင်များအပါအဝင် ပြည်သူတစ်ရပ်လုံး ပူးပေါင်းပါဝင်လာစေရန်လည်း စည်းရုံးဆောင်ရွက်ကြရမည် ဖြစ်ကြောင်း။

မိမိတို့တွင် ယခင်အတွေ့အကြုံများစွာ ရှိပြီးဖြစ်၍ အားနည်းချက်များ၊ လိုအပ်ချက်များကို ပြန်လည်သုံးသပ်ပြီး မိမိတို့ဆောင်ရွက်ချက်များသည် သဘာဝဘေးကြောင့် ထိခိုက်ဆုံးရှုံးမှုများ အနည်းဆုံးဖြစ်စေရေး အလေးထားကာ အားလုံးပူးပေါင်းအကောင်အထည်ဖော် ဆောင်ကြရမည်ဖြစ်ကြောင်း။

သဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုလုပ်ငန်းများ ဆောင်ရွက်ရာတွင် သဘာဝဘေးအန္တရာယ်များ ဖြစ်လာမှသာ ရင်ဆိုင်တုံ့ပြန်ဖြေရှင်း ဆောင်ရွက်ကြသည်ထက် ဖြစ်ပေါ်လာနိုင်သော သဘာဝဘေးအန္တရာယ်များကို ကြိုတင်မျှော်တွေးမှန်းဆကာ လိုအပ်သည့် ကြိုတင်ကာကွယ်မှုများ၊ ကြိုတင်ပြင်ဆင်မှုများကို ဖြစ်နိုင်သမျှသော နည်းလမ်းများနှင့် စီမံဆောင်ရွက်ကြရမည်ဖြစ်ကြောင်း။

မျက်ခြည်မပြတ်လေ့လာ

မိမိတို့အနေဖြင့် သဘာဝဘေးအန္တရာယ်များနှင့် ပတ်သက်၍ ယခုထက် ပိုမိုအလေးထား ဆောင်ရွက်သွားရန် လိုအပ်ပြီး နိုင်ငံတကာနှင့်လည်း စဉ်ဆက်မပြတ် ချိတ်ဆက်ဆောင်ရွက်ရန်၊ မူဘောင်များ၊ သဘောတူညီချက်များကိုလည်း လိုက်နာဆောင်ရွက်ရန်၊ နည်းပညာများကိုလည်း မျက်ခြည်မပြတ် လေ့လာအသုံးပြု ဆောင်ရွက်ကြရန် ပြောကြားလိုကြောင်း။

နိဂုံးချုပ်အနေဖြင့် ဝန်ကြီးဌာနများအနေဖြင့် မိမိတို့၏ မူလလုပ်ငန်းတာဝန်များကို သဘာဝဘေးစီမံခန့်ခွဲမှုလုပ်ငန်းများနှင့် ချိတ်ဆက်၍ ကဏ္ဍအလိုက် ပါဝင်ဆောင်ရွက်ကြရန်၊ နေပြည်တော်ကောင်စီ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်များအနေဖြင့်လည်း မိမိတို့ဒေသ သဘာဝဘေးအန္တရာယ်များနှင့် ပတ်သက်၍ လုံခြုံမှုရှိစေရေးနှင့် သဘာဝဘေးရင်ဆိုင်တုံ့ပြန်နိုင်စွမ်းမြင့်မားသည့် ရပ်ရွာအသိုက်အဝန်းဖြစ်စေရေး စီမံဆောင်ရွက်ကြရန် တိုက်တွန်းပြောကြားလိုကြောင်း၊ ဆောင်ရွက်သွားမည့် အစီအမံများ၊ ဆောင်ရွက်လိုသည့်လုပ်ငန်းများ၊ ဆောင်ရွက်သင့်သည့် အကြံပြုချက်များနှင့် အခြားပေါင်းစပ်ညှိနှိုင်းဖြည့်ဆည်း ဆောင်ရွက်ပေးရမည့် လိုအပ်ချက်များကို ဆွေးနွေးကြစေလိုကြောင်း ပြောကြားသည်။

ထို့နောက် အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုကော်မတီ ဒုတိယဥက္ကဋ္ဌများဖြစ်သော ပြည်ထဲရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီး စိုးထွဋ်က အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုလုပ်ငန်းကော်မတီများ၏ လုပ်ငန်းဆောင်ရွက်နေမှုများကိုလည်းကောင်း၊ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာသက်သက်ခိုင်က အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုများနှင့် စပ်လျဉ်း၍ လည်းကောင်း ရှင်းလင်းတင်ပြကြသည်။

ယင်းနောက် အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုကော်မတီ အတွင်းရေးမှူး လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန၊ ဒုတိယဝန်ကြီး ဦးအောင်ထွန်းခိုင်က

စာမျက်နှာ ၁၀ သို့

"သဘာဝဘေးစီမံခန့်ခွဲမှုများ ဆောင်ရွက်ရာတွင် ဘေးအန္တရာယ်များ၏ ပြုပြင်ပြောင်းလဲလာသော သဘောသဘာဝများ၊ ပြင်းထန်အား၊ ဖျက်ဆီးအားများကို မျက်ခြည်မပြတ်လေ့လာပြီး သဘာဝဘေးကြောင့် ထိခိုက်မှုအနည်းဆုံးဖြစ်စေမည့် နည်းလမ်းများကို ရှာဖွေအသုံးပြုဆောင်ရွက်နေကြရမည်၊ သဘာဝဘေးအန္တရာယ်များနှင့်ပတ်သက်လျှင် အစဉ်အမြဲ နိုးနိုးကြားကြားရှိနေရန်၊ ရင်ဆိုင်တုံ့ပြန်နိုင်ရေးအဆင်သင့်ဖြစ်နေရန်၊ အရေးပေါ်တုံ့ပြန်မှုလုပ်ငန်းများနှင့် ရေရှည်ကြိုတင်ကာကွယ်ရေးလုပ်ငန်းများတွင် ရင်းနှီးဆောင်ရွက်ရန် လိုအပ်"

(၇၄) နှစ်မြောက် လွတ်လပ်ရေးနေ့ အကြိုဂုဏ်ပြုဆောင်းပါး

လွတ်လပ်ရေးအနှစ်သာရ တန်းတူခံစား လွတ်လပ်ရေးကို စောင့်ရှောက်ကာကွယ်

ဦးမ်းချမ်းမောင်

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၏ သမိုင်းဝင်နေ့ထူးကြီးများအနက် "လွတ်လပ်ရေးနေ့" သည် အထူးမြတ်ဆုံးနေ့တစ်နေ့ဖြစ်ပါသည်။

- နယ်ချဲ့ကိုလိုနီအုပ်ချုပ်ခံဘဝမှ လွတ်မြောက်ခဲ့သည့်နေ့၊
- ကမ္ဘာတွင် အချုပ်အခြာအာဏာပိုင်ဆိုင်သော နိုင်ငံအဖြစ် စတင်ရပ်တည်ခဲ့သည့်နေ့၊
- နှစ်ပေါင်းတစ်ရာကျော် ဖိနှိပ်ခံဘဝကျရောက်ခဲ့ရာမှ ပထမဆုံးစတင် လွတ်မြောက်သောနေ့။

ယင်းအကြောင်းသုံးချက်ကြောင့် နိုင်ငံတော်က အသိအမှတ်ပြုထားသည့် အခြားသောနိုင်ငံရေး၊ လူမှုရေး နေ့ကြီးရက်ကြီးများထက် သမိုင်းဝင်၊ သမိုင်းတွင်သည့် ပိုမိုထူးမြတ်သည့် နေ့ကြီးရက်ကြီးဖြစ်ပါသည်။ နှစ်ပေါင်းတစ်ရာကျော် တိုင်းတစ်ပါးကျွန်ဘဝ ကျရောက်ခဲ့ရသော မြန်မာနိုင်ငံအား ၁၉၄၈ ခုနှစ် ဧန်နဝါရီလ ၄ ရက်နေ့တွင် အချုပ်အခြာအာဏာပိုင် လွတ်လပ်သောနိုင်ငံအဖြစ်ကြေညာခဲ့၍ ထိုနေ့ထိုရက်ကို "လွတ်လပ်ရေးနေ့" ဟူ၍ ဂုဏ်ပြုခဲ့သည်။



၁၉၄၈ ခုနှစ် ဧန်နဝါရီလ ၄ ရက်က ရန်ကုန်မြို့ အလုံလမ်းရှိ ဗြိတိသျှဘုရင်ခံအိမ်တော်(အစိုးရအိမ်တော်) တွင် ယူနီယံဂျက်အလံကို မြေသို့ချပြီး မြန်မာနိုင်ငံတော်အလံကို လွှင့်တင်စဉ်။

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၏ သမိုင်းဝင်နေ့ထူးကြီးများအနက် "လွတ်လပ်ရေးနေ့" သည် အထူးမြတ်ဆုံးနေ့တစ်နေ့ဖြစ်ပါသည်။ ဤအဖြစ်ဆိုး၊ ကြမ္မာဆိုးကြီးသည် ထိုစဉ်ကကျွန်ုပ်တို့ တိုင်းရင်းသားပြည်သူအားလုံးအတွက် အခါးသီးဆုံးသော ဆိုးမွေများဖြစ်သည်။

မြန်မာနိုင်ငံသားတို့သည် အားမတန်၍ မာန်လျှော့ခဲ့ရသော်လည်း ဒူးမထောက်၊ လက်မမြှောက်ခေါင်းငုံ့မခံခဲ့ကြပါပေ။ ကချင်၊ ကယား၊ ကရင်၊ ချင်း၊ ဗမာ၊ မွန်၊ ရခိုင်၊ ရှမ်း စသည့်တိုင်းရင်းသားမျိုးချစ် ပုဂ္ဂိုလ်အပေါင်းတို့သည် တောင်ပေါ်မြေပြန့်နေရာအနှံ့တွင် သူ့ကျွန်မခံ၊ အလံမလဲ့စတမ်းရရာလက်နက်ကိုင်စွဲ၍ တိုက်ပွဲအလီလီဆင်နွှဲခဲ့ကြသည်။ ၁၈၈၅ ခုနှစ်မှ ၁၈၉၀ ပြည့်နှစ်အထိ မြန်မာမျိုးချစ်သူရဲကောင်းများ၏ လက်နက်ကိုင်တိုက်ပွဲများသည် နိုင်ငံတစ်ဝန်း ဒေသအနှံ့တွင် သောသောညံခဲ့သည်။ သို့သော် အားမတန်၍ မာန်လျှော့ရပြန်သည်။

နယ်ချဲ့ဆန့်ကျင်ရေး

၁၉၀၆ ခုနှစ်တွင် ဗုဒ္ဓဘာသာ ကလျာဏယုဝ (ဝိုင်အမ်ဘီအေ) အသင်းကြီး စတင်ထူထောင်လိုက်ခြင်းသည် တိမ်မြေပ်နေသောမျိုးချစ်စိတ် ပြန်လည်နိုးထလာသည်။ မြန်မာအသင်းများ၏ မြန်မာ့အသင်းချုပ်ကြီး (ဂျီစီဘီအေ) ကို ဖွဲ့စည်းကာ အမျိုးသားနိုင်ငံရေးစိတ်ဓာတ်များ၊ တိုင်းရင်းသားပြည်သူတို့၏ ဝံသာနုစိတ်ဓာတ်များဖြင့် စည်းရုံးလှုပ်ရှားကာ နယ်ချဲ့တို့ကို အဘက်ဘက်မှ ထိုးနှက်ခဲ့ကြသည်။ ၁၉၂၀ ပြည့်နှစ်တွင် ပထမအကြိမ် ကျောင်းသားသပိတ်ကြီး၊ ၁၉၃၀ ပြည့်နှစ်တွင် တောင်သူလယ်သမားတော်လှန်ရေးကြီး၊ ၁၉၃၆ ခုနှစ်တွင် ဒုတိယအကြိမ် ကျောင်းသားသပိတ်ကြီး၊ ၁၉၃၈ ခုနှစ်တွင် ၁၃၀၀ ပြည့် ရေနံမြေအရေးတော်ပုံကြီး စသည်တို့သည် တောင်သူလယ်သမား၊ အလုပ်သမား၊ ကျောင်းသားထုလူတန်းစားများနှင့် မြန်မာတိုင်းရင်းသားမျိုးချစ်လူငယ်အလွှာမျိုးစုံတို့ အဆင့်ဆင့်လှုပ်ရှားတော်လှန်ခဲ့ကြသော နယ်ချဲ့ဆန့်ကျင်ရေး သမိုင်းဝင်လှုပ်ရှားမှုများဖြစ်သည်။

ထို့နောက် ဘီအိုင်အေ - ဗမာ့လွတ်လပ်ရေးတပ်မတော်၊ ဘီဒီအေ - ဗမာ့ကာကွယ်ရေးတပ်မတော်၊ ပီဘီအက်ဖ် - မျိုးချစ်ဗမာ့တပ်မတော်တို့ကို ဗိုလ်ချုပ်အောင်ဆန်း ဦးစီးဖွဲ့စည်းတည်ထောင်ကာ ဗြိတိသျှနယ်ချဲ့တို့ကို တွန်းလှန်တိုက်ထုတ်ခဲ့သည်။ ထို့နောက် ဖက်ဆစ်တို့အား ရဟန်းရှင်လူပြည်သူများနှင့်အတူ လက်တွဲတွန်းလှန်ခဲ့ကြသည်။ ဗိုလ်ချုပ်အောင်ဆန်း ဦးဆောင်သော ဖဆပလအဖွဲ့ချုပ်ကြီးသည် ဒုတိယကမ္ဘာစစ်ကြီးအပြီးတွင် တိုင်းရင်းသားပြည်သူများအား စည်းရုံးလှုပ်ရှားကာ တိုင်းရင်းသားစည်းလုံးညီညွတ်ရေးကို ခိုင်မာစွာသက်သေထူခဲ့သည့် ပင်လုံစာချုပ်ကြီးကို အောင်မြင်စွာချုပ်ဆိုနိုင်ခဲ့သည်။

လွတ်လပ်ရေးကိုရယူခဲ့

ထိုသို့ တိုင်းရင်းသားပြည်သူအပေါင်းတို့၏ စည်းလုံးညီညွတ်သော စွမ်းပကားများဖြင့် ၁၉၄၈ ခုနှစ် ဧန်နဝါရီလ ၄ ရက်နေ့တွင် သမိုင်းတွင် သမိုင်းဝင်သည့် အချုပ်အခြာအာဏာပိုင်ဆိုင်သည့် လွတ်လပ်သောနိုင်ငံကို လက်ဝယ်ပိုင်ပိုင်နိုင်နိုင် ပြန်လည်ရယူနိုင်ခဲ့သည်။ မြန်မာနိုင်ငံလွတ်လပ်ရေးရရှိရေးအတွက် ခေတ်အဆက်ဆက်မှ တိုင်းရင်းသားပြည်သူအပေါင်းတို့သည် အမျိုးဂုဏ် ဇာတိဂုဏ် မပျောက်ပျက်စေရန် မျိုးချစ်စိတ်ဓာတ်ရှိသူများ၊ နိုင်ငံချစ်စိတ်ဓာတ်ရှိသူများက တိုင်းရင်းသားပြည်သူများနှင့်လက်တွဲ၍ လွတ်လပ်ရေးကို မရအရ ရယူပေးခဲ့သည်။ ဗိုလ်ချုပ်အောင်ဆန်းနှင့် ရဲဘော်သုံးကျိပ်တို့က ဂျပန်နိုင်ငံတွင် စစ်ပညာကို အပင်ပန်းအဆင်းရဲခံသင်ယူပြီး ကျူးကျော်သူနယ်ချဲ့တို့ကို တွန်းလှန်းကာ လွတ်လပ်ရေးကို ရယူခဲ့ကြသည်။

လွတ်လပ်ရေးသည် ပြီးဆုံးသွားသောကိစ္စ မဟုတ်ပေ။ ရရှိပြီးသော လွတ်လပ်ရေးကို ဆက်လက် ထိန်းသိမ်းစောင့်ရှောက်ကြရသည့် တာဝန်များရှိသည်။ မြန်မာနိုင်ငံ လွတ်လပ်ရေးရရှိသောအခါ အရင်းရှင်ပါလီမန်ဒီမိုကရေစီစနစ်နှင့်အတူ အာဏာရနိုင်ငံရေးပါတီများအတွင်း ဂိုဏ်းဂဏကွဲပြားမှုများ ဖြစ်ပေါ်လာသောကြောင့် တိုင်းရင်းသားစည်းလုံးညီညွတ်ရေး ယိုယွင်းပျက်ပြားလာခဲ့သည်။ ဗိုလ်ချုပ်အောင်ဆန်း တည်ဆောက်ပေးခဲ့သော လွတ်လပ်ရေးရည်မှန်းချက်များ ပျောက်ကွယ်မှေးမှိန်ခြင်းဖြစ်ခဲ့ရုံမက ပြည်ထောင်စုကြီး ပြိုကွဲပျက်စီးမည့်အန္တရာယ် ပေါ်ပေါက်လာသောကြောင့် တပ်မတော်သည် လွတ်လပ်ရေးနှင့် အချုပ်အခြာအာဏာကို ထိန်းသိမ်းကာကွယ် စောင့်ရှောက်ရန်အတွက် နိုင်ငံတော်၏တာဝန်ကို ယူခဲ့ရသည်။

လမ်းကြောင်းမှန်ပေါ်သို့

ထို့နောက် နိုင်ငံတော်ကို ဆိုရှယ်လစ်စီးပွားရေးစနစ်ဖြင့် တည်ဆောက်ခဲ့ရာတွင် တံခါးပိတ်ဝါဒကျင့်သုံးခဲ့သဖြင့် ပြည်တွင်းစီးပွားရေးကျဆင်းကျပ်တည်းလာချိန်တွင် ပြည်တွင်း၊ ပြည်ပ ပယောဂများပူးကပ်မှုကြောင့် ၁၉၈၈ ခုနှစ် တိုင်းဆူပြည်ပျက်အခြေအနေဆိုးများနှင့် ကြုံတွေ့လာခဲ့သည်။ တိုင်းပြည်အခြေအနေ အလွန်ဆိုးရွားလာသောအခါ တိုင်းပြည်အန္တရာယ်မကျရောက်စေရန် တပ်မတော်သည် နိုင်ငံတော်ကို ထိန်းသိမ်းကာကွယ်စောင့်ရှောက်ခဲ့သည်။ ထို့နောက် တပ်မတော်သည် တိုင်းပြည်ကို ပြည်သူများလိုလားသည့် ဒီမိုရေစီလမ်းကြောင်းပေါ်သို့ တင်ပေးခဲ့ပြီး ဒီမိုကရေစီတတိယအကြိမ် သက်တမ်းအရောက်တွင် မဲမသမာမှုများကို ရည်ရွယ်ချက်ရှိရှိ မရိုးမသားပြုလုပ်လာသောကြောင့် ဒီမိုကရေစီလမ်းကြောင်းမှန်ပေါ် ပြန်လည်ရောက်ရှိရေးအတွက် နိုင်ငံ့တာဝန်ကို မလွဲသာမရှောင်သာ ယူခဲ့ရပြန်သည်။

တပ်မတော်သည် နိုင်ငံ့တာဝန်ကို ရယူပြီးနောက် နိုင်ငံတော်နှင့်ပြည်သူတို့ကို ခြိမ်းခြောက်နှောင့်ယှက် အန္တရာယ်ပေးလာသော ဆူပူလှုပ်ရှားအကြမ်းဖက်တိုက်ခိုက်သတ်ဖြတ်ကြသည့် အကြမ်းဖက်အဖျက်သမားများကို ရှင်းလင်းဖယ်ရှားလျက်ရှိသည်။ လက်ရှိကာလတွင် လူသားများ၏အခြေခံအကျဆုံး အခွင့်အရေးတစ်ရပ်ဖြစ်သော အသက်ရှင်သန်ခွင့်ကို ခြိမ်းခြောက်လျက်ရှိသည့် ကိုဗစ်-၁၉ ကပ်ရောဂါဘေးမှ လျှော့ပါးသက်သာကင်းဝေးစေရေးအတွက် ကြိုးပမ်းဆောင်ရွက်လျက်ရှိသည်။ မြန်မာနိုင်ငံတွင် မည်သူ့ကိုမျှ ခွဲခြားချန်လှပ်ခြင်းမရှိဘဲ ပြည်သူများ တန်းတူညီမျှ ကာကွယ်ဆေးထိုးနှံ့ခွင့်ရရှိရေးအတွက် အဓိကဦးစားပေးအစီအစဉ်တစ်ရပ် ချမှတ်ဆောင်ရွက်လျက်ရှိသည်။ ထို့အပြင် ကိုဗစ်-၁၉ ကပ်ရောဂါကြောင့် ထိခိုက်ခဲ့သည့် ပြည်သူများ၏စားဝတ်နေရေး၊ အလုပ်အကိုင်အခွင့်အလမ်းနှင့် စီးပွားရေးလုပ်ငန်းများ အမြန်ဆုံးကုစားနိုင်ရေးအတွက် ဖြစ်နိုင်သမျှနည်းလမ်းများဖြင့် ဆောင်ရွက်သွားရန် ရှေ့လုပ်ငန်းစဉ်တစ်ရပ် ချမှတ်ဆောင်ရွက်လျက်ရှိသည်။

စာမျက်နှာ ၁၀ သို့

မြန်မာနိုင်ငံ လွတ်လပ်ရေးရရှိရန် တပ်မတော်သည် ပြည်သူများနှင့် တစည်းတလုံးတည်းလက်တွဲပြီး ကြိုးပမ်းခဲ့ကြသည်။ လွတ်လပ်ရေးရရှိပြီးသောအခါ ဖြစ်ပေါ်လာသည့် ပြည်တွင်း/ပြည်ပအန္တရာယ်များကို တွန်းလှန်ဖယ်ရှားရေး၊ ပြည်ထောင်စုကြီး မပြိုကွဲရေး၊ အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေး၊ တိုင်းပြည်ဖွံ့ဖြိုးတိုးတက်ရေး၊ ပြည်သူများ လိုလားသည့် ဒီမိုကရေစီစနစ် လမ်းကြောင်းမှန်စွာ တည့်မတ်ခိုင်မာရေး စသည်တို့ကို ဦးလည်မသုန် ထမ်းရွက်လျက်ရှိသည်

စာမျက်နှာ ၈ မှ

သဘာဝဘေးအန္တရာယ်ဖြစ်ပွားမှုများ၊ ဆက်စပ်အစည်းအဝေးကျင်းပခဲ့မှုများနှင့် အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုကော်မတီအစည်းအဝေး(၁/၂၀၂၁)ဆုံးဖြတ်ချက်များအပေါ် ဆောင်ရွက်ပြီးစီးမှုများကို ရှင်းလင်းတင်ပြသည်။

ထို့နောက် စီမံခန့်ခွဲမှုလုပ်ငန်းကော်မတီ အတွင်းရေးမှူး အမြဲတမ်းအတွင်းဝန် ဒေါက်တာ ကိုကိုနိုင်က အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုရန်ပုံငွေရရှိမှု၊ သုံးစွဲမှုနှင့် လက်ကျန်စာရင်းများကို ရှင်းလင်းတင်ပြ၍ စီမံခန့်ခွဲမှုကော်မတီ၏ အတည်ပြုချက်ကို ရယူသည်။

ယင်းနောက် အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုကော်မတီဝင်များဖြစ်ကြသည့် ပြည်ထောင်စုဝန်ကြီးများ၊ နေပြည်တော်ကောင်စီဥက္ကဋ္ဌတိုင်းဒေသကြီးနှင့် ပြည်နယ်ဝန်ကြီးချုပ်များနှင့် ကာကွယ်ရေးဦးစီးချုပ်ရုံး (ကြည်း၊ ရေ၊ လေ)မှ တပ်မတော်အရာရှိကြီးများက အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံဆောင်ရွက်ထားရှိမှုများနှင့် စပ်လျဉ်း၍ သက်ဆိုင်ရာ ကဏ္ဍာများအလိုက် ရှင်းလင်းတင်ပြကြသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးများဖြစ်ကြသည့် ဒုတိယဗိုလ်ချုပ်ကြီး စိုးထွဋ်၊ ဦးကိုကိုလှိုင်နှင့် ဒေါက်တာသက်သက်ခိုင်တို့က အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုများနှင့်စပ်လျဉ်း၍ ဖြည့်စွက်ဆွေးနွေးကြသည်။

ယင်းနောက် စီမံခန့်ခွဲမှု ကော်မတီအတွင်းရေးမှူး ဒုတိယဝန်ကြီး ဦးအောင်ထွန်းခိုင်က အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုကော်မတီ (၂/၂၀၂၁) အစည်းအဝေး ဆုံးဖြတ်ချက်များကို ရှင်းလင်းတင်ပြ အတည်ပြုချက်ရယူသည်။

ပြန်လည်ဖြေရှင်းပေး

ယင်းနောက် အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌ၊ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ်က ရှင်းလင်းတင်ပြ ဆွေးနွေးချက်များအပေါ် ပြန်လည်ဖြေရှင်းပေးပြီး နိုင်ငံတော်အဆင့် လာနီညာနောက်ဆက်တွဲဖြစ်စဉ်၊ နွေရာသီအပူချိန်မြင့်တက်ပြင်းထန်မှု၊ မီးဘေးအန္တရာယ်နှင့် မိုးကြိုကာလ လေပြင်းမုန်တိုင်းတိုက်ခတ်မှု နောက်ဆက်တွဲဖြစ်စဉ်များအပေါ် သဘာဝဘေးအန္တရာယ် ဆိုင်ရာစီမံချက်ပါအတိုင်း နိုင်ငံတော်အဆင့် Working Group Level မှစ၍ Table Talk Exercise ကို စတင်ဆောင်ရွက်နိုင်ရေး စီမံဆောင်ရွက်ရန်နှင့် Working Group Level Exercise ပြီးပါက ပြည်ထောင်စုဝန်ကြီးများနှင့် တိုင်းဒေသကြီး၊ ပြည်နယ်အစိုးရအဖွဲ့ ဝန်ကြီးချုပ်များ၊ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်း/ဒေသ စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌများ၊ ခရိုင်/မြို့နယ် စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌများ၊ ရပ်ကွက်/ ကျေးရွာ အုပ်ချုပ်ရေးမှူးများ အဆင့်အထိ ဆက်လက်ဆောင်ရွက်ခြင်းဖြင့် ပြည်သူ့တစ်ရပ်လုံးပါဝင်လာသည့် ဒေသအလိုက် သဘာဝဘေးအန္တရာယ်ကာကွယ်ရေးနှင့် ဆုံးရှုံးမှုအနည်းဆုံးဖြစ်စေရေး လေ့ကျင့်ခန်းများပြုလုပ်နိုင်ရေး ရည်ရွယ်ဆောင်ရွက်ကြရန် မှာကြားပြီး အစည်းအဝေးကို ရုပ်သိမ်းခဲ့ကြောင်း သတင်းရရှိသည်။

သတင်းစဉ်

ငါးလုပ်ငန်းဖြင့် နှစ်စဉ်အခွန်ရငွေ ကျပ်ခြောက်ဘီလီယံကျော်ရရှိနေပြီး နိုင်ငံခြားဝင်ငွေ နေ့စဉ်ပျမ်းမျှ အမေရိကန်ဒေါ်လာ နှစ်သန်းကျော်ရရှိ

နေပြည်တော် ဒီဇင်ဘာ ၂၂

ရေလုပ်ငန်းကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ယနေ့နံနက်ပိုင်းက စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးရုံး အစည်းအဝေးခန်းမ၌ ကျင်းပသည်။ **(ယာပုံ)**

အဂတိကင်းစွာဆောင်ရွက်

အစည်းအဝေးတွင် ပြည်ထောင်စုဝန်ကြီး ဦးတင်ထွဋ်ဦးက ရေလုပ်ငန်းဆိုင်ရာ သုတေသနများ ပီပီပြင်ပြင်ဆောင်ရွက်နိုင်ရေး၊ အသုံးချသုတေသနကဏ္ဍတွင် ပုဂ္ဂလိကပိုင်းနှင့် ပူးပေါင်းဆောင်ရွက်ရေး၊ ဒေသရင်းငါးမျိုးစိတ်များ သားဖောက်အသားတိုးမွေးမြူရန် အလားအလာရှိသည့် ရေချို၊ ရေငန်၊ ငါး၊ ပုစွန် မျိုးစိတ်များအား စူးစမ်းလေ့လာခြင်း၊ သုတေသနပြု စမ်းသပ်သားဖောက်မွေးမြူခြင်းများ စဉ်ဆက်မပြတ်လုပ်ဆောင်ရေး၊ အဆင့်မြင့်နည်းပညာ ဖွံ့ဖြိုးရေးအတွက် ငါးလုပ်ငန်းတက္ကသိုလ် ဖွင့်လှစ်နိုင်ရန် ကြိုးပမ်းလျက်ရှိပြီး ရေလုပ်ငန်းကို အခြေခံသည့် အသက်မွေးဝမ်းကျောင်းပညာသင်တန်းများ တိုးချဲ့ဆောင်ရွက်ရန်၊ စွမ်းဆောင်ရည်ပြည့်ဝသော လူသားအရင်းအမြစ် ဖွံ့ဖြိုးရေးအပေါ် အစဉ်တစိုက်ဂရုပြု ဆောင်ရွက်ရန်၊ ရေလုပ်ငန်းဆိုင်ရာ မူဝါဒများ စီမံကိန်းများ ရေးဆွဲဆောင်ရွက်ရန် အရေးပါသည့် စာရင်းဇယားကိန်းဂဏန်းများ တိကျမှန်ကန်ရေးအတွက် လိုအပ်သည့် စာရင်းကောက်ယူပြုစုတည်ဆောက်ရေး လုပ်ငန်းများ ဆောင်ရွက်ရန်၊ အစားအစာဘေးကင်းလုံခြုံမှု စံချိန်စံညွှန်းများဆိုင်ရာ စစ်ဆေးကြပ်မတ်ရာတွင် အဂတိကင်းစွာဖြင့် ပညာရှင်ပီသစွာ ဆောင်ရွက်ရန် လိုအပ်ချက်များကို ဆွေးနွေးမှာကြားသည်။

ဆွေးနွေးမှာကြား

ဆက်လက်၍ ဒုတိယဝန်ကြီး ဒေါက်တာအောင်ကြီးက တိုင်းဒေသကြီး၊ ပြည်နယ် ငါးလုပ်ငန်းဦးစီးဌာနများ၏ ဘဏ္ဍာရေးနှစ်အလိုက် စီမံကိန်းများ၊ လုပ်ငန်းများတွင် ဖြည့်စွက်ဆောင်ရွက်ရမည့်လုပ်ငန်းစဉ်များ၊ ဝန်ထမ်းပြုန်းတီးမှု လျော့နည်းသက်သာရေးနှင့် ဝန်ထမ်းတစ်ဦးချင်း၏ စွမ်းဆောင်ရည် ပြည့်ဝရေးဆိုင်ရာများကို ဆွေးနွေးမှာကြားသည်။

ထို့နောက် ငါးလုပ်ငန်းဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးဝေလင်းမောင်က ဘဏ္ဍာနှစ်အလိုက် ဆောင်ရွက်ပြီး လုပ်ငန်းများနှင့် ဆက်လက်အကောင်အထည်ဖော်မည့် လုပ်ငန်းဆိုင်ရာများကိုလည်းကောင်း၊ တိုင်းဒေသကြီး၊ ပြည်နယ်ဦးစီးမှူးများက ဒေသအလိုက် လုပ်ငန်းများ အကောင်အထည်ဖော် ဆောင်ပြီးစီးမှုနှင့် လုပ်ငန်းသုံးသပ်ချက်များကိုလည်းကောင်း တင်ပြ ဆွေးနွေးကြသည်။

အားပေးကူညီဆောင်ရွက်

စားနပ်ရိက္ခာဖူလုံရေး၊ အစားအစာ ဘေးအန္တရာယ်ကင်းရှင်းရေးနှင့် အာဟာရဖွံ့ဖြိုးရေး၊ ပြည်သူများအလုပ်အကိုင်အခွင့်အလမ်းများ ရရှိရေးအတွက် ရေလုပ်ငန်းကဏ္ဍသည်လည်း အရေးပါသည့် အခန်းကဏ္ဍမှ ပါဝင်နေလျက်ရှိရာ ၂၀၁၉-၂၀၂၀ ဘဏ္ဍာနှစ် စာရင်းများအရ တစ်မျိုးသားလုံး၏ ပြည်တွင်း အသားတင်ထုတ်လုပ်မှုနှင့် ဝန်ဆောင်မှုတန်ဖိုး(GDP) တွင် ငါးကဏ္ဍထုတ်လုပ်မှုအနေဖြင့် (၄ ဒသမ ၇ ရာခိုင်နှုန်း) ပါဝင်နေကြောင်း၊ ၂၀၂၀-၂၀၂၁ ဘဏ္ဍာနှစ် တွင် ငါးလုပ်ငန်းဖြင့် အခွန်ငွေ ကျပ် ခြောက်ဘီလီယံ ရရှိခဲ့ပြီး ပြည်ပတင်ပို့မှုမှ နိုင်ငံခြားဝင်ငွေ အမေရိကန်ဒေါ်လာ ၇၈၆ သန်းကျော် ရရှိခဲ့သည့်အတွက် ငါးလုပ်ငန်းဖြင့် နေ့စဉ်ပျမ်းမျှ နိုင်ငံခြားဝင်ငွေ အမေရိကန်ဒေါ်လာ နှစ်သန်းကျော်ကို ရရှိနေကြောင်း၊ ငါးလုပ်ငန်းဦးစီးဌာန အနေဖြင့် ငါးကဏ္ဍတစ်ရပ်လုံး ရေရှည်တည်တံ့ ဖွံ့ဖြိုးတိုးတက်စေရေး၊ ငါးရိက္ခာများကို သားစဉ်မြေးဆက် ထုတ်ယူသုံးစွဲနိုင်ရေးတို့အတွက် သက်ဆိုင်ရာလုပ်ငန်းရပ်များအလိုက် ဥပဒေများပြဋ္ဌာန်း၍ စီမံခန့်ခွဲခြင်း၊ ထိန်းသိမ်းစောင့်ရှောက်ခြင်း၊ အပြည်ပြည်ဆိုင်ရာနှင့် အာဆီယံဒေသတွင်းမှ ငါးလုပ်ငန်းဆိုင်ရာ သဘောတူညီမှုများ၊ လုပ်ငန်းလမ်းညွှန်ချက်များနှင့်အညီ တစ်နိုင်တစ်ပိုင်မှ စီးပွားရေးအရ အမြောက်အမြား ထုတ်လုပ်ခြင်းအထိ ပုဂ္ဂလိကပိုင်းမှ တိုးချဲ့ရင်းနှီးမြှုပ်နှံလုပ်ကိုင်နိုင်ကြစေရန် အားပေးကူညီဆောင်ရွက်ပေးလျက်ရှိကြောင်း၊ သဘာဝရေမြေနှင့် ကိုက်ညီစွာ မွေးမြူနိုင်သော (Genetically Improved Farmed Tilapia– GIFT Tilapia) မျိုးစိတ်များတင်သွင်းပြီး ဌာနစခန်းများတွင် မျိုးပွားဖြန့်ဖြူးပေးခြင်း၊ စီးပွားဖြစ် မွေးမြူရန် အလားအလာရှိသော ဒေသတွင်း ရေချိုငါးမျိုးစိတ်များကို သုတေသနပြု စမ်းသပ်သားဖောက်ခြင်း၊ အမြောက်အမြား မွေးမြူထုတ်လုပ်နိုင်ရေး အလေးထားဆောင်ရွက်ပေးခြင်းကြောင့် ယခုအခါ ဈေးကွက်ဝင် ငါးမျိုးစိတ် ၂၁ မျိုး အောင်မြင်စွာ သားဖောက်ထုတ်လုပ်ပေးနိုင်ခဲ့သဖြင့် အသားတိုးမွေးမြူခြင်းမှ ပြည်တွင်း ငါးစားသုံးမှု ဖူလုံရေးသာမက ပြည်ပပို့ကုန် တိုးမြှင့်ရေးကိုပါ အကျိုးပြုနိုင်ခဲ့ကြောင်း သိရသည်။

သတင်းစဉ်

စာမျက်နှာ ၉ မှ

သာတူညီမျှရရှိခံစားရေး

ပြည်သူများ စီးပွားရေး၊ လူမှုရေး၊ ယဉ်ကျေးမှု အခွင့်အရေးများ အပြည့်အဝခံစားရရှိပြီး ပြည်သူများ၏ လူမှုဘဝမြင့်မားတိုးတက်ရေးနှင့် နိုင်ငံတော်ဘက်စုံဖွံ့ဖြိုးတိုးတက်ရေးအတွက် အဓိကကျသည်မှာ တိုင်းပြည်တည်ငြိမ်အေးချမ်းရေးဖြစ်သည်။ နိုင်ငံအတွင်း ထာဝရငြိမ်းချမ်းရေးအတွက် တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူစာချုပ် (NCA) ပါ သဘောတူညီချက်များကို အလေးထားအကောင်အထည်ဖော်လျက်ရှိသည်။ တိုင်းရင်းသားညီအစ်ကို မောင်နှမများအားလုံး ငြိမ်းချမ်းရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေး အသီးအပွင့်များကို သာတူညီမျှရရှိ ခံစားနိုင်ရေးအတွက် မျှော်မှန်းကြိုးပမ်းလျက်ရှိသည်။

တိုင်းပြည်တွင် ပေါ်ပေါက်လာသော အန္တရာယ်အမျိုးမျိုးကြောင့် ပြည်ထောင်စုမပြိုကွဲရေးနှင့် နိုင်ငံတော်၏အချုပ်အခြာအာဏာ မပျက်စီးရေးကို ကာကွယ်စောင့်ရှောက်ရန်မှာ တပ်မတော်၏တာဝန်ဖြစ်သည်။ ပြည်သူများလိုလားသည့် ဒီမိုကရေစီစနစ်ကို လမ်းကြောင်းမှန်မှန် လျှောက်လှမ်းနိုင်ရေးအတွက် ထိန်းကျောင်းတည့်မတ်ပေးရန်လည်း တာဝန်ရှိသည်။ နိုင်ငံတော်အင်အားရှိမှ၊ တိုင်းရင်းသားပြည်သူအားလုံး စည်းစည်းလုံးလုံး ညီညီညွတ်ညွတ်ရှိမှ၊ စနစ်တကျ ဖွဲ့စည်းထားသော ခေတ်မီတပ်မတော်ရှိမှ လွတ်လပ်ရေးနှင့် အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲမည်ဖြစ်သည်။ တိုင်းပြည်အင်အား တောင့်တင်းမှ နိုင်ငံတော်ကြီး တိုးတက်ဖွံ့ဖြိုးလာမည်ကို ပြည်သူ့အပေါင်းတို့ သိရှိနားလည်ကြရန် လိုအပ်သည်။ ပြည်သူများ စည်းလုံးညီညွတ်မှုရှိပြီး စနစ်တကျ ဖွဲ့စည်းထားသော ခေတ်မီတပ်မတော်ရှိမှသာလျှင် နိုင်ငံတော်အင်အား တောင့်တင်းခိုင်မာမည်။

ကိုယ့်ကြမ္မာ ကိုယ်ဖန်တီး

ပြည်သူ့အချင်းချင်း၊ အဖွဲ့အစည်းအချင်းချင်း၊ ခေါင်းဆောင်အချင်းချင်း ညီညွတ်မှုမရှိဘဲ ပြည်ပအားကိုးပြီး သူတစ်လူငါတစ်မင်း ဖြစ်နေသော ကာလမျိုးတွင် တိုင်းပြည်အင်အားကျဆင်းပြီး နှစ်ပေါင်းထောင်ချီ တည်ထွန်းခဲ့သည့် လွတ်လပ်ရေးဆုံးရှုံးခဲ့သည်။ မြန်မာနိုင်ငံ၏ လွတ်လပ်ရေးနှင့် အချုပ်အခြာအာဏာဆုံးရှုံးခဲ့ရခြင်းသည် သင်ခန်းစာယူဖွယ်ရာများဖြစ်သည်။ လွတ်လပ်ရေးဆုံးရှုံးခဲ့သဖြင့် ခါးသီးသောအတွေ့အကြုံများကို နောင်မျိုးဆက်တို့ သိရှိနားလည်ကြရန် လိုအပ်သည်။ ထို့ကြောင့် သင်ခန်းစာယူစရာ မြန်မာ့သမိုင်းကြောင်းများကို အမြဖော်ထုတ်ပေးရန်လိုအပ်သည်။ လွတ်လပ်ရေးဆုံးရှုံးခဲ့သောကာလမှစ၍ လွတ်လပ်ရေးရရှိပြီး ထိန်းသိမ်းစောင့်ရှောက်ခဲ့ရသည့်ကာလများအတွင်း နိုင်ငံအတွက် အသက်၊ သွေး၊ ချွေးပေးဆပ်ခဲ့ရသည့် သမိုင်းကြောင်းများကို ထုတ်ဖော်အသိပေးနိုင်မှသာ နောင်လာမည့် မျိုးဆက်များအနေဖြင့် လွတ်လပ်ရေး၏အနှစ်သာရကို သိရှိနားလည်ပြီး နိုင်ငံတော်ကို ကိုယ်ပိုင်အသိစိတ်ဓာတ်၊ ကိုယ်ပိုင်ဆုံးဖြတ်ချက်ဖြင့် လွတ်လပ်စွာ ကိုယ့်ကြမ္မာကိုယ်ဖန်တီးနိုင်သည့် စွမ်းအားများ ရရှိမည်ဖြစ်သည်။

အချုပ်အားဖြင့်ဆိုပါလျှင် မြန်မာနိုင်ငံ လွတ်လပ်ရေးရရှိရန် တပ်မတော်သည် ပြည်သူများနှင့် တစည်းတလုံးတည်းလက်တွဲပြီး ကြိုးပမ်းခဲ့ကြသည်။ လွတ်လပ်ရေးရရှိပြီးသော အခါ ဖြစ်ပေါ်လာသည့် ပြည်တွင်း/ ပြည်ပအန္တရာယ်များကို တွန်းလှန်ဖယ်ရှားရေး၊ ပြည်ထောင်စုကြီး မပြိုကွဲရေး၊ အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေး၊ တိုင်းပြည်ဖွံ့ဖြိုးတိုးတက်ရေး၊ ပြည်သူများ လိုလားသည့် ဒီမိုကရေစီစနစ် လမ်းကြောင်းမှန်စွာ တည့်မတ်ခိုင်မာရေး စသည်တို့ကို ဦးလည်မသုန်ထမ်းရွက်လျက်ရှိသည်။ ဤသို့ဆောင်ရွက်နေခြင်းသည် သမိုင်းပေးတာဝန်ကို ကျေပွန်စွာ ထမ်းဆောင်နေခြင်းဖြစ်သည်။ လွတ်လပ်ရေးကို အရယူပေးခဲ့ပြီး လွတ်လပ်ရေးကို ထိန်းသိမ်းကာကွယ်စောင့်ရှောက်ပေးနေခြင်း ဖြစ်သည်။ လွတ်လပ်ရေး၏ အနှစ်သာရ ခံစားရရှိနိုင်ရေးနှင့် လွတ်လပ်ရေးကို ကာကွယ်စောင့်ရှောက်ရေး အတွက် အားလုံးအတူလက်တွဲ ကြိုးပမ်းကြပါစို့ဟု တိုက်တွန်းအပ်ပါသည်။ ။

ပြည်သူလူထုအတွက် အရည်အသွေးပြည့်ဝသည့် လျှပ်စစ်ဓာတ်အားများ ဖြန့်ဖြူးပေးနိုင်ရေး နည်းလမ်းမျိုးစုံဖြင့် စီမံဆောင်ရွက်

နေပြည်တော် ဒီဇင်ဘာ ၂၂

နိုင်ငံတော်၏ လျှပ်စစ်ဓာတ်အားသုံးစွဲမှုသည် နှစ်စဉ် ၁၅ ရာခိုင်နှုန်းခန့် တိုးတက်သုံးစွဲ လျက်ရှိသည့်အတွက် အဆိုပါတိုးတက်သုံးစွဲလာမည့် လျှပ်စစ်ဓာတ်အားလိုအပ်ချက်ကို ပြည့်ပြည့်ဝဝ ဖြည့်ဆည်းပေးနိုင်ရေး လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာနအနေဖြင့် အထူးအလေးထားဆောင်ရွက်လျက်ရှိရာ ဓာတ်အားပေးစက်ရုံ အသစ်များ၊ ဓာတ်အားလိုင်းနှင့် ဓာတ်အားခွဲရုံများ တိုးချဲ့တည်ဆောက်ခြင်းနှင့် စက်စွမ်းရည်ကျဆင်းနေသည့် ဓာတ်အားပေးစက်ရုံများကို အဆင့်မြှင့်တင် ပြင်ဆင်ခြင်းတို့ကို စီမံဆောင်ရွက်လျက်ရှိသည်။

ယင်းသို့ စီမံဆောင်ရွက်လျက်ရှိသည့် လုပ်ငန်းများ အဆင်ပြေစေရေးအတွက် လျှပ်စစ်နှင့် စွမ်းအင်ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးအောင်သန်းဦးသည် ဒီဇင်ဘာ ၂၁ ရက် နံနက်ပိုင်းတွင် ရန်ကုန်တိုင်းဒေသကြီး မင်္ဂလာဒုံမြို့နယ်ရှိ လျှပ်စစ်ဓာတ်အားထုတ်လုပ်ရေးလုပ်ငန်း၊ လှော်ကားသဘာဝ ဓာတ်ငွေ့သုံးဓာတ်အားပေးစက်ရုံသို့ သွားရောက်စစ်ဆေးရာ စက်ရုံမှူးက သက်ဆိုင်ရာကဏ္ဍအလိုက် ရှင်းလင်းတင်ပြသည်။

ရှင်းလင်းတင်ပြချက်များနှင့် စပ်လျဉ်း၍ ပြည်ထောင်စုဝန်ကြီးက ယခုစက်များ အဆင့်မြှင့်တင် ပြင်ဆင်ခြင်းလုပ်ငန်းများ ဆောင်ရွက်ပြီးပါက ဓာတ်ငွေ့တာဘိုင်သုံးလုံးမှ မဂ္ဂါဝပ် ၉၀ နှင့် ရေနွေးငွေ့တာဘိုင်မှ ၃၃ မဂ္ဂါဝပ် စုစုပေါင်း ၁၂၃ မဂ္ဂါဝပ်ခန့် ထုတ်လုပ်ဖြန့်ဖြူးပေးသွားနိုင်မည်ဖြစ်ကြောင်း ယခင်ထုတ်လုပ်မှုထက် ၃၉ မဂ္ဂါဝပ် တိုးတက်ထုတ်လုပ်နိုင်မည်ဖြစ်သောကြောင့် ဓာတ်ငွေ့တာဘိုင် သုံးလုံးကို သတ်မှတ်ထားသည့် ၂၀၂၂ ခုနှစ် မတ်လအတွင်းနှင့် ရေနွေးငွေ့တာဘိုင်ကို ၂၀၂၂ ခုနှစ် နိုဝင်ဘာလတို့တွင် စီးပွားဖြစ်လည်ပတ်နိုင်ရေး ကြိုးပမ်းဆောင်ရွက်သွားကြရန် မှာကြားပြီး ဓာတ်အားပေးစက်ရုံ၏ ဓာတ်အားထိန်းချုပ်ခန်းနှင့် လှော်ကားပင်မဓာတ်အားခွဲရုံအတွင်း ထရန်စဖော်မာ တိုးချဲ့တပ်ဆင်တည်ဆောက်ခြင်းလုပ်ငန်း ဆောင်ရွက်နေမှုအခြေအနေတို့ကို လှည့်လည်ကြည့်ရှုစစ်ဆေးသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် ပဲခူးတိုင်းဒေသကြီး ပဲခူးမြို့နယ်ရှိ လျှပ်စစ်ဓာတ်အားပို့လွှတ်ရေးနှင့် ကွပ်ကဲရေးဦးစီးဌာန၊ ကမာနတ်ပင်မ ဓာတ်အားခွဲရုံသို့ ရောက်ရှိပြီး ဓာတ်အားခွဲရုံအတွင်း ထရန်စဖော်မာ တိုးချဲ့တပ်ဆင်တည်ဆောက်ခြင်းလုပ်ငန်းများဆောင်ရွက်နေမှုကို လှည့်လည်ကြည့်ရှုစစ်ဆေးသည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် လျှပ်စစ်ဓာတ်အားဖြန့်ဖြူးရေးလုပ်ငန်း၊ ပဲခူးမြို့ရှိ တိုင်းဒေသကြီး လျှပ်စစ်အင်ဂျင်နီယာရုံး၌ တိုင်းဒေသကြီးအတွင်းရှိ တိုင်းဒေသကြီး/ခရိုင်/မြို့နယ်လျှပ်စစ်အင်ဂျင်နီယာများ၊ ဝန်ထမ်းများနှင့်တွေ့ဆုံသည်။

တွေ့ဆုံစဉ် ပဲခူးတိုင်းဒေသကြီးအတွင်း လျှပ်စစ်ဓာတ်အားတိုးမြှင့်ဖြန့်ဖြူးပေးနိုင်ရေး၊ ဓာတ်အားပျောက်ဆုံးမှုနှင့် ဓာတ်အားပြတ်တောက်မှု လျော့နည်းကျဆင်းရေး၊ ပြည်သူလူထုအတွက် အရည်အသွေးပြည့်ဝသည့် လျှပ်စစ်ဓာတ်အားများ ဖြန့်ဖြူးပေးနိုင်ရေး၊ လျှပ်စစ်ဓာတ်အားချွေတာသုံးစွဲနိုင်ရေးနည်းလမ်းများအား အများပြည်သူ ကျယ်ကျယ်ပြန့်ပြန့်သိရှိနိုင်ရေး နည်းလမ်းမျိုးစုံဖြင့် စီမံဆောင်ရွက်သွားရန် မှာကြားခဲ့ကြောင်း သိရသည်။

သတင်းစဉ်

တရုတ်ပြည်သူ့သမ္မတနိုင်ငံမှ မြန်မာနိုင်ငံသို့ လှူဒါန်းသည့် Sinovac ကိုဗစ်-၁၉ ကာကွယ်ဆေးများ လွှဲပြောင်းလက်ခံ

ရန်ကုန် ဒီဇင်ဘာ ၂၂

တရုတ်ပြည်သူ့သမ္မတနိုင်ငံမှ မြန်မာနိုင်ငံသို့ လှူဒါန်းသည့် ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေး Sinovac doses တစ်သန်းသည် ယနေ့ နံနက် ၁၀ နာရီအတွင် ရန်ကုန်အပြည်ပြည်ဆိုင်ရာ လေဆိပ်သို့ CZ 8083 လေကြောင်းလိုင်းဖြင့် ရောက်ရှိလာပြီး ကာကွယ်ဆေးများ လွှဲပြောင်းလက်ခံခြင်းအခမ်းအနားကို ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်ရှိ အရေးကြီးပုဂ္ဂိုလ်များ ဧည့်ခန်းမဆောင်၌ကျင်းပရာ ကျန်းမာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာသက်ခိုင်ဝင်းနှင့် တရုတ်ပြည်သူ့သမ္မတနိုင်ငံ သံအမတ်ကြီး မစ္စတာ ချန်းဟိုင်တို့ တက်ရောက်ကြသည်။

အခမ်းအနားတွင် တရုတ်ပြည်သူ့သမ္မတနိုင်ငံ သံအမတ်ကြီး မစ္စတာချန်းဟိုင်က ကာကွယ်ဆေးများ လှူဒါန်းရသည့် အကြောင်းရင်းအား ရှင်းလင်းပြောကြားရာ ယနေ့ရောက်ရှိသော Sinovac ကာကွယ်ဆေး doses တစ်သန်းသည် တရုတ်ပြည်သူ့သမ္မတနိုင်ငံမှ မြန်မာနိုင်ငံသို့ ထပ်မံလှူဒါန်းသည့် Sinovac ကာကွယ်ဆေး doses နှစ်သန်းအနက် ပထမအသုတ်အဖြစ် ရောက်ရှိလာခြင်းဖြစ်ပါကြောင်း၊ ကျန်ရှိသည့်ကာကွယ်ဆေး တစ်သန်းကို လာမည့် နှစ်ဆန်းပိုင်းတွင် တရုတ်-မြန်မာ နယ်စပ်မှတစ်ဆင့် ပေးပို့လှူဒါန်းသွားမည်ဖြစ်ကြောင်း၊ တရုတ်နိုင်ငံ အစိုးရမှ အကူအညီပေးအပ်သည့် မြန်မာနိုင်ငံ ရောဂါထိန်းချုပ်ရေးဗဟိုဌာန(CDC)နှင့် ကျန်းမာရေးဝန်ထမ်းများအတွက် လေ့ကျင့်ရေးသင်တန်းကျောင်း စီမံကိန်းပြီးစီးပါက ကပ်ရောဂါကာကွယ်ရေး၊ အရေးပေါ်တုံ့ပြန်မှု၊ သုတေသနနှင့် ဝန်ထမ်းလေ့ကျင့်ရေးတို့တွင် အရေးကြီးသော အခန်းကဏ္ဍမှ ပါဝင်နိုင်မည်ဖြစ်ပါကြောင်း၊ တရုတ်-မြန်မာ ပူးပေါင်းမှုဖြင့် မူဆယ် ၁၀၅ မိုင် ကုန်သွယ်ရေးစခန်းတွင် ကိုဗစ်-၁၉ ကုသရေးစင်တာကို အောင်မြင်စွာ ဖွင့်လှစ်နိုင်ခဲ့ပါကြောင်း၊ ဆက်လက်၍ တရုတ်-မြန်မာ ချစ်ကြည်ရင်းနှီးစွာဖြင့် ကပ်ရောဂါတိုက်ဖျက်ရေးလုပ်ငန်းများကို ပူးပေါင်းလုပ်ဆောင်သွားမည်ဖြစ်ပါကြောင်း ပြောကြားသည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးက ကျေးဇူးတင်စကားပြောကြားရာတွင် တရုတ်-မြန်မာ သံတမန်ဆက်ဆံရေး နှစ်(၇၀)ကာလအတွင်းနှစ်နိုင်ငံ အကြား အပြန်အလှန် အတူတကွ အကျိုးဖြစ်ထွန်းရေး၊ အတူတကွ ဖွံ့ဖြိုးတိုးတက်ရေးစံနမူနာများကို ချမှတ်နိုင်ခဲ့သည်ကို တွေ့ရမည်ဖြစ်ပါကြောင်း၊ ကိုဗစ်-၁၉ ရောဂါ ကာကွယ်တိုက်ဖျက်ရေးအတွက် တရုတ်ပြည်သူ့သမ္မတနိုင်ငံအစိုးရမှ လှူဒါန်းသည့် ကိုဗစ်-၁၉ရောဂါ ကာကွယ်ဆေး (၁၀ ဒသမ ၃)သန်းကို လှူဒါန်းခဲ့သည့်အတွက် တရုတ်ပြည်သူ့သမ္မတနိုင်ငံ နိုင်ငံတော်သမ္မတနှင့် အစိုးရအား ကျေးဇူးတင်ရှိပါကြောင်း၊ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၏ ဦးဆောင်မှုဖြင့် မြန်မာနိုင်ငံအနေဖြင့်လည်း ကိုဗစ်တတိယလှိုင်းကို ကောင်းစွာ ထိန်းချုပ်နိုင်ခဲ့ပြီး အောင်မြင်စွာ ကျော်လွှားနိုင်ခဲ့ပါကြောင်း၊ ကိုဗစ်-၁၉ ရောဂါ တိုက်ဖျက်ရေးဆိုင်ရာ ဘက်ပေါင်းစုံ ပူးပေါင်းဆောင်ရွက်မှုများအနက် တရုတ်နိုင်ငံမှ မြန်မာနိုင်ငံသို့ ကာကွယ်ဆေးများ လှူဒါန်းပေးအပ်ခဲ့သည့်အပြင် အောက်ဆီဂျင်အရည်၊ အောက်ဆီဂျင်စက်နှင့် ဆေးကုသရေးပစ္စည်း အစရှိသည်တို့ တင်သွင်းရာတွင်လည်း အဆင်ပြေချောမောစေရန် ကူညီပေးခဲ့ပါကြောင်း၊ တရုတ်-မြန်မာနယ်စပ်ဒေသ ကပ်ရောဂါကာကွယ်ထိန်းချုပ်ရေး အပိုင်းတွင်လည်း ပူးပေါင်းဆောင်ရွက်မှုများကို အရှိန်အဟုန်မြှင့် ဆောင်ရွက်လျက်ရှိသောကြောင့် နယ်စပ်ကုန်သွယ်ရေး ပြန်လည်လည်ပတ်စေရန်လည်း အထောက်အကူပြုမည်ဖြစ်ပါကြောင်း ပြောကြားသည်။

ထို့နောက် ကာကွယ်ဆေးများ လွှဲပြောင်းလက်ခံသည့် မှတ်တမ်းကို အပြန်အလှန် လက်မှတ်ရေးထိုး၍ (ဝဲပုံ) ပြည်ထောင်စုဝန်ကြီးက ကျေးဇူးတင်ဂုဏ်ပြုလွှာကို ပြန်လည်ပေးအပ်ခဲ့သည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးနှင့် တရုတ်ပြည်သူ့သမ္မတနိုင်ငံ သံအမတ်ကြီး မစ္စတာ ချန်းဟိုင်တို့သည် ရောက်ရှိလာသော ကာကွယ်ဆေးများကို ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်အတွင်း သွားရောက်ကြည့်ရှုကြသည်။

အဆိုပါ အခမ်းအနားသို့ ကျန်းမာရေးဝန်ကြီးဌာနမှ တာဝန်ရှိပုဂ္ဂိုလ်များ၊ မြန်မာနိုင်ငံဆိုင်ရာ တရုတ်ပြည်သူ့သမ္မတနိုင်ငံသံရုံးမှ ကိုယ်စားလှယ်များ၊ နိုင်ငံခြားရေးဝန်ကြီးဌာနမှ တာဝန်ရှိပုဂ္ဂိုလ်များ၊ ရန်ကုန်တိုင်းဒေသကြီး ပြည်သူ့ကျန်းမာရေးနှင့် ကုသရေးဦးစီးဌာနမှ တာဝန်ရှိပုဂ္ဂိုလ်များ တက်ရောက်ခဲ့ကြကြောင်း သိရသည်။ **သတင်းစဉ်**

ပြည်ပနိုင်ငံများမှ ပြန်လည်ဝင်ရောက်လာသည့် မြန်မာနိုင်ငံသားများအား နယ်စပ်ဂိတ်အသီးသီးတွင် ဆက်လက်လက်ခံလျက်ရှိ

နေပြည်တော် ဒီဇင်ဘာ ၂၂

ပြည်ပနိုင်ငံများမှ ဝင်ရောက်လာသည့် မြန်မာနိုင်ငံသားများအား နယ်စပ်ဂိတ်အသီးသီးတွင် လက်ခံဆောင်ရွက်ပေးလျက်ရှိရာ ဒီဇင်ဘာ ၂၁ ရက်တွင် ရှမ်းပြည်နယ် (မြောက်ပိုင်း) ချင်းရွှေဟော်မြို့သို့ ပြန်လည်ဝင်ရောက်လာသူ အမျိုးသား ၃၁ ဦး၊ အမျိုးသမီး ၂၅ ဦး စုစုပေါင်း ၅၆ ဦးနှင့် လောက်ကိုင်မြို့သို့ ပြန်လည်ဝင်ရောက်လာသူ အမျိုးသား နှစ်ဦး၊ အမျိုးသမီး တစ်ဦး စုစုပေါင်း သုံးဦးတို့ကို လည်းကောင်း၊ ယနေ့တွင် ရှမ်းပြည်နယ်(အရှေ့ပိုင်း) တာချီလိတ်မြို့သို့ ပြန်လည်ဝင်ရောက်လာသူ အမျိုးသား ၂၇ ဦး၊ အမျိုးသမီး ၁၆ ဦး စုစုပေါင်း ၄၃ ဦးတို့ကို လည်းကောင်း လက်ခံခဲ့ကြသည်။

ထိုသို့ လက်ခံရာတွင် သက်ဆိုင်ရာ ပြည်သူ့ဆေးရုံများမှ ကျန်းမာရေးဆိုင်ရာ တာဝန်ရှိသူများ၊ တပ်မတော်ဆေးတပ်ဖွဲ့ဝင်များက ကိုဗစ်-၁၉ ရောဂါ စစ်ဆေးပေးခြင်း၊ Quarantine ဝင်ရောက်ရမည့် အထောက်အထား စာရွက်စာတမ်းများ ပြုလုပ်ပေးခြင်း၊ ကျန်းမာရေး ဝန်ကြီးဌာန၏ ညွှန်ကြားချက်များကို ရှင်းလင်းပြောကြားခြင်းတို့ကို စနစ်တကျ ဆောင်ရွက်ပေးပြီး တိုင်းစစ်ဌာနချုပ်အသီးသီးမှ တာဝန်ရှိသူများ၊ ဌာနဆိုင်ရာ တာဝန်ရှိသူများက လိုအပ်သည်များ ကူညီဆောင်ရွက်ပေးကြသည်။

ထို့နောက် မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့များက စီစဉ်ဆောင်ရွက်ပေးသည့် ခရီးသည်တင်မော်တော်ယာဉ်များဖြင့် ၎င်းတို့နေရပ်အသီးသီးသို့ လိုက်လံပို့ဆောင်ပေးခဲ့ကြောင်းနှင့် ရောဂါပိုးတွေ့ရှိသူများအား သက်ဆိုင်ရာနေရာများတွင် သီးသန့်ထားရှိ၍ လိုအပ်သည့် ကျန်းမာရေးဆိုင်ရာများနှင့် အုပ်ချုပ်မှုဆိုင်ရာ ကိစ္စရပ်များကို အဆင်ပြေ ချောမွေ့အောင် ဆောင်ရွက်ပေးလျက်ရှိကြောင်း သတင်းရရှိသည်။

သတင်းစဉ်

တောင်ဥက္ကလာပမြို့မရဲစခန်းအား ၄၀ မမ ဗုံးပစ်လောင်ချာဖြင့် ချောင်းမြောင်းပစ်ခတ် တိုက်ခိုက်ခဲ့သည့် အကြမ်းဖက်သမားများကို လက်နက်/ခဲယမ်းများနှင့်အတူ ဖော်ထုတ်ဖမ်းဆီးရမိ

နေပြည်တော် ဒီဇင်ဘာ ၂၂

၂၀၂၁ ခုနှစ် ဒီဇင်ဘာ ၉ ရက် ညနေပိုင်းတွင် ရန်ကုန်တိုင်းဒေသကြီး တောင်ဥက္ကလာပမြို့မရဲစခန်း အနီးသို့ အကြမ်းဖက်သူများက ယာဉ်အမှတ် (စိစစ်ဆဲ) Light Truck အဖြူရောင် ယာဉ်ဖြင့် ရောက်ရှိလာကာ သစ္စာလမ်းဘက် မှနေ၍ ၄၀ မမ ဗုံးပစ်လောင်ချာဖြင့် နှစ်ချက် ချောင်းမြောင်းပစ်ခတ်ခဲ့သဖြင့် ဗုံးသီးတစ်လုံးမှာ ရဲစခန်းနှင့် ပေ ၄၀ ခန့် အကွာ သစ္စာလမ်းဘက်ရှိ မိသားစုနေအိမ်လိုင်းခန်းအနီးရှိ ကားပေါ်သို့ ကျရောက်ပေါက်ကွဲခဲ့သည်။

ဖမ်းဆီးရမိနိုင်ရေးဆောင်ရွက်

ပေါက်ကွဲမှုကြောင့် အဆိုပါလိုင်းခန်းဘေး ဈေးဆိုင်တွင် မုန့်စားနေကြသည့် အပြစ်မဲ့ အသက် (၇) နှစ်အရွယ် ယောကျ်ားလေး တစ်ဦး၊ အသက် (၂) နှစ်အရွယ် မိန်းကလေး တစ်ဦးနှင့် အသက် (၁) နှစ်ခွဲအရွယ် မိန်းကလေး တစ်ဦး၊ အမျိုးသမီးရဲတပ်ဖွဲ့ဝင် တစ်ဦး အပါအဝင် အမျိုးသမီး နှစ်ဦး စုစုပေါင်း ငါးဦး တို့တွင် ဗုံးစထိမှန်ဒဏ်ရာများရရှိခဲ့သဖြင့် ဆေးကုသမှုခံယူနိုင်ရေး ပို့ဆောင်စဉ် အသက် (၇) နှစ်အရွယ် ယောကျ်ားလေး တစ်ဦးမှာ ရရှိဒဏ်ရာများဖြင့် သေဆုံးသွားခဲ့သဖြင့် တောင်ဥက္ကလာပမြို့မရဲစခန်းတွင် အမှုဖွင့်လှစ်ကာ အကြမ်းဖက်သမားများကို ဖော်ထုတ် ဖမ်းဆီးရမိနိုင်ရေးဆောင်ရွက်ခဲ့သည်။

ထိုကဲ့သို့ အကြမ်းဖက်ပစ်ခတ်တိုက်ခိုက်ခဲ့သူများကို ဖော်ထုတ်ဖမ်းဆီးရမိနိုင်ရေး ဆောင်ရွက်စဉ် တာဝန်သိပြည်သူများ၏ ပူးပေါင်းပါဝင် သတင်းပေးမှုများကြောင့် ရဲစခန်းအား ပစ်ခတ်တိုက်ခိုက်ရာတွင် အကြမ်းဖက်သမားများ အသုံးပြုခဲ့သည့် Light Truck ယာဉ်၏ ယာဉ်နံပါတ်ကို သိရှိရသဖြင့် ယာဉ်နံပါတ်မှန်ကန်မှု ရှိ/မရှိ အတည်ပြု စုံစမ်းဖော်ထုတ်မှုများ ပြုလုပ်ခဲ့ရာ အခင်းဖြစ်ချိန်က အကြမ်းဖက်သမားများမှာ ယာဉ်နံပါတ်အား ပြောင်းလဲတပ်ဆင် အသုံးပြုခဲ့ကြောင်း ဖော်ထုတ်သိရှိရသည်။

သိမ်းဆည်းရမိသည့် မော်တော်ယာဉ် မှတ်တမ်းဓာတ်ပုံ။

ယာဉ်နှင့်အတူ ဖမ်းဆီးရမိ

ဆက်လက်၍ လုံခြုံရေးတပ်ဖွဲ့ဝင်များက ပစ်ခတ်တိုက်ခိုက်မှုကျူးလွန်သူများ အသုံးပြုခဲ့သည့် မော်တော်ယာဉ်ကို စုံစမ်းခဲ့ရာ အဆိုပါယာဉ်အား ရဲစခန်းပစ်ခတ်တိုက်ခိုက်သည့်နေ့တွင် မောင်းနှင်အသုံးပြုခဲ့သူများ ဖြစ်သည့် ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ် (၄၅) ရပ်ကွက် ကြေးတိုင်လမ်း အမှတ် (၂၈) နေ **မျိုးမြင့်မြတ်အောင် (ခ) မျိုးကြီး** (၂၁) နှစ်နှင့် သင်္ဃန်းကျွန်းမြို့နယ် စံပြ ရပ်ကွက် စံပြ (၁) လမ်း အမှတ် (၃၇၁) နေ **ဝေယံထက် (ခ)နိုင်ကြီး** (၂၀) နှစ်တို့ နှစ်ဦးကို ဒီဇင်ဘာ ၁၆ ရက် မွန်းလွဲပိုင်းတွင် ဒဂုံမြို့သစ် (မြောက်ပိုင်း) မြို့နယ် အမှတ် (၄၅) ရပ်ကွက် မဟာလမ်းပေါ်၌ ဖြစ်စဉ်ပါယာဉ်နှင့် အတူ ဖမ်းဆီးရမိခဲ့သည်။

မျိုးမြင့်မြတ်အောင်(ခ)မျိုးကြီး (၂၁)နှစ် | ဝေယံထက်(ခ)နိုင်ကြီး(၂၀)နှစ်

ဒီဇင်ဘာ ၁၆ ရက်တွင် ဒဂုံမြို့သစ်(မြောက်ပိုင်း) မြို့နယ် (၄၅) ရပ်ကွက် မဟာဗန္ဓုလလမ်း၌ ဖမ်းဆီးရမိသည့် တရားခံများမှတ်တမ်းဓာတ်ပုံ။

MK–12 သေနတ် နှစ်လက်ဖမ်းမိ

ဖမ်းဆီးရမိတရားခံ နှစ်ဦး၏ ထွက်ဆိုချက်များအရ ရဲစခန်းကို ပစ်ခတ်တိုက်ခိုက်ရာတွင် ၎င်းတို့ကိုယ်တိုင်ပါဝင်ကျူးလွန်ခဲ့ပြီး ဒဂုံမြို့သစ် (မြောက်ပိုင်း) မြို့နယ် (၄၀) ရပ်ကွက် ဗိုလ်တေဇလမ်း အမှတ်(၉၉)နေ ဖမ်းဆီးရန်ကျန် တရားခံ **ဝင်းဇော်မိုး (ခ)မိုးဟိန်း (ခ) Brain Wave** ၏ နေအိမ်၌ တိုက်ခိုက်မှု ကျူးလွန်ရာတွင် အသုံးပြုခဲ့သည့် လက်နက်/ခဲယမ်းများ သိမ်းဆည်းထားကြောင်း သိရှိရသဖြင့် သွားရောက်ရှာဖွေခဲ့ရာ **ဝင်းဇော်မိုး (ခ)မိုးဟိန်း (ခ) Brain Wave** သည် ထွက်ပြေးတိမ်းရှောင်လျက်ရှိပြီး ၎င်း၏မိဘများဖြစ်သည့် **သူရ (ခ) ကျော်မင်းမင်းကို** (၄၇) နှစ်နှင့် **မိုးမိုးခိုင် (ခ) မြတ်ဝင်းကြည်** (၅၁) နှစ်တို့ နှစ်ဦးကို MK–12 သေနတ် နှစ်လက်၊ ၎င်းကျည်တောင့် ၁၁၀၊ SIG SAUER ပစ္စတို တစ်လက်၊ 9MM LUGER ကျည် ၂၅၅ တောင့်၊ ၄၀ မမ ဗုံးသီး ငါးလုံး၊ ကျည်အိမ်မျိုးစုံ ခြောက်ခု၊ ဒူးကာ သုံးစုံ၊ ဖောက်ခွဲရေးတွင် တွဲဖက်အသုံးပြုသည့် Keypad ဖုန်းမျိုးစုံ အလုံး ၂၀၊ ဓာတ်ခဲမျိုးစုံ အလုံး ၃၀၊ လက်လုပ်ဗုံးဆင်သည့် ဆားကစ်(စ်)ပြား ၅၀၊ 3D GUN Printer တစ်လုံးနှင့် 3D GUN Printer ဆေးကြိုးခွေ ၁၀ ခွေ၊ Laptop တစ်လုံး၊ မှန်ပြောင်း တစ်လက်၊ မော်တာ တစ်လုံး၊ ငွေကျပ်သိန်း ၁၀၀၊ ဓာတ်ငွေ့ကာ တစ်ခုတို့နှင့်အတူ ထပ်မံဖမ်းဆီးရမိခဲ့သည်။

ဒီဇင်ဘာ ၁၆ ရက်တွင် ဒဂုံမြို့သစ် (မြောက်ပိုင်း) မြို့နယ် (၄၀) ရပ်ကွက် ဗိုလ်တေဇလမ်း မ (၉၉) နေအိမ်မှ သိမ်းဆည်းရမိသည့် လက်နက်/ခဲယမ်းများ မှတ်တမ်းဓာတ်ပုံ။

ဒီဇင်ဘာ ၁၆ ရက်တွင် ဒဂုံမြို့သစ် (မြောက်ပိုင်း) မြို့နယ် (၄၀) ရပ်ကွက် ဗိုလ်တေဇလမ်း မ (၉၉) နေအိမ်မှ သိမ်းဆည်းရမိသည့် လက်နက်/ခဲယမ်းများ မှတ်တမ်းဓာတ်ပုံ။

ကျော်မင်းမင်းကို(ခ)သူရ (၄၇)နှစ် | မိုးမိုးခိုင်(ခ)မြတ်ဝင်းကြည် (၄၇)နှစ်

ဒီဇင်ဘာ ၁၆ ရက်တွင် ဒဂုံမြို့သစ် (မြောက်ပိုင်း) မြို့နယ် (၄၀) ရပ်ကွက် ဗိုလ်တေဇလမ်း၌ အမှတ် (၉၉) နေအိမ်၌ ဖမ်းဆီးရမိသည့် တရားခံများမှတ်တမ်းဓာတ်ပုံ။

အာကြီး(ခ)မိုးကျော်သူ (၂၆)နှစ် | ကျော်ကြီး(ခ)ကျော်မိုးလွင် (၂၆)နှစ်

ဒီဇင်ဘာ ၁၆ ရက်တွင် မြောက်ဥက္ကလာပမြို့နယ် (၆) ရပ်ကွက် ပိတောက်လမ်းမ (၄၁) နေအိမ်၌ ဖမ်းဆီးရမိသည့် တရားခံများ မှတ်တမ်းဓာတ်ပုံ။

ထပ်မံဖမ်းဆီးရမိ

ဖမ်းဆီးရမိတရားခံ **မျိုးမြင့်မြတ်အောင် (ခ) မျိုးကြီး** နှင့် **ဝေယံထက် (ခ) နိုင်ကြီး** တို့၏ ထွက်ဆိုချက်အရ ရဲစခန်းကို ပစ်ခတ်တိုက်ခိုက်ရာတွင် ပါဝင်ခဲ့သူ မြောက်ဥက္ကလာပမြို့နယ် (၆) ရပ်ကွက် ပိတောက်လမ်း အမှတ် (၄၁) နေ ဆက်စပ်တရားခံ **မိုးကျော်သူ (ခ) အာကြီး (ခ) Rock Gyi**(၂၆) နှစ်နှင့် အဆိုပါရပ်ကွက် ခရေလမ်း အမှတ် (၁၂၉) နေ **ကျော်မိုးလွင်(ခ) ကျော်ကြီး** (၂၆) နှစ်တို့ နှစ်ဦးကို ပိတောက်လမ်းပေါ်၌ ထပ်မံဖမ်းဆီးရမိခဲ့သည်။

ဖြစ်စဉ်တွင် ဖမ်းဆီးရမိတရားခံ ကျား ငါးဦး၊ မ တစ်ဦးပေါင်း ခြောက်ဦးတို့ကို MK–12 သေနတ် နှစ်လက်၊ ၎င်းကျည်တောင့် ၁၁၀၊ SIG SAUER ပစ္စတို တစ်လက်၊ 9MM LUGER ကျည် ၂၅၅ တောင့်၊ ၄၀ မမ ဗုံးသီး ငါးလုံး၊ ကျည်အိမ်မျိုးစုံ ခြောက်ခု၊ ဒူးကာ သုံးစုံ၊ ဖောက်ခွဲရေးတွင် တွဲဖက်အသုံးပြုသည့် Keypad ဖုန်းမျိုးစုံ အလုံး ၂၀ နှင့် ဆက်စပ်ပစ္စည်းများ၊ ဆားကစ်(စ်)ပြား ၅၀၊ 3D GUN Printer တစ်လုံးနှင့် 3D GUN Printer ဆေးကြိုးခွေ ၁၀ ခွေ၊ Laptop တစ်လုံး၊ မှန်ပြောင်း တစ်လက်၊ မော်တာ တစ်လုံး၊ ငွေကျပ်သိန်း ၁၀၀၊ ဓာတ်ငွေ့ကာ တစ်ခု၊ မော်တော်ယာဉ် တစ်စီးတို့နှင့်အတူ ဖမ်းဆီးရမိခဲ့သည်။

ဖမ်းဆီးရမိ တရားခံများ၏ ထွက်ဆိုချက်အရ ၎င်းတို့သည် ရန်ကုန်မြို့အတွင်း ဆူပူအကြမ်းဖက်ဆန္ဒပြရာတွင် ပါဝင်ခဲ့ကြောင်း၊ **ဝေယံထက် (ခ) နိုင်ကြီး** အနေဖြင့် ဧပြီလအတွင်း မြဝတီမြို့နယ် လေးကေ့ကော်ကျေးရွာရှိ KNLA တပ်မဟာ (၆) တွင် ဖွင့်လှစ်သည့် အကြမ်းဖက် ဖောက်ခွဲရေးသင်တန်း တက်ရောက်ခဲ့ကြောင်း ဖော်ထုတ်သိရှိရသည်။

ဖမ်းဆီးရမိ တရားခံများ၏ ထွက်ဆိုချက်အရ အကြမ်းဖက် ဖောက်ခွဲရေးလုပ်ငန်းများ ဆောင်ရွက်ရန် ၂၀၂၁ ခုနှစ် ဇွန်လတွင် ဖမ်းဆီးရမိတရားခံ လေးဦး အပါအဝင် အဖွဲ့ဝင် ၁၃ ဦး ဖြင့် D.S.R အကြမ်းဖက်အဖွဲ့ကို ဖွဲ့စည်းခဲ့ကြောင်း၊ အဖွဲ့ခေါင်းဆောင်အဖြစ်

စာမျက်နှာ ၁၃ သို့

စစ်ကိုင်းတိုင်းဒေသကြီး ကျွန်းလှမြို့နယ် ကန်စွန်းအင်းကျေးရွာအတွင်း အကြမ်းဖက်လုပ်ရပ်များပြုလုပ်ရန် ရောက်ရှိနေသော KIA အဖွဲ့နှင့် PDF အမည်ခံအကြမ်းဖက်သမားများအား ဝင်ရောက်ဖမ်းဆီး

နေပြည်တော် ဒီဇင်ဘာ ၂၂ CRPH ၊ NUG နှင့် PDF အမည်ခံ အကြမ်းဖက် အဖွဲ့များသည် ပြည်သူလူထု အထိန့်တလန့် ဖြစ်စေရန်အတွက် မိုင်းထောင် ဖောက်ခွဲဖျက်ဆီးခြင်း၊ အပြစ်မဲ့ ပြည်သူများနှင့် ဆရာတော် သံဃာ တော်များပါမကျန် လုပ်ကြံ သတ်ဖြတ်ခြင်းများ လုပ်ဆောင်

စစ်ကိုင်းတိုင်းဒေသကြီး ကျွန်းလှမြို့နယ် ကန်စွန်းအင်းကျေးရွာအတွင်း အကြမ်းဖက်လုပ်ရပ်များ လုပ်ဆောင်ရန် စုဝေးနေသော အကြမ်းဖက်သမားများအား ဝင်ရောက်ဖမ်းဆီးရမိသည့် နေရာပြပုံ။

လျက်ရှိသည့်အပြင် အချို့ကျေးရွာ များအတွင်း ဝင်ရောက်၍အကြမ်း ဖက် အဖျက်အမှောင့်လုပ်ရပ် များကို လုပ်ဆောင်လျက်ရှိသဖြင့် အများပြည်သူ အေးချမ်းတည်ငြိမ် စွာနေထိုင်နိုင်ရေးအတွက် လုံခြုံ ရေးတပ်ဖွဲ့ဝင်များက ဒေသခံ ပြည်သူများနှင့်ပူးပေါင်း၍ လိုအပ် သည့် လုံခြုံရေးလုပ်ငန်းများ ဆောင်ရွက်လျက်ရှိသည်။

ထိုသို့ဆောင်ရွက်လျက်ရှိရာ ယနေ့နံနက်ပိုင်းတွင် စစ်ကိုင်း တိုင်းဒေသကြီး ကျွန်းလှမြို့နယ် ကန်စွန်းအင်းကျေးရွာ အတွင်း အကြမ်းဖက် လုပ်ရပ်များ လုပ်ဆောင်ရန်အတွက် KIA အဖွဲ့နှင့် PDF အမည်ခံအကြမ်း ဖက်သမားများ စုဝေးရောက်ရှိနေ ကြောင်း သတင်းအရ ညနေ ၃ နာရီ မိနစ် ၅၀ ခန့်တွင် သွား ရောက်၍ လိုအပ်သည့် လုံခြုံရေး လုပ်ငန်းများ ဆောင်ရွက်ခဲ့သည်။

ထိုသို့ဆောင်ရွက်ခဲ့ရာ လုံခြုံ ရေး တပ်ဖွဲ့ဝင်များနှင့် အကြမ်း ဖက်သမားများ အပြန်အလှန် ပစ်ခတ်တိုက်ခိုက်မှုများ ဖြစ်ပွား ခဲ့ပြီး ညနေ ၄ နာရီ ၁၅ မိနစ်ခန့် တွင် အကြမ်းဖက်သမားများ ကျေးရွာ၏ အရှေ့မြောက်ဘက်သို့ ဖရိုးဖရဲ ဆုတ်ခွာထွက်ပြေးသွားခဲ့ ပြီး အကြမ်းဖက်သမားအလောင်း နှစ်လောင်း၊ M–22 သေနတ် တစ်လက်၊ KO–11 သေနတ် တစ်လက်၊ တစ်တောင့်ထိုး သေနတ် ငါးလက်၊ လက်ပစ်ဗုံး ငါးလုံး၊ ကျည်အိမ်မျိုးစုံ ၁၀ ခု၊ ကျည်မျိုးစုံ ၆၈၅ တောင့်နှင့် လမ်းလျှောက် စကားပြောစက် သုံးလုံးတို့ကို သိမ်းဆည်းရမိခဲ့ သည်။

အကြမ်းဖက်သမားများအနေ ဖြင့် ကျေးရွာအချို့အတွင်း ဝင်ရောက်၍ အကြမ်းဖက်လုပ်ရပ် များ လုပ်ဆောင်လျက်ရှိရာ ဒေသခံပြည်သူများ အေးချမ်း တည်ငြိမ်စွာ နေထိုင်နိုင်ရေး အတွက် လုံခြုံရေးတပ်ဖွဲ့များက နယ်မြေလုံခြုံရေး လုပ်ငန်းများ တိုးမြှင့် ဆောင်ရွက်လျက်ရှိ ကြောင်းနှင့် အကြမ်းဖက်အဖွဲ့ များ၏ ဝင်ထွက်သွားလာမှု သတင်းများရရှိပါက သက်ဆိုင်ရာ သို့ လျှို့ဝှက်စွာ သတင်းပေး၍ နယ်မြေ တည်ငြိမ်အေးချမ်းရေး အတွက် ပူးပေါင်းပါဝင်ကြရန် သတင်းထုတ်ပြန်ထားကြောင်း သိရသည်။ **သတင်းစဉ်**

စာမျက်နှာ ၁၂ မှ

ဖမ်းဆီးရန်ကျန် တရားခံ **ဝင်းဇော်မိုး (ခ) မိုးဟိန်း (ခ) Brain Wave** မှ ဆောင်ရွက်ပြီး အကြမ်းဖက် လုပ်ရပ်များကို အားပေးထောက်ခံ သည့် အဖွဲ့အစည်းများထံမှ အလှူ ငွေများရယူကာ ဖမ်းဆီးရမိ လက်နက်များနှင့် ဖောက်ခွဲရေးသုံး ပစ္စည်းများအား ဝယ်ယူခဲ့ကြောင်း၊ အဖွဲ့ဝင်အချင်းချင်း ဆက်သွယ်ရန် Telegram တွင် Group ဖွဲ့၍ အကြမ်းဖက် ဖောက်ခွဲခြင်းနှင့် ပစ်ခတ်တိုက်ခိုက်မှု လုပ်ငန်းများ ကို Zoom Meeting ဖြင့် Online မှတစ်ဆင့် ဆွေးနွေးတိုင်ပင်ခဲ့ ကြောင်း ဖော်ထုတ်သိရှိရသည်။

ဖမ်းဆီးရမိ တရားခံများ၏ ထွက်ဆိုချက်အရ အကြမ်းဖက် ဖောက်ခွဲ ဖျက်ဆီးမှုအနေဖြင့် ၃ ကြိမ်၊ တောင်ဥက္ကလာပမြို့မ ရဲစခန်း မိသားစုနေအိမ်လိုင်းခန်း အား တစ်ကြိမ် ပစ်ခတ်ခဲ့သည့် ပြစ်မှုကျူးလွန်ခဲ့ပြီး ကျူးလွန်ခဲ့မှု များအနေဖြင့်–

အောက်တိုဘာ ၁ ရက်တွင် **မိုးကျော်သူ (ခ) Rock Gyi၊ မျိုးမြင့် မြတ်အောင် (ခ) မျိုးကြီး၊ ကျော်မိုး လွင် (ခ) ကျော်ကြီး**နှင့် ဖမ်းဆီးရန် ကျန် တရားခံ **ဆက်မင်းခန့် (ခ) လရောင်** တို့ လေးဦးသည် ဒဂုံ မြို့သစ် (မြောက်ပိုင်း) မြို့နယ် ကြိုးတံတားအနီးတွင် လည်း ကောင်း။

အောက်တိုဘာ ၂၇ ရက်တွင် ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ် (၃၃) ရပ်ကွက် သီတဂူဘုန်းတော် ကြီးကျောင်းအနီးတွင် လည်း ကောင်း။

အောက်တိုဘာ ၂၈ ရက်တွင် ဒဂုံမြို့သစ် (မြောက်ပိုင်း) မြို့နယ် မဝတလမ်းဆုံအနီးတွင် လည်း ကောင်း လက်လုပ်ဗုံးများဖြင့် ဖောက်ခွဲခဲ့ကြောင်း၊ ထိုသို့အကြမ်း ဖက်ဖောက်ခွဲမှုများ ဆောင်ရွက် နိုင်ရေး ဖမ်းဆီးရန်ကျန် တရားခံ **ဝင်းဇော်မိုး (ခ) မိုးဟိန်း (ခ) Brain Wave** က လက်လုပ်ဗုံးများကို ကိုယ်တိုင်ပြုလုပ်ကာ အကြမ်း ဖက် ဖောက်ခွဲမည့်သူများထံသို့ ပေးအပ်ခဲ့ခြင်းဖြစ်ကြောင်း ဖော် ထုတ်သိရှိရသည်။

ထို့ပြင် ဒီဇင်ဘာ ၉ ရက် ညနေပိုင်းတွင် တောင်ဥက္ကလာပ မြို့မရဲစခန်းကို ချောင်းမြောင်း ပစ်ခတ်ရန်အတွက် **ကျော်မိုးလွင်၊** ဖမ်းဆီးရန်ကျန် တရားခံ **ရဲမာန် အောင် (ခ) Zulex** နှင့် **ဆက်မင်း ခန့် (ခ) လရောင်** တို့က ရဲစခန်းကို အခြေအနေ စောင့်ကြည့်ပေးကာ Light Truck ယာဉ်အား **မျိုးမြင့် မြတ်အောင် (ခ) မျိုးကြီး** က မောင်းနှင်၍ **ဝေယံထက် (ခ) နိုင်ကြီး** မှ ကျည်ဖြည့်ပေးသူအဖြစ် ဆောင်ရွက်ပြီး **မိုးကျော်သူ (ခ) Rock Gyi** က ယာဉ်ပေါ်မှနေ၍ ၄၀ မမ ဗုံးပစ်လောင်ချာဖြင့် နှစ်ချက် ပစ်ခတ်၍ မောင်းနှင် ထွက်ပြေးခဲ့ကြခြင်း ဖြစ်ကြောင်း၊ ထိုသို့ အကြမ်းဖက်လုပ်ငန်းများ ဆောင်ရွက်ရန်အတွက် လိုအပ် သည့် ငွေကြေးနှင့် လက်နက်/ ခဲယမ်းများကို ဖမ်းဆီးရန်ကျန် တရားခံ **အောင်ကြီး** မှ **ဝင်းဇော်မိုး (ခ) မိုးဟိန်း (ခ) Brain Wave** ထံ ထောက်ပံ့မှုများ ပြုလုပ်ခဲ့ပြီး ဖမ်းဆီးရန်ကျန် တရားခံ **ဝင်းဇော်မိုး (ခ) မိုးဟိန်း (ခ) Brain Wave** က ယာဉ်နှင့် လက်နက်/ခဲယမ်း များ ထုတ်ပေးခဲ့ခြင်း ဖြစ်ကြောင်း ဖော်ထုတ်သိရှိရသည်။

အထက်ပါ ဖမ်းဆီးရမိ တရားခံများအား ဥပဒေအရ ထိရောက်စွာ အရေးယူနိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည် ဖြစ်ကြောင်းနှင့် ဆက်စပ်တရားခံ များအား အမြန်ဆုံးဖမ်းဆီးရမိရေး

ဒီဇင်ဘာ ၉ ရက်တွင် တောင်ဥက္ကလာပမြို့နယ်ရဲတပ်ဖွဲ့စခန်းဝင်းအား ၄၀ မမ ဗုံးသီးဖြင့် ပစ်ခတ်ခံရ သည့် မှတ်တမ်းဓာတ်ပုံ။

ဒီဇင်ဘာ ၉ ရက်တွင် တောင်ဥက္ကလာပမြို့နယ်ရဲတပ်ဖွဲ့စခန်းဝင်းအား ၄၀ မမ ဗုံးသီးဖြင့် ပစ်ခတ်ခံရ သည့် မှတ်တမ်းဓာတ်ပုံ။

အတွက် ၎င်းတို့ပုန်းခိုရာ နေရာ များ၊ လူပ်ရှားသွားလာနေထိုင်မှု သတင်းများရရှိပါက သက်ဆိုင်ရာ သို့ လျှို့ဝှက်စွာ သတင်းပေး တိုင်ကြားနိုင်ပါကြောင်းနှင့် မြို့ရွာ များ အမြန်ဆုံး အေးချမ်းတည်ငြိမ် ရေးအတွက် ပြည်သူတစ်ရပ်လုံး ပူးပေါင်းပါဝင် ကြိုးပမ်းဆောင် ရွက်နိုင်ပါရန် မေတ္တာရပ်ခံ အသိပေးထုတ်ပြန်ထားကြောင်း သက်ဆိုင်ရာမှ သတင်းရရှိသည်။ **သတင်းစဉ်**

အောက်တိုဘာ ၂၇ ရက်တွင် ဒဂုံမြို့သစ် (မြောက်ပိုင်း) မြို့နယ် ၃၃ ရပ်ကွက် သီတဂူဘုန်းတော်ကြီးကျောင်းအနီး၌ လက်လုပ်ဗုံး တွေ့ရှိမှုမှတ်တမ်းဓာတ်ပုံ။

ဒီဇင်ဘာ ၉ ရက်တွင် တောင်ဥက္ကလာပမြို့နယ် ရဲတပ်ဖွဲ့စခန်းဝင်း အား ၄၀ မမ ဗုံးသီးဖြင့် ပစ်ခတ်ခံရသည့် မှတ်တမ်းဓာတ်ပုံ။

အောက်တိုဘာ ၁ ရက်တွင် ဒဂုံမြို့သစ် (မြောက်ပိုင်း) မြို့နယ် ကြိုးတံတားအနီး၌ လက်လုပ်ဗုံးတွေ့ရှိမှု မှတ်တမ်းဓာတ်ပုံ။

မလေးရှားနိုင်ငံ၌ ရေကြီးမှုများကြောင့် နောက်ထပ် ကိုးဦးသေဆုံးမှုနှင့်အတူ စုစုပေါင်း သေဆုံးသူ ၁၇ ဦးအထိရှိလာ

ကွာလာလမ်ပူ ဒီဇင်ဘာ ၂၂

မလေးရှားနိုင်ငံ၌ ကြောက်မက်ဖွယ်ရာ ရေကြီးရေလျှံမှုဖြစ်ပွားခဲ့သည့်အတွက် နောက်ထပ် ကိုးဦးသေဆုံးကြောင်းဖော်ပြမှုနှင့်အတူ စုစုပေါင်း သေဆုံးသူ ၁၇ ဦးအထိတိုးလာကြောင်း ဆီလန်ဂေါ အာဏာပိုင်များက ထုတ်ပြန်ကြေညာချက်တွင်ဖော်ပြခဲ့သည်။

ရေစတင်ကျလာသည့်အတွက် နောက်ထပ် သေဆုံးသူများကို ထပ်တွေ့ရနိုင်ကြောင်း ဆီလန်ဂေါ ပြည်နယ်ဝန်ကြီးချုပ် အမီရူဒင်ရှာရီက သတင်းစာရှင်းလင်းပွဲတွင် ပြောကြားခဲ့သည်။ ပြည်နယ်အစိုးရသည် ရေဘေးဒုက္ခသည်များကို ကူညီရန်လိုအပ်သော အရင်းအမြစ်များကို အသင့်ပြင်ဆင်ထားကြောင်း သိရသည်။

ယခုလိုအချိန်တွင် မိမိတို့၏ အဓိက ဦးတည်ချက်သည် ရှာဖွေကယ်ဆယ်ရေးများကိုထိထိရောက်ရောက် လုပ်ဆောင်သွားနိုင်ရန်နှင့် အကူအညီ လိုအပ်သူများထံ အရောက်လှမ်းနိုင်ရန်ပင်ဖြစ်ကြောင်း ပြည်နယ်ဝန်ကြီးချုပ်က ပြောသည်။

ထို့အတူ ဒီဇင်ဘာ ၂၁ ရက် ဒေသစံတော်ချိန်ည ၁၀ နာရီအထိ ပြည်နယ် ခုနစ်ခုအပါအဝင် မြို့တော် ကွာလာလမ်ပူပြည်ထောင်စုနယ်မြေတွင် ရေကြီးနစ်မြုပ်မှုကြောင့် ရွှေ့ပြောင်းရသူပေါင်း ဖိုး၄၄၀၀ ကျော် ရှိလာကြောင်း မလေးရှားလူမှုဖူလုံရေးဌာနက ထုတ်ပြန်လိုက်သော သတင်းအချက်အလက်များအရ သိရသည်။

ရေကြီးနစ်မြုပ်မှုအဆိုးဆုံးဖြစ်ပွားသော ဒေသမှာ မလေးရှားနိုင်ငံ အရှေ့ဘက် ကမ်းရိုးတန်းတစ်လျှောက် ပီဟန်ဒေသဖြစ်ပြီး လူပေါင်း ၄၂၀၀၀ ကျော် ရေဘေးဒုက္ခကယ်ဆယ်ရေးစခန်းများသို့ ပြောင်းရွှေ့နေထိုင်ကြရသည်။ ထို့နောက် ဆီလန်ဂေါ ပြည်နယ်တွင်လည်း လူပေါင်း ၂၃၀၀၀ ကျော် ဘေးလွတ်ရာသို့ ပြောင်းရွှေ့ခဲ့ရသည်။

မလေးရှားနိုင်ငံတွင် မိုးပိုလာနိုင်ကြောင်း မိုးလေဝသဌာနက သတိပေးခဲ့သည်။ ဝန်ကြီးချုပ် အစ္စမေးလယ်ဘ့ကော့ဘ်သည် သက်ဆိုင်ရာ ပြည်နယ်ဝန်ကြီးချုပ်များအား ရေကြီးမှုကိုရင်ဆိုင်ရန် ပြင်ဆင်ထားသည်ကိုတွေ့ရှိခဲ့ကြောင်း ပြောကြားခဲ့သည်။

မလေးရှားနိုင်ငံ ဆီလန်ဂေါပြည်နယ် ဟူလူလန်ဂတ်တွင် ရေကြီးနစ်မြုပ်ပြီးနောက် တွေ့ရှိရသည့် အပျက်အစီးများနှင့် ရွှံ့ညွန်များကို ဒေသခံများ ရှင်းလင်းနေစဉ်။

ကမ်းရိုးတန်း ပြည်နယ်များသည် နှစ်စဉ် ရေကြီးမှုအန္တရာယ်ကို ကြုံတင်ပြင်ဆင်ထားချိန်တွင် ဆီလန်ဂေါအခြေအနေသည် မခန့်မှန်းနိုင်အောင်ဖြစ်ခဲ့ကြောင်းနှင့် သဘာဝဘေးအန္တရာယ်စီမံခန့်ခွဲရေးအပေါ် တုံ့ပြန်ရေးနှင့်ပတ်သက်ပြီး ပြဿနာများ ရှိကြောင်း သိရသည်

ဆင်ဟွာ

အိုမီခရွန် ဗိုင်းရပ်စ်သစ်ကူးစက်ဖြစ်ပွားခြင်းကို စိုးရိမ်သည့်အတွက် တင်းကျပ်သည့် နယ်စပ်ထိန်းချုပ်မှုများကို ဆက်လက်ထားရှိသွားမည်ဖြစ်ကြောင်း ဂျပန်ပြော

တိုကျို ဒီဇင်ဘာ ၂၂

ဂျပန် ဝန်ကြီးချုပ် ဖူမီယို ကီရှီးဒါး။

အိုမီခရွန်ဗိုင်းရပ်စ်သစ် ကူးစက်ပျံ့နှံ့မှုကို စိုးရိမ်သည့်အတွက် ဂျပန်နိုင်ငံသည် ၎င်း၏တင်းကျပ်သည့် နယ်စပ်ထိန်းချုပ်မှုဆိုင်ရာ ဆောင်ရွက်ချက်များကို ဆက်လက်ထားရှိသွားမည် ဖြစ်ကြောင်း ဂျပန်ဝန်ကြီးချုပ် ဖူမီယိုကီရှီးဒါးက ပြောကြားလိုက်သည်။

၁၆ ရက်ကြာ လွှတ်တော်အစည်းအဝေး ပြီးနောက် သတင်းစာရှင်းလင်းပွဲသို့ ပြောကြားရာတွင် ကီရှီးဒါးက ဂျပန်နိုင်ငံ၌ အစုလိုက် အိုမီခရွန်ဗိုင်းရပ်စ်သစ် ကူးစက်ဖြစ်ပွားမှု မဖြစ်သေးကြောင်း၊ သို့သော်လည်း ဂျပန်နိုင်ငံသည် အပိုဆောင်း ကိုဗစ်-၁၉ ကာကွယ်ဆေးထိုးနှံခြင်းအားဖြင့် ကိုဗစ်-၁၉ ကာကွယ် တားဆီးရေး လုပ်ငန်းများကို ကြိုတင်ဆောင်ရွက်ထားနိုင်ရေး အရှိန်အဟုန်မြှင့် လုပ်ဆောင်လျက် ရှိကြောင်းနှင့် ကိုဗစ်-၁၉ သောက်ဆေးကိုလည်း ထုတ်လုပ်နိုင်ရေး ကြိုးစားလျက်ရှိကြောင်း သိရသည်။

အိုမီခရွန်ဗိုင်းရပ်စ်သစ် မည်သို့မည်ပုံကူးစက်ပျံ့နှံ့မှုနှင့် ပတ်သက်ပြီး သိပ္ပံနည်းကျဆိုင်ရာ အကဲဖြတ်မှတ်ချက်များနှင့် အိုမီခရွန်ဗိုင်းရပ်စ်သစ်သည် မည်မျှလောက်ပြင်းထန်ကြောင်း ထုတ်ပြန်ဖော်ပြခြင်းမရှိသေးကြောင်း ကီရှီးဒါးက ပြောကြားခဲ့သည်။ ကိုဗစ်-၁၉ ဆန့်ကျင်တားဆီးရေးကို ဦးစားပေး ကိစ္စရပ်တစ်ခုအနေဖြင့် လုပ်ဆောင်သွားမည် ဖြစ်ကြောင်း အောက်တိုဘာလက ဝန်ကြီးချုပ်တာဝန် ထမ်းဆောင်ခဲ့သော ကီရှီးဒါးက ဆက်လက်ပြောကြားခဲ့သည်။

လတ်တလောတွင် နယ်စပ်ထိန်းချုပ်ဆောင်ရွက်ချက်များကို သက်တမ်းတိုး ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ၎င်းက ဆက်လက် ပြောကြားခဲ့သည်။ ဂျပန်အစိုးရသည် နိုင်ငံရပ်ခြားမှ လာရောက်သူများကို ဝင်ခွင့်တားမြစ်ထားကြောင်း သိရသည်။ ဂျပန်နိုင်ငံသားများနှင့် ဂျပန်နိုင်ငံတွင် အမြဲနေထိုင်ခွင့်ရရှိသူများသည် သက်ဆိုင်ရာနေရာများတွင် ကွာရန်တင်းဝင်ရမည်ဖြစ်ကြောင်း သိရသည်။

ကိုဗစ်-၁၉ ကူးစက်ထားကြောင်း တွေ့ရှိခဲ့သူများကို အိုမီခရွန် ဗိုင်းရပ်စ်သစ်ကူးစက်ခံထားရခြင်းရှိ၊ မရှိ ထပ်မံ စစ်ဆေးသွားမည်ဖြစ်ကြောင်း သိရသည်။ ဂျပန်နိုင်ငံသည် လတ်တလောတွင် ကာကွယ်ဆေးထိုးရေး အစီအစဉ်များကို အရှိန်အဟုန်မြှင့် လုပ်ဆောင်လျက်ရှိသည်။

ဆင်ဟွာ

အိန္ဒိယနိုင်ငံ၌ အိုမီခရွန်ဗိုင်းရပ်စ်သစ်ကူးစက်ဖြစ်ပွားသူပေါင်း ၂၁၃ ဦးအထိရှိ

နယူးဒေလီ ဒီဇင်ဘာ ၂၂

အိန္ဒိယနိုင်ငံ၌ လွန်ခဲ့သော ၂၄ နာရီအတွင်း ကိုဗစ်-၁၉ ထပ်မံကူးစက်ဖြစ်ပွားသူ ဖိ၃၁၇ ဦးရှိလာသောကြောင့် ဒီဇင်ဘာ ၂၂ ရက်တွင် ကိုဗစ်-၁၉ ကူးစက်ဖြစ်ပွားသူပေါင်း ၃၄၇၅၈၄၁ ဦးအထိ ရှိလာခဲ့ကြောင်း ကျန်းမာရေးဝန်ကြီးဌာန၏ နောက်ဆုံးထုတ်ပြန်လိုက်သော အချက်အလက်များတွင် ဖော်ပြထားသည်။

ကိုဗစ်-၁၉ ကြောင့် ထပ်မံသေဆုံးသူ ၃၁၈ ဦးရှိလာမှုနှင့်အတူ စုစုပေါင်း ကိုဗစ်-၁၉ ကြောင့် သေဆုံးသူ ၄၇၈၃၂၅ ဦးအထိ ရောက်ရှိလာခဲ့သည်။ အိန္ဒိယနိုင်ငံ၌ လတ်တလော ကိုဗစ်-၁၉ ကူးစက်ဖြစ်ပွားလျက်ရှိသူ ၇၈၁၉၀ ရှိခဲ့သည်။ ကိုဗစ်-၁၉ ကူးစက်ဖြစ်ပွားသူ အရေအတွက် ၅၇၅ ရက်အတွင်း အနည်းဆုံးဖြစ်ခဲ့ကြောင်း ကျန်းမာရေးဝန်ကြီးဌာန၏ ထုတ်ပြန်ကြေညာချက်တွင် ဖော်ပြထားသည်။

လွန်ခဲ့သော ၂၄ နာရီက ကိုဗစ်-၁၉ ကူးစက်ဖြစ်ပွားမှုမှ ပျောက်ကင်းသွားပြီး ဆေးရုံမှ ဆင်းလာသူ ဖ၉၀ဖ ဦးအပါအဝင် စုစုပေါင်း ကိုဗစ်-၁၉ ကင်းစင်သွားသူ ၃၄၂၀၁၃၉ဖ၆ ဦး ရှိလာပြီဖြစ်သည်။ လတ်တလော အိန္ဒိယနိုင်ငံတွင် အိုမီခရွန်ဗိုင်းရပ်စ်သစ် ကူးစက်ဖြစ်ပွားသူပေါင်း ၂၁၃ ဦးအထိရှိလာပြီဖြစ်သည်။ ဒေလီနှင့် မဟာရက်ရှ်တရာတို့တွင် အိုမီခရွန်ဗိုင်းရပ်စ်သစ် ကူးစက်ဖြစ်ပွားသူ ၅၇ ဦးနှင့် ၅၄ ဦး အသီးသီးဖြစ်ကြသည်။ လတ်တလောတွင် အိုမီခရွန်ဗိုင်းရပ်စ်သစ် ကူးစက်လူနာ ၉၀ ပြန်ကောင်းလာပြီဖြစ်ကြောင်း ကျန်းမာရေးဝန်ကြီးဌာနက ဖော်ပြသည်။

ဆင်ဟွာ

အိုမီခရွန်ဗိုင်းရပ်စ်သစ်ကြောင့် ကိုဗစ်-၁၉ ကူးစက်မှုမြင့်တက်လာမည်ကို ဖိလစ်ပိုင်သမ္မတ ရိုဒရီကိုဒူတာတေး စိုးရိမ်လျက်ရှိ

မနီလာ ဒီဇင်ဘာ ၂၂

ဖိလစ်ပိုင်နိုင်ငံ၌ ဒီဇင်ဘာ၂၂ ရက်က ကိုဗစ်-၁၉ ထပ်မံကူးစက်ဖြစ်ပွားသူ ၂ဖ၁ ဦးတိုးလာပြီးနောက် နိုင်ငံအတွင်း ကိုဗစ်-၁၉ ကူးစက်ဖြစ်ပွားသူပေါင်း ၂၈၃၇၇၈၄ ဦးအထိ ရှိလာခဲ့ကြောင်း ဖိလစ်ပိုင် ကျန်းမာရေးဝန်ကြီးဌာန (ဒီအိုအိတ်ချ်) က သတင်းထုတ်ပြန်ဖော်ပြလိုက်သည်။

နိုင်ငံအတွင်း ကိုဗစ်-၁၉ ကြောင့် ၁၂၂ ဦး ထပ်မံသေဆုံးမှုနှင့်အတူ စုစုပေါင်း ကိုဗစ်-၁၉ သေဆုံးသူပေါင်း ၅၀၉၁ဖ ဦးအထိ ရှိလာခဲ့သည်။ ဖိလစ်ပိုင်သမ္မတ ရိုဒရီကိုဒူတာတေးက အိုမီခရွန် ဗိုင်းရပ်စ်သစ်ကြောင့် ကိုဗစ်-၁၉ ကူးစက်ဖြစ်ပွားမှု မြင့်တက်လာမည်ကို စိုးရိမ်လျက်ရှိသည်။

နေ့စဉ် ကိုဗစ်-၁၉ ကူးစက်ဖြစ်ပွားမှုသည် စက်တင်ဘာ ၁၁ ရက်က ၂ဖ၃၀၃ ဦးဖြင့် အမြင့်ဆုံးဖြစ်ခဲ့သည်။ အရှေ့တောင်အာရှ နိုင်ငံတစ်နိုင်ငံဖြစ်သော ဖိလစ်ပိုင်နိုင်ငံ၌ လူဦးရေသန်း ၁၁၀ ရှိသည့် အနက် ကိုဗစ်-၁၉ စမ်းသပ်စစ်ဆေးပြီးသူပေါင်း ၂၃ သန်း ကျော်လွန်လာပြီဖြစ်သည်။

ဆင်ဟွာ

မလေးရှား၌ ကိုဗစ်-၁၉ အတည်ပြုလူနာစုစုပေါင်း ၂၇၂၄ဖ၆၈၄ ဦးရှိလာ

ကွာလာလမ်ပူ ဒီဇင်ဘာ ၂၂

မလေးရှားနိုင်ငံ၌ ဒီဇင်ဘာ ၂၂ ရက်ညသန်းခေါင် အချိန်အထိ ကိုဗစ်-၁၉ ထပ်မံကူးစက်ဖြစ်ပွားသူ ၃၁၄၀ အထိ ရှိခဲ့ပြီးနောက် နိုင်ငံအတွင်း ကိုဗစ်-၁၉ အတည်ပြု လူနာစုစုပေါင်း ၂၇၂၄ဖ၆၈၄ ဦး ရှိလာပြီဖြစ်သည်။

အသစ်ထပ်မံ ကူးစက်ဖြစ်ပွားသော ကိုဗစ်-၁၉ ကူးစက်ဖြစ်ပွားသူများအနက် ၅၈ ဦးမှာ ပြည်ပကူးစက်သူများဖြစ်ပြီး၃၀၈၂ ဦးမှာ ပြည်တွင်း ကူးစက်သူများဖြစ်ကြောင်း ကျန်းမာရေးဝန်ကြီးဌာန၏ ဝက်ဘ်ဆိုက်တွင် ဖော်ပြထားသည်။

ထို့အပြင် ကိုဗစ်-၁၉ ကြောင့် ၅၇ ဦး ထပ်မံသေဆုံးခဲ့ရာ စုစုပေါင်း ကိုဗစ်-၁၉ ကြောင့် သေဆုံးသူပေါင်းမှာ ၃၁၁၉၂ ဦးအထိ ရှိလာပြီဖြစ်သည်။ ကိုဗစ်-၁၉ ကူးစက်ဖြစ်ပွားမှုမှ ပြန်လည်ကောင်းမွန်လာပြီး ဆေးရုံမှ ဆင်းလာသူ ၄၂၇၈ ဦး အပါအဝင် စုစုပေါင်း ကိုဗစ်-၁၉ ကင်းစင်သွားသူပေါင်း ၂ဖ၄၂၄ဖ၉ ဦး ရှိပြီဖြစ်သည်။

နိုင်ငံအတွင်း ကိုဗစ်-၁၉ ကာကွယ်ဆေး အနည်းဆုံး တစ်ကြိမ် ထိုးပြီးသူပေါင်း ၇၉ ဒသမ ၅ ရာခိုင်နှုန်းရှိပြီး အပြည့်အဝထိုးနှံပြီးသူပေါင်း ၇၈ ဒသမ ၃ ရာခိုင်နှုန်းအထိ ရှိလာပြီဖြစ်သည်။

ဆင်ဟွာ

ကိုဗစ် – ၁၉ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေး သတင်းအချက်အလက်နှင့် အသိပညာပေး

ဒီဇင်ဘာ ၂၂ ရက် ည ၈ နာရီ ထုတ်ပြန်ချက်အရ ကိုဗစ်-၁၉ ရောဂါ ဓာတ်ခွဲအတည်ပြုလူနာသစ် ၁၉၉ ဦး တွေ့ရှိ

ထပ်မံသေဆုံးသူ ငါးဦးရှိသဖြင့် ယနေ့အထိ သေဆုံးသူ စုစုပေါင်း ၁၉၂၃၅ ဦးရှိ

ကိုဗစ်-၁၉ ဗီဇပြောင်းမျိုးကွဲ Omicron (အိုမီခရွန်)ရောဂါပိုး နိုင်ငံပေါင်း ၁၀၄ နိုင်ငံ ပျံ့နှံ့

(၂၂-၁၂-၂၀၂၁) ရက်နေ့၊ ည (၈:၀၀) နာရီ

ကျန်းမာရေးဝန်ကြီးဌာနအနေဖြင့် နိုင်ငံအတွင်း ကူးစက်ဖြစ်ပွားနေသော ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ကုသ၊ ထိန်းချုပ်ရေးလုပ်ငန်းများကို အရှိန်အဟုန်မြင့်ဆောင်ရွက်လျက်ရှိရာ ရောဂါ ထိန်းချုပ်ရေးလုပ်ငန်းများ အောင်မြင်နိုင်ရေးအတွက် **ပြည်သူလူထုအနေဖြင့် ကျန်းမာရေးဝန်ကြီးဌာနမှထုတ်ပြန်ထားသော ကိုဗစ်-၁၉ ရောဂါ ကာကွယ်ထိန်းချုပ်ရေးဆိုင်ရာစည်းကမ်းများကို စနစ်တကျ လိုက်နာဆောင်ရွက်ရန် လိုအပ်ပြီး ကိုဗစ်-၁၉ ကာကွယ်ဆေး ထိုးနှံ့မှုခံယူခြင်းအား အထူးဂရုပြု ပူးပေါင်းဆောင်ရွက်ကြရန်** လိုအပ်ပါသည်။

ကိုဗစ်-၁၉ သံသယလူနာများ၊ ဓာတ်ခွဲအတည်ပြုလူနာနှင့် အနီးကပ်ထိတွေ့ခဲ့သူများနှင့် အသွားအလာကန့်သတ်ထားရှိသူများအား ကိုဗစ်-၁၉ ရောဂါ ရှိ၊ မရှိ ဓာတ်ခွဲစမ်းသပ်စစ်ဆေးခြင်းအား ပုံမှန်ဆောင်ရွက်လျက်ရှိပြီး (၂၁-၁၂-၂၀၂၁) ရက်နေ့၊ ည (၈:၀၀) နာရီမှ (၂၂-၁၂-၂၀၂၁) ရက်နေ့၊ ည (၈:၀၀) နာရီအတွင်း ဓာတ်ခွဲနမူနာစုစုပေါင်း (၁၃,၅၇၇) ခုအား စစ်ဆေးပြီးစီးခဲ့ရာ **ကိုဗစ်-၁၉ ရောဂါ ဓာတ်ခွဲအတည်ပြုလူနာသစ် (၁၉၉) ဦး တွေ့ရှိ**ရပါသည်။ ထို့ကြောင့် ယနေ့အတွက် **ရောဂါပိုး တွေ့ရှိမှု ရာခိုင်နှုန်းမှာ (၁.၄၇) ရာခိုင်နှုန်း**ရှိပါသည်။

သို့ဖြစ်ပါ၍ ယနေ့အထိ ဓာတ်ခွဲနမူနာစုစုပေါင်း (၅,၉၃၇,၃၈၉) ခုအား စစ်ဆေးခဲ့ပြီး **ကိုဗစ်-၁၉ ဓာတ်ခွဲအတည်ပြုလူနာ စုစုပေါင်း (၅၂၈,၈၃၈) ဦး ရှိပြီ** ဖြစ်ပါသည်။

ယနေ့တွင် ဆေးရုံဆင်းခွင့်ရရှိသူ(၂၁၀) ဦး ဖြစ်သဖြင့် ယနေ့အထိ စုစုပေါင်း (၅၀၆,၃၀၆) ဦး ဆေးရုံမှ ဆင်းခွင့်ရရှိပြီး ဖြစ်ပါသည်။ ကိုဗစ်-၁၉ ရောဂါဖြင့် **ထပ်မံသေဆုံးသူ (၅) ဦး ရှိသဖြင့် ယနေ့အထိ သေဆုံးသူစုစုပေါင်း (၁၉,၂၃၅) ဦး** ရှိပါသည်။

ကိုဗစ်-၁၉ ရောဂါ ကာကွယ်ထိန်းချုပ်ရေးအတွက် တိုင်းဒေသကြီး/ပြည်နယ်များတွင် ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေးကို ဦးတည်အုပ်စုများသတ်မှတ်၍ ထိုးနှံ့ပေးလျက်ရှိရာ (၂၁-၁၂-၂၀၂၁) ရက်နေ့အထိ လူဦးရေ စုစုပေါင်း (၂၀,၁၀၉,၄၉၅) ဦးအား ထိုးနှံ့ပေးပြီးဖြစ်၍ ကာကွယ်ဆေးနှစ်ကြိမ် အပြည့် ထိုးနှံ့ပြီးစီးသူ (၁၄,၁၁၈,၀၃၉) ဦး နှင့် ပထမအကြိမ်ထိုးနှံ့ပြီးစီးသူ (၅,၉၉၁,၄၅၆) ဦး ရှိပြီ ဖြစ်ပါသည်။ သို့ဖြစ်ပါ၍ (၂၁-၁၂-၂၀၂၁) ရက်နေ့အထိ မြန်မာနိုင်ငံတွင် ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေး အကြိမ်ရေ စုစုပေါင်း (၃၄,၂၂၇,၅၃၄) ကြိမ် ထိုးနှံ့ပြီးဖြစ်ပါသည်။

ဓာတ်ခွဲခန်းများနှင့် တိုင်းဒေသကြီး/ ပြည်နယ်များတွင် ဓာတ်ခွဲစမ်းသပ်မှုအခြေအနေ

(၂၂-၁၂-၂၀၂၁) ရက်နေ့၊ ည (၈:၀၀) နာရီ

ဓာတ်ခွဲဌာနအမည်	စစ်ဆေးခဲ့သည့် ဓာတ်ခွဲနမူနာ စုစုပေါင်း	ပိုးတွေ့ လူနာသစ်
ကျန်းမာရေးဝန်ကြီးဌာန၊ ဓာတ်ခွဲခန်းများ	(၁,၄၁၉)ခု	(၃၁)ဦး
နေပြည်တော်ကောင်စီ၊ တိုင်းဒေသကြီးနှင့်ပြည်နယ်များရှိ ဆေးရုံများတွင် GeneXpert စက်များဖြင့် ဓာတ်ခွဲစမ်းသပ်မှုအခြေအနေ	(၁၃၃)ခု	(၂)ဦး
ရန်ကုန်မြို့၊ အမှတ် (၁) တပ်မတော်ဆေးရုံကြီး (ခုတင် ၁၀၀၀)	(၂၅၈)ခု	(၃)ဦး
နေပြည်တော်၊ အမှတ် (၂) တပ်မတော်ဆေးရုံကြီး (ခုတင် ၁၀၀၀)	(၅၇)ခု	-
လားရှိုးမြို့၊ အမှတ် (၉) တပ်မတော်ဆေးရုံ (ခုတင် ၁၀၀)	(၂၀)ခု	(၃)ဦး
ကလေးမြို့၊ တပ်မတော် Mobile PCR Team	(၄)ခု	(၁)ဦး
ပုဂ္ဂလိကဆေးရုံနှင့် ဓာတ်ခွဲခန်းများ	(၁,၂၆၁)ခု	-
နေပြည်တော်ကောင်စီ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်များရှိ ဆေးရုံများတွင် COVID-19 Rapid Antigen Diagnostic Test စစ်ဆေးမှုအခြေအနေ	(၅၃၀)ခု	(၅)ဦး
နေပြည်တော်ကောင်စီ၊ တိုင်းဒေသကြီးနှင့် ပြည်နယ် ပြည်သူ့ကျန်းမာရေးဦးစီးဌာနများတွင် COVID-19 Rapid Antigen Diagnostic Test စစ်ဆေးမှုအခြေအနေ	(၉,၈၉၅)ခု	(၁၅၄)ဦး
စုစုပေါင်း	**(၁၃,၅၇၇)ခု**	**(၁၉၉)ဦး**

ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးထိုးနှံ့နိုင်မှုအခြေအနေ

(၂၁-၁၂-၂၀၂၁) ရက်နေ့

ကာကွယ်ဆေးထိုးနှံ့မှု	အရေအတွက်
ပထမအကြိမ်ထိုးနှံ့ပြီး လူဦးရေ	(၅,၉၉၁,၄၅၆) ဦး
ကာကွယ်ဆေး (၂)ကြိမ်အပြည့် ထိုးနှံ့ပြီး လူဦးရေ	(၁၄,၁၁၈,၀၃၉) ဦး
ပထမအကြိမ်ထိုးနှံ့ပြီး လူဦးရေနှင့် (၂)ကြိမ်အပြည့် ထိုးနှံ့ပြီး လူဦးရေစုစုပေါင်း	(၂၀,၁၀၉,၄၉၅) ဦး
စုစုပေါင်း ထိုးနှံ့ပြီးသော ကာကွယ်ဆေး အကြိမ်ပေါင်း (Vaccine Doses)	(၃၄,၂၂၇,၅၃၄) ကြိမ်

- **ကိုဗစ်-၁၉ ဗီဇပြောင်းမျိုးကွဲ Omicron (အိုမီခရွန်) ရောဂါပိုးသည် (၂၂-၁၂-၂၀၂၁) ရက်နေ့၊ (၁၇:၀၀) နာရီအချိန်အထိ နိုင်ငံပေါင်း (၁၀၄) နိုင်ငံတို့တွင် ပျံ့နှံ့လျက်ရှိကာ အတည်ပြုလူနာ စုစုပေါင်း (၁၀၅,၃၂၃) ဦး ရှိပြီး အာဖရိကနိုင်ငံများ၊ ဥရောပနိုင်ငံများ၊ အမေရိကန်၊ ကနေဒါ၊ ဂျပန်၊ တောင်ကိုရီးယား၊ ဟောင်ကောင်၊ ဩစတြေးလျှနိုင်ငံ အစရှိသည်တို့တွင် အတည်ပြုတွေ့ရှိရပြီး ဖြစ်သည့်အပြင် အိမ်နီးချင်းနိုင်ငံများဖြစ်သော အိန္ဒိယနိုင်ငံ၊ ထိုင်းနိုင်ငံ၊ ဘင်္ဂလားဒေ့ရှ်နိုင်ငံနှင့် တရုတ်ပြည်သူ့သမ္မတနိုင်ငံ၊ ဒေသတွင်းနိုင်ငံများဖြစ်သော သီရိလင်္ကာနိုင်ငံ၊ နီပေါနိုင်ငံ၊ စင်ကာပူနိုင်ငံ၊ မော်လဒိုက်နိုင်ငံ၊ မလေးရှားနိုင်ငံ၊ ဖိလစ်ပိုင်နိုင်ငံ၊ ကမ္ဘောဒီးယားနိုင်ငံ၊ အင်ဒိုနီးရှားနိုင်ငံနှင့် ဘရူနိုင်းနိုင်ငံတို့တွင်လည်း ဓာတ်ခွဲအတည်ပြုလူနာများ တွေ့ရှိကြောင်း သိရှိရပါသည်။**
- **ကျန်းမာရေးဝန်ကြီးဌာနသည် ကိုဗစ်-၁၉ ဗီဇပြောင်းမျိုးကွဲ Omicron (အိုမီခရွန်) နှင့် ပတ်သက်၍ ကမ္ဘာတစ်ဝန်းဖြစ်ပွားမှု အခြေအနေများကို မျက်ခြည်မပြတ် စောင့်ကြပ်ကြည့်ရှုလျက်ရှိကာ မိမိတို့နိုင်ငံအတွင်းသို့ ဝင်ရောက်ကူးစက်မှုမရှိစေရန် အချိန်နှင့်တစ်ပြေးညီ အားသွန်ခွန်စိုက် ဆောင်ရွက်လျက်ရှိပါ၍ ပြည်သူလူထုအနေဖြင့်လည်း အဆိုပါရောဂါပိုးနှင့်ပတ်သက်၍ အလွန်အမင်း စိုးရိမ်ကြောင့်ကြခြင်းမပြုဘဲ တစ်ဦးချင်း ကိုဗစ်-၁၉ ရောဂါ ကာကွယ်ရေး အခြေခံစည်းမျဉ်းစည်းကမ်းများကို လိုက်နာခြင်း၊ သံသယရောဂါလက္ခဏာရှိသူများအနေဖြင့် နီးစပ်ရာကျန်းမာရေးဌာနသို့ ချက်ချင်းသတင်းပေးပို့ခြင်း၊ အလှည့်ကျရရှိလာသည့် ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးထိုးနှံ့မှု မပျက်မကွက် အကြိမ်ပြည့်ခံယူခြင်းနှင့် ကာကွယ်ဆေးထိုးရန် ကျန်ရှိသူများကို ကာကွယ်ဆေးထိုးနှံ့ပေးနိုင်ရန်အတွက် ကျန်းမာရေးဌာနသို့ ဆက်သွယ်ပို့ဆောင်ပေးခြင်း စသည်တို့ကို မမေ့မလျော့ သတိပြု၍ ဆောင်ရွက်ကြပါရန်နှင့် မိမိတို့နိုင်ငံသို့ ကိုဗစ်-၁၉ ဗီဇပြောင်းမျိုးကွဲများ ဝင်ရောက်ကူးစက်မလာစေရေး ကျန်းမာရေးဝန်ကြီးဌာနက ကြိုးပမ်းဆောင်ရွက်နေသည့် လုပ်ငန်းများကို ကျေးဇူးတင်စွာ ပူးပေါင်းပါဝင်ဆောင်ရွက်ပေးကြပါရန် အသိပေးတိုက်တွန်း နှိုးဆော်အပ်ပါသည်။**
- **ကိုဗစ်-၁၉ ရောဂါဆိုင်ရာ သတင်းအချက်အလက်များကို ကျန်းမာရေးဝန်ကြီးဌာန၏ တရားဝင် အင်တာနက်စာမျက်နှာ www.moh.gov.mm တွင် ဝင်ရောက်ကြည့်ရှုနိုင်ပါသည်။**

ကျန်းမာရေးဝန်ကြီးဌာန

၂၂-၁၂-၂၀၂၁ ရက်၊ ကိုဗစ်-၁၉ ရောဂါဖြစ်ပွားမှု အများဆုံး ၁၀ နိုင်ငံ၏ အခြေအနေ

စဉ်	နိုင်ငံ	ဓာတ်ခွဲအတည်ပြု လူနာ စုစုပေါင်း	ရောဂါပိုး ကင်းစင်သွားသူ	သေဆုံးသူဦးရေ စုစုပေါင်း
၁။	အမေရိကန်	၅,၂၂၅,၃၃၈	၄,၀၈၀,၁၂,၂	၈,၃,၉,၉,၀
၂။	အိန္ဒိယ	၃,၄,၅,၈,၈,၁	၃,၄,၀,၁,၉,ဖ,ဖ	၄,၇,၈,၃,၅
၃။	ဘရာဇီး	၂,၂,၁,ဖ,၄,၇	၂,၁,၄,၃,၃,၁	ဖ,၁,ဖ,ဖ,၁
၄။	ဗြိတိန်	၁,၁,၅,၂,၁,၄,၃	၉,ဝ,၇,၃,ဝ,ဖ	၁,ဝ,ဝ,ဝ,ဝ
၅။	ရုရှား	၁,ဝ,၂,ဖ,ဖ,ဝ	၉,ဝ,ဖ,ဝ,ဖ,ဖ	၃,ဝ,ဝ,ဖ,ဖ
၆။	တူရကီ	၈,၂,ဝ,ဝ,ဝ	၈,ဝ,ဝ,ဝ,ဝ	၈,ဝ,ဝ,ဝ
၇။	ပြင်သစ်	၈,ဝ,ဝ,ဝ,ဖ	၇,ဖ,ဝ,ဝ,ဖ	၁,ဝ,ဖ,ဝ,ဖ
၈။	ဂျာမနီ	ဖ,ဖ,ဖ,ဝ,ဖ	၅,ဖ,ဝ,ဝ,ဝ	၁,ဝ,ဖ,ဝ,ဖ
၉။	အီရန်	ဖ,ဝ,ဝ,ဖ,ဝ	ဖ,ဝ,ဖ,ဝ,ဝ	၁,ဝ,ဝ,ဝ
၁၀။	စပိန်	၅,ဝ,ဝ,ဝ,ဝ	၄,ဖ,ဝ,ဝ,ဝ	၈,ဝ,ဝ,ဝ

အာဆီယံနိုင်ငံများမှ ကိုဗစ်-၁၉ ရောဂါ သတင်းထုတ်ပြန်ချက်

၂၂ - ၁၂ - ၂၀၂၁

နိုင်ငံ	ကိုဗစ်-၁၉ ရောဂါ ဓာတ်ခွဲအတည်ပြုလူနာ	ရောဂါပိုး ကင်းစင်သွားသူ	ပိုးတွေ့သေဆုံး လူနာ
အင်ဒိုနီးရှား	၄,ဖ,ဝ,ဝ,၅	၄,ဝ,၁,ဖ,ဖ,၅	၁,၄,ဝ,ဝ,၄
ဖိလစ်ပိုင်	၂,ဝ,ဝ,ဝ,ဝ,၄	၂,ဝ,ဝ,ဖ,ဝ	၅,ဝ,ဖ,ဝ
မလေးရှား	၂,ဝ,၄,ဖ,ဝ,၄	၂,ဖ,၄,ဖ,ဖ	၁,ဝ,ဝ,ဖ
ထိုင်း	၂,ဝ,ဖ,ဝ,ဖ,ဝ	၂,ဝ,ဖ,ဝ,ဝ	၂,ဝ,ဝ,ဝ
ဗီယက်နမ်	၁,ဝ,ဝ,ဝ,ဝ	၁,ဝ,ဝ,ဝ,ဝ	၁,ဝ,ဝ,ဝ
မြန်မာ	၅,ဝ,ဝ,ဝ	၅,ဝ,ဖ,ဝ	၁,ဖ,ဝ,ဝ
စင်ကာပူ	၂,ဝ,ဖ,ဝ	၂,ဝ,ဝ,ဝ	ဝ,ဝ
ကမ္ဘောဒီးယား	၁,ဝ,ဝ,ဝ	၁,ဝ,ဖ,ဝ	၁,ဝ,ဖ
လာအို	၁,ဝ,ဝ,ဖ,ဝ	ဝ,ဖ,ဝ,ဝ	၂,ဝ
ဘရူနိုင်း	၁,ဝ,ဝ,ဖ	၁,ဝ,ဝ,ဝ	ဖ,ဝ

ဟင်းသီးဟင်းရွက်ဆီ (Vegetable Oil, Cooking Oil) နှင့် စပ်လျဉ်း၍ ကုန်အညွှန်းအမှတ်အသား ဖော်ပြရာတွင် စီးပွားရေးလုပ်ငန်းရှင်များ လိုက်နာဆောင်ရွက်ရန် ညွှန်ကြားချက်

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန
ညွှန်ကြားချက်အမှတ် ၁ / ၂၀၂၁
၁၃၈၃ခုနှစ်၊ နတ်တော်လပြည့်ကျော် ၄ ရက်
(၂၀၂၁ ခုနှစ်၊ ဒီဇင်ဘာလ ၂၂ ရက်)

စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေး ဝန်ကြီးဌာနသည် စားသုံးသူကာကွယ်ရေးဥပဒေ (၂၀၁၉ ခုနှစ်၊ ပြည်ထောင်စုလွှတ်တော် ဥပဒေအမှတ် ၉။) ပုဒ်မ ၈၃ ပုဒ်မခွဲ (ခ) အရအပ်နှင်းထားသော လုပ်ပိုင်ခွင့်ကို ကျင့်သုံး၍ ဤညွှန်ကြားချက်ကို ထုတ်ပြန်လိုက်သည်။

ဟင်းသီးဟင်းရွက်ဆီ (Vegetable Oil, Cooking Oil) နှင့် စပ်လျဉ်း၍ ကုန်အညွှန်းအမှတ်အသား ဖော်ပြရာတွင် စီးပွားရေးလုပ်ငန်းရှင်များ လိုက်နာဆောင်ရွက်ရန် ညွှန်ကြားချက်

၁။ စားသုံးသူကာကွယ်ရေးဥပဒေ ပုဒ်မ ၁ ပုဒ်မခွဲ (ခ) အရ ဤဥပဒေ၏ အခန်း (၁၈) ပါ ကုန်အညွှန်းအမှတ်အသားဆိုင်ရာ ပြဋ္ဌာန်းချက်များသည် ဥပဒေပြဋ္ဌာန်းပြီး တစ်နှစ်ပြည့်မြောက်ပြီးသည့် နေ့ရက်ဖြစ်သော ၂၀၂၀ ပြည့်နှစ်၊ မတ်လ ၁၆ ရက်နေ့မှစတင်၍ အာဏာတည်ပြီး ဖြစ်သည်။

၂။ ကုန်အညွှန်းအမှတ်အသားဆိုင်ရာ ပြဋ္ဌာန်းချက်များနှင့် စပ်လျဉ်း၍ စီးပွားရေးလုပ်ငန်းရှင်များအနေဖြင့် လိုက်နာဆောင်ရွက်ရာတွင် အခက်အခဲမရှိစေရန် မြန်မာနိုင်ငံစားသုံးသူကာကွယ်ရေး ကော်မရှင်သည် ၂၀၁၉ ခုနှစ်၊ ဒီဇင်ဘာလ ၃ ရက်စွဲပါ ညွှန်ကြားချက် အမှတ် ၂/၂၀၁၉ ဖြင့် **"ကုန်စည်များတွင် မြန်မာဘာသာဖြင့်ဖြစ်စေ၊ မြန်မာဘာသာနှင့် အခြားဘာသာတစ်ခု သို့မဟုတ် တစ်ခုထက်ပို၍ တွဲလျက်ဖြစ်စေ ဖော်ပြရာ၌ "စီးပွားရေးလုပ်ငန်းရှင်များ" လိုက်နာဆောင်ရွက်ရန် ညွှန်ကြားချက်"**ကို ကုန်စည်အုပ်စုအလိုက် မြန်မာဘာသာဖြင့် ကုန်အညွှန်းအမှတ်အသားဖော်ပြရမည့် အသေးစိတ်စိစစ်ချက်နှင့်တကွ ထုတ်ပြန်ပေးခဲ့ပါသည်။ ယင်းညွှန်ကြားချက်၏ အသေးစိတ် စိစစ်ချက်ပါ ကုန်စည် အုပ်စု ၈ ခုအနက် အစားအသောက် ကုန်စည်အုပ်စုတွင် ပါဝင်သည့် စားသုံးဆီအမျိုးမျိုးနှင့်စပ်လျဉ်း၍ အမျိုးအမည်၊ အရွယ်အစား၊ အရေအတွက်နှင့် အသားတင်ပမာဏ၊ ထားသိုသိမ်းဆည်းမှုအညွှန်းတို့ကို မဖြစ်မနေဖော်ပြရန် လိုအပ်ကြောင်း သတ်မှတ်ထုတ်ပြန်ပြီးဖြစ်ပါသည်။

၃။ ယခုအခါ စျေးကွက်အတွင်းစားသုံးဆီများအနက် အချို့သော စားသုံးဆီများကို ဟင်းသီးဟင်းရွက်ဆီ (Vegetable Oil, Cooking Oil) ဟူ၍ ဖော်ပြပြီး ထုတ်လုပ်ဖြန့်ဖြူးရောင်းချလျက်ရှိကြောင်း စိစစ်တွေ့ရှိရပါသည်။ အဆိုပါ **"ဟင်းသီးဟင်းရွက်ဆီ(Vegetable Oil, Cooking Oil)"** ဟူသည့် ဖော်ပြချက်သည် ကုန်အညွှန်းအမှတ်အသား ဖော်ပြခြင်းဆိုင်ရာ ပြဋ္ဌာန်းချက်များအရ ကုန်စည်တစ်ခုခု၏ အမျိုးအမည်မဟုတ်သည့်အပြင် ပင်ရင်းပါဝင်ပစ္စည်းကို အခြေခံဖော်ပြထားခြင်းမရှိသော ယေဘုယျဆန်သည့် အမျိုးအမည်တစ်ခုသာ ဖြစ်သည်။

၄။ သို့ဖြစ်ပါ၍ စားသုံးသူများ ထင်ယောင်ထင်မှားမဖြစ်စေရေးနှင့် အခြေခံလိုအပ်ချက်အပေါ်တွင် စိတ်ကျေနပ်မှုရှိစေရေးအတွက် သက်ဆိုင်ရာစီးပွားရေးလုပ်ငန်းရှင်များအနေဖြင့် စျေးကွက်အတွင်း ဖြန့်ဖြူးရောင်းချသည့် ဟင်းသီးဟင်းရွက်ဆီ (Vegetable Oil, Cooking Oil) အမျိုးအစားနှင့်စပ်လျဉ်း၍ ကုန်အညွှန်းအမှတ်အသား ဖော်ပြရာတွင် -

(က) ပင်ရင်းပါဝင်ပစ္စည်းကို အခြေခံသော ကုန်စည်၏ အမျိုးအမည်ကို တိကျစွာ မြန်မာဘာသာဖြင့် ဖော်ပြရမည်။ (ဥပမာ - ဟင်းသီးဟင်းရွက်ဆီ (စားအုန်းဆီ)၊ ဟင်းသီးဟင်းရွက်ဆီ (အဆင့်မြင့်စားအုန်းဆီ))

(ခ) ကုန်စည်၏ အသားတင်ပမာဏနှင့် အရွယ်အစားတို့အား မြန်မာ့အလေးချိန်ယူနစ်ဖြစ်သော ပိဿာ၊ ကျပ်သားတို့ကို မြန်မာဘာသာဖြင့် ဖော်ပြရမည်။ (ပိဿာ၊ ကျပ်သား)

၅။ ဤညွှန်ကြားချက်သည် စတင်ထုတ်ပြန်ပြီး ၆ လ ပြည့်မြောက်ပြီးသည့် နေ့ရက်မှစတင် အာဏာသက်ရောက်မည်ဖြစ်ပြီး စီးပွားရေးလုပ်ငန်းရှင်များအနေဖြင့် ဤညွှန်ကြားချက် အပိုဒ် ၄ ကို လိုက်နာမှုမရှိပါက စားသုံးသူကာကွယ်ရေးဥပဒေအရ အရေးယူဆောင်ရွက်သွားမည်ဖြစ်သည်။

(ပုံ)

ဒေါက်တာပွင့်ဆန်း
ပြည်ထောင်စုဝန်ကြီး

ဒုတိယဝန်ကြီး ဦးဝင်းဖေ ရှမ်းပြည်နယ်(တောင်ပိုင်း)နှင့် မန္တလေးတိုင်းဒေသကြီးအတွင်းရှိ လမ်း၊ တံတား ဖွံ့ဖြိုးတိုးတက်ရေးဆောင်ရွက်မှုလုပ်ငန်းများ ကြည့်ရှုစစ်ဆေး

နေပြည်တော် ဒီဇင်ဘာ ၂၂

ဆောက်လုပ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးဝင်းဖေ သည် တာဝန်ရှိသူများနှင့်အတူ ဒီဇင်ဘာ ၂၁ ရက် နံနက်ပိုင်းတွင် ရှမ်းပြည်နယ်(တောင်ပိုင်း) တောင်ကြီးမြို့ လမ်းဦးစီးဌာန၊ ညွှန်ကြားရေးမှူးရုံး၌ ပြည်နယ်အတွင်းရှိ အဆောက်အဦ၊ လမ်း၊ တံတား၊ မြို့ပြနှင့်အိမ်ရာ ဖွံ့ဖြိုးရေးဦးစီးဌာနနှင့် ကျေးလက်လမ်း ဖွံ့ဖြိုးရေးဦးစီးဌာနတို့မှ ဝန်ထမ်းများနှင့် တွေ့ဆုံသည်။

တွေ့ဆုံစဉ် ဒုတိယဝန်ကြီးက ဆောက်လုပ်ရေးဝန်ကြီးဌာနအနေဖြင့် အဓိက လမ်းပန်းဆက်သွယ်ရေးနှင့် အခြေခံအဆောက်အအုံ ဖွံ့ဖြိုးတိုးတက်ရေးအတွက် တာဝန်ယူဆောင်ရွက်ရသည့်ဌာန ဖြစ်ပါကြောင်း၊ ဦးစီးဌာနများအနေဖြင့် မိမိတို့တာဝန်ယူဆောင်ရွက်ရသော လုပ်ငန်းများအား သတ်မှတ်စံချိန်စံညွှန်းနှင့်အညီ အရည်အသွေးပြည့်မီရေး အလေးထားဆောင်ရွက်ရန် လိုပါကြောင်း၊ ပြည်သူများ သွားလာရေး လွယ်ကူအဆင်ပြေစေရေးအတွက် မိမိပြည်နယ်အတွင်းရှိ လမ်း၊ တံတားများ တိုးတက်ကောင်းမွန်အောင် အလေးထားဆောင်ရွက်ပေးရန် လိုပါကြောင်း၊ လုပ်ငန်းများ အောင်မြင်အောင် ဆောင်ရွက်နိုင်ရေးအတွက် မိမိကျရာတာဝန်များကို ကျေပွန်စွာဖြင့် စေတနာထား ဆောင်ရွက်ရန် မှာကြားသည်။

ထို့နောက် ပြည်နယ် လမ်းပန်းဆက်သွယ်ရေးဝန်ကြီး ရဲမှူးချုပ် တင်ကိုကို က ပြည်နယ်အတွင်း လုပ်ငန်းဆောင်ရွက်မှုများနှင့် ပတ်သက်၍ လိုအပ်သည့် လုံခြုံရေးကိစ္စများကို ရှင်းလင်းပြောကြားပြီး လမ်းဦးစီးဌာန၊ အဆောက်အဦဦးစီးဌာနနှင့် တံတားဦးစီးဌာနတို့မှ ညွှန်ကြားရေးမှူးချုပ်၊ ဒုတိယညွှန်ကြားရေးမှူးချုပ်များနှင့် အင်ဂျင်နီယာချုပ်တို့က သက်ဆိုင်ရာ ဦးစီးဌာနအလိုက် ဝန်ထမ်းရေးရာကိစ္စရပ်များနှင့် ပတ်သက်၍ လိုအပ်သည်များကို ရှင်းလင်းတင်ပြကြသည်။

ယင်းနောက် ဒုတိယဝန်ကြီးနှင့်အဖွဲ့သည် အေးသာယာ - ညောင်ရွှေ - မိုင်းသောက် - နမ့်ပန်-တုံဟုံး - ပင်လောင်းလမ်းကို လည်းကောင်း၊ အေးသာယာ - ညောင်ရွှေ - မိုင်းသောက် - နမ့်ပန်-တုံဟုံး - ပင်လောင်းလမ်းမှတစ်ဆင့် အောင်ပန်း-ပင်မှီ-နန်းရုတ်-အင်းတိန်လမ်း ဆောင်ရွက်ထားရှိမှု အခြေအနေကိုလည်းကောင်း လမ်းတစ်လျှောက် ကြည့်ရှုစစ်ဆေးသည်။

ဆက်လက်၍ ဒုတိယဝန်ကြီးနှင့်အဖွဲ့သည် အောင်ပန်း-ပင်မှီ-လယ်ကြားပေါ်ရှိ တံတားဦးစီးဌာန၊ တည်ဆောက်ရေးအဖွဲ့(၃)၊ တံတားအထူးအဖွဲ့(၁၂)က တာဝန်ယူတည်ဆောက်နေသော တံတားအမှတ် (၁/၅) ကုန်းနီတံတားလုပ်ငန်းခွင်အတွင်း တံတားကမ်းကပ်ခုံလုပ်ငန်းများ ဆောင်ရွက်ပြီးစီးမှု အခြေအနေတို့ကို ကြည့်ရှုစစ်ဆေးသည် ။

ယင်းနောက် ဒုတိယဝန်ကြီးနှင့်အဖွဲ့သည် မိတ္ထီလာ-တောင်ကြီး-ကျိုင်းတုံ-တာချီလိတ် လမ်းအတိုင်း ပြန်လည်ထွက်ခွာခဲ့ရာ မိတ္ထီလာမြို့တွင်းရှိ မိတ္ထီလာကန်ကူးတံတားသို့ ရောက်ရှိပြီး တံတားလက်ရန်းများ ဆေးသုတ်ခြင်းလုပ်ငန်းများ ဆောင်ရွက်ထားရှိမှု အခြေအနေတို့ကို ကြည့်ရှုစစ်ဆေးသည်။ **(ဝဲပုံ)**

ထို့နောက် ဒုတိယဝန်ကြီးနှင့်အဖွဲ့သည် မိတ္ထီလာမြို့ရှိ လမ်းဦးစီးဌာန ဧည့်ရိပ်သာသို့ ရောက်ရှိပြီး B.O.T စနစ်ဖြင့် ဆောင်ရွက်နေသော ကုမ္ပဏီငါးခုမှ တာဝန်ရှိသူများနှင့် တွေ့ဆုံပြီး ရန်ကုန်-မန္တလေး လမ်းမကြီး၊ မိတ္ထီလာ-သာစည်-တောင်ကြီးလမ်း၊ မိတ္ထီလာ-မလှိုင်-မြင်းခြံလမ်းနှင့် မိတ္ထီလာ-ကျောက်ပန်းတောင်းလမ်းတို့အား မြို့တွင်းလမ်းအပိုင်းတွင် လမ်းပေါ် ဖြတ်သန်းသွားလာသော ယာဉ်များအား လွယ်ကူရှင်းလင်းစွာ ဖြတ်သန်းသွားလာနိုင်သော လမ်းအလယ်မျဉ်း Road Line များအား အမြန်ဆုံး ရေးဆွဲရန်နှင့် လမ်းဘေးဝဲယာ ချိန္ဓယ်များအား ရှင်းလင်းဖယ်ရှားပေးရန် မှာကြားခဲ့ကြောင်း သိရသည်။

သတင်းစဉ်

နေရာကွက်ကျား မိုးအနည်းငယ် ရွာနိုင်

နေပြည်တော် ဒီဇင်ဘာ ၂၂

နေပြည်တော်နှင့် မန္တလေးမြို့တို့အနီးတစ်ဝိုက်တွင် ယနေ့ နေရာကွက်ကျား မိုးအနည်းငယ်ရွာနိုင်သည်။ ရန်ကုန်နှင့်အနီးတစ်ဝိုက်တွင် ယနေ့ တိမ်အသင့်အတင့် ဖြစ်ထွန်းမည်။

မနက်ဖြန်အတွက် ခန့်မှန်းချက်မှာ စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်း၊ မန္တလေးတိုင်းဒေသကြီး၊ ကချင်ပြည်နယ်နှင့် ရှမ်းပြည်နယ်(မြောက်ပိုင်း)တို့တွင် နေရာကွက်ကျား မိုးဆက်လက်ရွာနိုင်သည်။

မြန်မာ့ပင်လယ်ပြင်အခြေအနေမှာ လှိုင်းအနည်းငယ်မှ အသင့်အတင့်ရှိမည်။ လှိုင်းအမြင့်မှာ မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် လေးပေမှ ခုနစ်ပေခန့် ရှိနိုင်သည်။

မိုး/ဇလ

(၁၁)ကြိမ်မြောက် သက်ကြီးဂီတပညာရှင်များ ပူဇော်ကန်တော့ပွဲ ကျင်းပ

ရန်ကုန် ဒီဇင်ဘာ ၂၂

(၁၁)ကြိမ်မြောက် သက်ကြီးဂီတပညာရှင်များအား ပူဇော်ကန်တော့ပွဲကို ယနေ့ မွန်းလွဲပိုင်းတွင် ရန်ကုန်မြို့၊ တာမွေမြို့နယ်ရှိ Sky Star Hotel ၌ ကိုဗစ် – ၁၉ ကာကွယ်ရေးလမ်းညွှန်ချက်များနှင့်အညီ ကျင်းပသည်။

အခမ်းအနားတွင် ပြန်ကြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးရဲတင့်က ယနေ့ ကန်တော့ခံ သက်ကြီးပညာရှင်များသည် မိမိတို့ ငယ်စဉ်ကတည်း က လေးစားတန်ဖိုးထားရသည့် အနုပညာရှင်ကြီး များဖြစ်ပြီး ဂီတလောကသက်တမ်းတစ်လျှောက် နိုင်ငံ့အကျိုး၊ ပြည်သူ့အကျိုးသယ်ပိုးခဲ့သော အစဉ် အလာရှိခဲ့သူများဖြစ်ကြပါကြောင်း၊ နိုင်ငံတော်နှင့် ဝန်ကြီးဌာနကလည်း အနုပညာသမားများအားလုံးကို အလေးထား ဂုဏ်ယူပါကြောင်း၊ ဆက်လက်၍လည်း နိုင်ငံနှင့်လူမျိုးအကျိုးကို စည်းလုံးညီညွတ်စွာဖြင့် သယ်ပိုးထမ်းရွက်နိုင်ကြပါစေကြောင်း၊ ကန်တော့ခံ သက်ကြီးဂီတအနုပညာရှင်များ သက်ရှည်ကျန်းမာ ကြပြီး နောင်နှစ်ပေါင်းများစွာတိုင်ဆက်၍ ကန်တော့ ခံနိုင်ပါစေကြောင်း နှုတ်ခွန်းဆက်စကား ပြောကြား သည်။

ထို့နောက် ရန်ကုန်တိုင်းဒေသကြီးဥပဒေချုပ် ဦးဌေးအောင်က အမှာစကားပြောကြားသည်။

ယင်းနောက် မြန်မာနိုင်ငံဂီတအစည်းအရုံး (ဗဟို)ဥက္ကဋ္ဌ ဦးလွင်မြင့် က ကျေးဇူးတင်စကား ပြောကြားသည်။

ဆက်လက်၍ နိုင်ငံတော်စီမံအုပ်ချုပ်ရေး ကောင်စီဥက္ကဋ္ဌက သက်ကြီးဂီတပညာရှင်များ ပူဇော် ကန်တော့ပွဲအတွက် လှူဒါန်းငွေ ကျပ်သိန်း ၁၀၀ နှင့် ပြန်ကြားရေးဝန်ကြီးဌာနမှ မြန်မာနိုင်ငံ ဂီတအစည်း အရုံး (ဗဟို)သို့ လှူဒါန်းငွေကျပ်သိန်း ၅၀ တို့ကို ဒုတိယဝန်ကြီး ဦးရဲတင့်က ပေးအပ်လှူဒါန်းရာ မြန်မာနိုင်ငံဂီတအစည်းအရုံး (ဗဟို) ဥက္ကဋ္ဌ ဦးလွင်မြင့် က လက်ခံပြီး ဂုဏ်ပြုမှတ်တမ်းလွှာ ပြန်လည်ပေးအပ် သည်။

ထို့နောက် မြန်မာနိုင်ငံဂီတအစည်းအရုံး (ဗဟို) သို့ Forever Group Company Limited က လှူဒါန်းငွေကျပ် ငါးသိန်းနှင့် ဦးကျော်နိုင်–ဒေါ်ရှုယဉ် (77 Cake) က လှူဒါန်းငွေကျပ် ငါးသိန်းတို့ကို ပေးအပ်လှူဒါန်းရာ မြန်မာနိုင်ငံဂီတအစည်းအရုံး (ဗဟို) တွဲဖက်အတွင်းရေးမှူး(၁) ဦးမြတ်မင်းနှင့် တွဲဖက်အတွင်းရေးမှူး(၂) ဧည့်ဝတီ ဦးကျော်ဝင်း တို့က လက်ခံပြီး ဂုဏ်ပြုမှတ်တမ်းလွှာများ ပြန်လည် ပေးအပ်သည်။

ယင်းနောက် တက်ရောက်လာကြသူများက သက်ကြီးဂီတပညာရှင်များအား ကန်တော့ချိုးဖြင့် ပူဇော်ကန်တော့ပြီး ဒုတိယဝန်ကြီး ဦးရဲတင့်၊ ရန်ကုန် တိုင်းဒေသကြီးဥပဒေချုပ် ဦးဌေးအောင်နှင့် မြန်မာ နိုင်ငံဂီတအစည်းအရုံး (ဗဟို) မှ အမှုဆောင်များက ကန်တော့ခံဂီတသက်ကြီးပညာရှင်များအား လှုဖွယ် ပစ္စည်းများဖြင့် ဂါရဝပြုရာ ကန်တော့ခံဂီတသက်ကြီး ပညာရှင်များ (ကိုယ်စား) တေးသံရှင် ဦးထွန်းရွှေ က သြဝါဒစကားပြောကြားသည်။

(၁၁) ကြိမ်မြောက် သက်ကြီးဂီတပညာရှင် ပူဇော်ကန်တော့ပွဲတွင် အသက် ၈၀ နှစ်အထက် သက်ကြီးဂီတပညာရှင် ၇၈ ဦးအား တစ်ဦးလျှင် ငွေကျပ် နှစ်သိန်းနှုန်း၊ အသက် ၈၀ နှစ်အောက် ကန်တော့ခံ ဂီတသက်ကြီးပညာရှင် ၆၈ ဦးအား တစ်ဦးလျှင် ငွေကျပ် တစ်သိန်းခွဲနှုန်းဖြင့် လှူဒါန်းခဲ့ ကြောင်း သိရသည်။

ယနေ့ (၁၁)ကြိမ်မြောက် သက်ကြီးဂီတပညာ ရှင်များအား ပူဇော်ပွဲတွင် ကန်တော့ခံ သက်ကြီး ပညာရှင် ၁၄ ဦး တက်ရောက် ကန်တော့ခံခဲ့ကြောင်း သိရသည်။

သတင်းစဉ်

၂၀၂၁ ခုနှစ် ပုလဲအတွဲများနှင့် ကျောက်စိမ်းအတွဲများ ပြသရောင်းချပွဲ အောင်မြင်စွာကျင်းပပြီးစီး

နေပြည်တော် ဒီဇင်ဘာ ၂၂

၂၀၂၁ ခုနှစ် ပုလဲအတွဲများနှင့် ကျောက်စိမ်းအတွဲများ ပြသ ရောင်းချပွဲကို နေပြည်တော်ရှိ မဏိရတနာ ကျောက်စိမ်းခန်းမ ၌ ကိုဗစ် – ၁၉ ကာကွယ် ရေး လမ်းညွှန်ချက်များနှင့်အညီ ဒီဇင်ဘာ ၁၇ ရက်မှ စတင်ကျင်းပ လာခဲ့ရာယနေ့တွင် ပြပွဲအောင်မြင် စွာ ကျင်းပပြီးစီးခဲ့သည်။

ယနေ့တွင် ကျောက်စိမ်းအတွဲ အမှတ် (၅၀၁)မှ (၇၈၀) အထိ ကျောက်စိမ်းအတွဲ ၂၈၀ ကို တင်ဒါ စနစ်ဖြင့် ရောင်းချပေးခဲ့ရာ အတွဲ ပေါင်း ၂၂၈ တွဲ ရောင်းချနိုင်ခဲ့သည်။

ယခုပြပွဲအတွင်း ပုလဲအတွဲ ၃၃၀ နှင့် ကျောက်စိမ်းအတွဲ ၇၈၀ ကို ပြသရောင်းချပေးခဲ့ရာ ပြည်တွင်း/ ပြည်ပ ရတနာ ကုန်သည်များသည် ပြသထား သည့် ပုလဲအတွဲများနှင့် ကျောက် စိမ်းအတွဲများကို လွတ်လပ်စွာ လေ့လာကြည့်ရှုခဲ့ကြပြီး **(အောက် ဝဲပုံ)** ပုလဲအတွဲပေါင်း ၃၃၀ နှင့် ကျောက်စိမ်း အတွဲပေါင်း ၆၂၂ တွဲ ကို ရောင်းချပေးနိုင်ခဲ့ကြောင်း ပြပွဲ ဗဟိုကော်မတီထံမှ သိရ သည်။

မြန်မာ့ကျောက်မျက်ရတနာ ပြပွဲများကို ၁၉၆၄ ခုနှစ်က စတင် ကျင်းပလာခဲ့ရာ နိုင်ငံခြားငွေဖြင့် ရောင်းချသည့် ပြပွဲ ၉၅ ပွဲ၊ မြန်မာ ကျပ်ငွေဖြင့် ရောင်းချသည့် ပြပွဲ ၁၉ ပွဲ ကျင်းပနိုင်ခဲ့ပြီး ယခုကျင်းပ သည့် ၂၀၂၁ ခုနှစ် ပုလဲအတွဲများနှင့် ကျောက်စိမ်းအတွဲများ ပြပွဲသည် နိုင်ငံခြားငွေဖြင့် ရောင်းချသည့် ၉၆ ပွဲမြောက်ဖြစ်ကြောင်း သိရ သည်။ **သတင်းစဉ်**

ကြေညာချက်

မြန်မာနိုင်ငံသတင်းမီဒီယာကောင်စီ
ကြေညာချက်(၉/၂၀၂၁)
၁၃၈၃ ခုနှစ်၊ နတ်တော်လပြည့်ကျော် (၄) ရက်
၂၀၂၁ ခုနှစ်၊ ဒီဇင်ဘာလ (၂၂) ရက်၊ ဗုဒ္ဓဟူးနေ့

၁။ သတင်းမီဒီယာသမားများသည် သတင်းမီဒီယာလုပ်ငန်းများ ဆောင်ရွက်ရာတွင် သတင်းမီဒီယာ ဥပဒေ၊ နည်းဥပဒေနှင့် တည်ဆဲဥပဒေများကို လိုက်နာလျက် ကျင့်ဝတ်နှင့်အညီ လွတ်လပ်စွာ သတင်းရယူ ရေးသားဖော်ပြနိုင်ခွင့်ရှိပါသည်။

၂။ သတင်းမီဒီယာဌာနများအနေဖြင့် ကျင့်ဝတ်နှင့်အညီ သတင်းရေးသားဖော်ပြရာတွင် တည်ဆဲ အစိုးရအဖွဲ့၏ အမည်၊ ရာထူး၊ ဌာနနှင့် အင်္ဂါစဉ်များကိုလည်းကောင်း၊ ယခင်အစိုးရအဖွဲ့နှင့် ပတ်သက် သည့် ရာထူး၊ ဌာန၊ လူပုဂ္ဂိုလ် အသုံးအနှုန်းများကိုလည်းကောင်း သိရှိလေ့လာပြီး လျော်ညီမှန်ကန်စွာ သတင်းရေးသားဖော်ပြရန် လိုအပ်ပါသည်။

၃။ သို့ရာတွင် အချို့သတင်းမီဒီယာသမားများအနေဖြင့် သတင်းရေးသားဖော်ပြမှုများတွင် ယခင် အစိုးရလက်ထက်မှ တာဝန်ယူခဲ့သော လူပုဂ္ဂိုလ် အမည်၊ ရာထူး၊ ဌာနများကို ယခင်သုံးစွဲခေါ်ဝေါ်မှု အတိုင်း ဆက်လက်သုံးစွဲ၍ လက်ရှိရာထူးရှိနေသည့်သဖွယ် ဖော်ပြနေသည်ကို တွေ့ရှိရပါသည်။ ထိုကဲ့သို့ ဖော်ပြခြင်းသည် သတင်းမီဒီယာဥပဒေ၊ နည်းဥပဒေနှင့် တည်ဆဲဥပဒေများအရ ကိုက်ညီမှုမရှိသဖြင့် ယင်းသို့ ဆက်လက်ရေးသားဖော်ပြခြင်း မပြုကြရန် အသိပေးအပ်ပါသည်။

၄။ ထိုကဲ့သို့ ဖော်ပြမှုကြောင့် ဥပဒေအရ ငြိစွန်းမှုများဖြစ်ပေါ်လာပါက မြန်မာနိုင်ငံသတင်းမီဒီယာ ကောင်စီအနေဖြင့် တစ်စုံတစ်ရာ ကူညီဖြေရှင်းဆောင်ရွက်ပေးမည် မဟုတ်ကြောင်း သတင်းထုတ်ပြန် အပ်ပါသည်။

မြန်မာနိုင်ငံသတင်းမီဒီယာကောင်စီ

ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးဆိုင်ရာပစ္စည်းများ ပြည်ပမှအဆင်ပြေချောမွေ့စွာ တင်သွင်းနိုင်ရေး ဆောင်ရွက်ပေးလျက်ရှိ

နေပြည်တော် ဒီဇင်ဘာ ၂၂

စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေး ဝန်ကြီးဌာနအနေဖြင့် ကိုဗစ်–၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးဆိုင်ရာ ပစ္စည်းများကို လေကြောင်း၊ ပင်လယ် ရေကြောင်းနှင့် နယ်စပ်ကုန်သွယ် ရေးစခန်းများမှ နှောင့်နှေးကြန့်ကြာမှု မရှိ တင်သွင်းနိုင်ရေးအတွက် အချိန်နှင့် တစ်ပြေးညီ စီစဉ်ဆောင်ရွက်ပေးလျက် ရှိရာ ယနေ့တွင် အပြည်ပြည်ဆိုင်ရာ ဆိပ်ကမ်းများ၊ မြေတီ ကုန်သွယ်ရေးဇုန် နှင့် ချင်းရွှေဟော်ကုန်သွယ်ရေးစခန်းတို့ မှ ကုမ္ပဏီသုံးခု၊ ယာဉ်စီးရေ ခုနှစ်စီး၊ အောက်ဆီဂျင်(ဓာတ်ငွေ့) အိုးဖြင့် နှစ်တန်၊ အောက်ဆီဂျင်(အိုးခွံ) ၁၇၅ ခု၊ အောက်ဆီဂျင် Plant တစ်ခု၊ လက်အိတ် ခြောက်တန်နှင့် နှာခေါင်းစည်း (Mask) ၃၁ တန်တို့ကို တင်သွင်းခဲ့သည်။ အောက်ဆီဂျင် Plant တစ်ခုမှာ ချင်းရွှေ ဟော် ကုန်သွယ်ရေးစခန်းမှ မူဆယ်မြို့ သို့ဖြစ်ကြောင်း သိရသည်။

ကိုဗစ်–၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ကုသရေးဆိုင်ရာပစ္စည်းများကို သက်ဆိုင်ရာ ဌာနများနှင့် ညှိနှိုင်းထား သည့် SOP များနှင့်အညီ ဦးစားပေး တင်သွင်းခွင့်ပြုပေးလျက်ရှိကြောင်းနှင့် ဆေးဝါးနှင့် ဆက်စပ်ပစ္စည်းများ တင်သွင်းခြင်းနှင့် ဆက်စပ်သည့် အသိပေး ကြေညာချက်များကိုလည်း အများပြည်သူသိရှိစေရန် ဝန်ကြီးဌာန Website ဖြစ်သည့် commerce.gov.mm တွင် ကြည့်ရှုနိုင်ရေး ဆောင်ရွက်ပေး ထားကြောင်း သိရသည်။ **သတင်းစဉ်**

အသိပေးနှိုးဆော်ကြေညာချက်

၁။ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၌ အကြမ်းဖက်အဖွဲ့အစည်းအဖြစ် ထုတ်ပြန်ကြေညာခဲ့သည့် NUG၊ CRPH နှင့် လက်ဝေခံ PDF အဖွဲ့များ၏ တရားမဝင် လက်နက်များ၊ ခဲယမ်းများ၊ မိုင်း၊ ဆက်သွယ်ရေးပစ္စည်းများနှင့် ဆက်စပ်ပစ္စည်းများအပြင် လက်လုပ်သေနတ်၊ ယမ်း၊ မိုင်းနှင့် ဆက်စပ်ပစ္စည်းများကို လက်ဝယ်ကိုင်ဆောင် အကြမ်းဖက်မှုအပေါ်နှင့် နယ်စပ်ဒေသများနှင့် တိုင်းရင်းသား လက်နက်ကိုင်အဖွဲ့အစည်းတချို့တို့မှလည်း နိုင်ငံရေး၊ စစ်ရေး အမြတ်ထုတ်ရန်အလို့ငှာ ပြည်တွင်းသို့ နည်းမျိုးစုံဖြင့် ပို့ဆောင်နေသည့် လက်နက်၊ ခဲယမ်း၊ မိုင်း၊ ဆက်သွယ်ရေးပစ္စည်းများနှင့် ဆက်စပ်ပစ္စည်းများအား နေ့စဉ်နှင့်အမျှ ဖော်ထုတ်ဖမ်းဆီးရမိလျက်ရှိသကဲ့သို့ နည်းမျိုးစုံဖြင့် လက်ဝယ်ကိုင်ဆောင်သူ အကြမ်းဖက်သမားများ ထံမှလည်း ဖော်ထုတ်ဖမ်းဆီး/ သိမ်းဆည်းရမိလျက်ရှိပါသည်။

၂။ ၎င်းအပြင် တချို့သော အကြမ်းဖက်သမားများသည် နိုင်ငံသူ၊ နိုင်ငံသားများ၏ မသိနားမလည်မှု၊ ရိုးသားမှုအပေါ် အခွင့်ကောင်းယူ လျက် မိမိတို့၏တရားမဝင် လက်နက်၊ ခဲယမ်း၊ မိုင်း၊ ဆက်သွယ်ရေးပစ္စည်းများနှင့်ဆက်စပ်ပစ္စည်းများအပြင် တားမြစ်ပစ္စည်းများကိုလည်း နည်းအမျိုးမျိုး၊ အသွင်အမျိုးမျိုးဖြင့် အပ်နှံသိမ်းဆည်းစေမှုများကို လည်း ဖော်ထုတ်ဖမ်းဆီးရမိလျက်ရှိပါသည်။

၃။ သို့ဖြစ်ပါ၍ အကြမ်းဖက်သူများနှင့် မသက်ဆိုင်သူများကို မလိုလားအပ်သော တရားဥပဒေရင်ဆိုင်မှုများ မရှိစေနိုင်ရေး အလို့ငှာ ၂၀၂၁ ခုနှစ်၊ ဒီဇင်ဘာလ ၃၁ ရက် နောက်ဆုံးထား၍ နိုင်ငံသူ၊ နိုင်ငံသားများအားလုံးသည် အကြောင်းအမျိုးမျိုးနှင့် နည်းမျိုးစုံဖြင့် မိမိတို့နေအိမ်၊ တိုက်ခန်းနှင့် နေရာအသီးသီးတွင် တရားမဝင် လက်နက်၊ ခဲယမ်း၊ မိုင်း၊ ဆက်သွယ်ရေးပစ္စည်းများနှင့် ဆက်စပ်ပစ္စည်းများအပါအဝင် နိုင်ငံတော်မှဥပဒေအရ တားမြစ်ပြဋ္ဌာန်းထားသည့် မူးယစ်ဆေးဝါးများ လက်ဝယ်သို့ရောက်ရှိ သိမ်းဆည်းထားခြင်းများရှိကြပါက သက်ဆိုင်ရာရပ်ကွက်/ကျေးရွာ အုပ်ချုပ်ရေးမှူးရုံးများ/ နီးစပ်ရာ လုံခြုံရေးတပ်ဖွဲ့ဝင်များထံသို့ လာရောက် အပ်နှံကြပါရန်နှင့် သတ်မှတ်ရက်ကျော်လွန်ပြီးနောက် စစ်ဆေးတွေ့ရှိရပါက တည်ဆဲဥပဒေများနှင့်အညီ အရေးယူခံရမည်ဖြစ်ကြောင်း သတိပေးထုတ်ပြန်အပ်ပါသည်။

သတင်းထုတ်ပြန်ရေးအဖွဲ့
နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ

■ *ကျောဖုံးမှ*

ဒေါက်တာသက်ခိုင်ဝင်း၊ ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးလှစိုး၊ စက်မှုဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးကိုကိုလွင်၊ ရန်ကုန်တိုင်းဒေသကြီး သယံဇာတရေးရာဝန်ကြီး ဦးဇော်ဝင်း၊ ကာကွယ်ရေးဝန်ကြီးဌာန ဆေးဝန်ထမ်းတပ်ဖွဲ့ ညွှန်ကြားရေးမှူး ဗိုလ်ချုပ် ကိုကိုလွင်၊ မြန်မာနိုင်ငံဆိုင်ရာ တရုတ်ပြည်သူ့သမ္မတနိုင်ငံ သံအမတ်ကြီး မစ္စတာ ချန်းဟိုင်း၊ ကျန်းမာရေးဝန်ကြီးဌာနနှင့် စက်မှုဝန်ကြီးဌာနနှင့် တာဝန်ရှိသူများ အသီးသီး တက်ရောက်ကြသည်။

သမိုင်းမှတ်တိုင်အသစ်

ရှေးဦးစွာ ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေး ထုတ်လုပ်ရေးကြီးကြပ်မှုဗဟိုကော်မတီဥက္ကဋ္ဌ၊ ပြည်ထောင်စုဝန်ကြီး ဒေါက်တာချာလီသန်းက Sinopharm ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေး (RTF Bulk) Doses ၁၀ သန်း ဝယ်ယူရေး သဘောတူစာချုပ် လက်မှတ်ရေးထိုးပွဲ အခမ်းအနားတွင် ပါဝင်ခွင့်ရသည့်အတွက်များစွာ ဝမ်းမြောက်မိပါကြောင်း၊ ယနေ့အခမ်းအနားသည် မြန်မာနိုင်ငံနှင့် တရုတ်ပြည်သူ့သမ္မတနိုင်ငံတို့အကြား အထူးသဖြင့် စက်မှုဝန်ကြီးဌာနနှင့် Sinopharm China National Biotech Group တို့အကြား အရေးပါသည့် သမိုင်းမှတ်တိုင်အသစ် ရေးထိုးခဲ့ခြင်း ဖြစ်ပါကြောင်း၊ ၂၀၂၁ ခုနှစ် ဧပြီလလမှစ၍ တရုတ်ပြည်သူ့သမ္မတနိုင်ငံမှ ထုတ်လုပ်သည့် Sinopharm ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးများကို မြန်မာနိုင်ငံတွင် ထုတ်လုပ်နိုင်ရေးအတွက် စတင်ဆွေးနွေးသည်မှ Ready To Fill Bulk များဝယ်ယူရေးသဘောတူစာချုပ် လက်မှတ်ရေးထိုးနိုင်သည်အထိ ကူညီဆောင်ရွက်ပေးမှုအပေါ် ကျေးဇူးတင်ရှိပါကြောင်း၊ အထူးသဖြင့် တရုတ်ပြည်သူ့ သမ္မတနိုင်ငံ ဆိုင်ရာ မြန်မာနိုင်ငံ သံအမတ်ကြီး၊ မြန်မာနိုင်ငံဆိုင်ရာ တရုတ်ပြည်သူ့သမ္မတနိုင်ငံ သံအမတ်ကြီးနှင့်တကွ Sinopharm CNBG မှ တာဝန်ရှိသူများကိုလည်း ကျေးဇူးတင်ရှိပါကြောင်း၊ ကိုဗစ်-၁၉ ရောဂါသည် ကူးစက်မြန်ရောဂါဖြစ်ပြီး ယခုအခါတွင် ကမ္ဘာ့နိုင်ငံအနှံ့သို့ ကူးစက်ပျံ့နှံ့လာမှုကြောင့် ကိုဗစ်-၁၉ ရောဂါ ကူးစက်မှုကို တားဆီးရာတွင် ကာကွယ်ဆေး ထိုးနှံခြင်းသည် အထိရောက်ဆုံး ကာကွယ်သောနည်းလမ်းလည်း ဖြစ်ပါကြောင်း။

ကမ္ဘာ့နိုင်ငံ အသီးသီးတွင်လည်း ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေး ထုတ်လုပ်နိုင်ရေးကို ကြိုးပမ်းဆောင်ရွက်ကြလျက်ရှိရာ ၂၀၂၁ ခုနှစ်အတွင်း မြန်မာနိုင်ငံအနေဖြင့် Sinopharm ကိုဗစ် ကာကွယ်ဆေး Doses ၂၆ သန်း ဝယ်ယူခဲ့ပြီး ယခုအခါ ထိုးနှံပေးလျက်ရှိပါကြောင်း၊ ကျန်းမာရေးဝန်ကြီးဌာနမှ သတင်းအချက်အလက်များအရ Sinopharm ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးသည် ဘေးထွက်ဆိုးကျိုးနည်းပါးပြီး အာနိသင် ထက်မြက်သည်ကို သိရှိရသောကြောင့် Sinopharm CNBG မှ ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးများကို Ready to Fill Bulk အနေဖြင့် ဝယ်ယူ၍ ထုတ်လုပ်နိုင်ရေး ကြိုးပမ်းဆောင်ရွက်ခဲ့ခြင်းဖြစ်ပါကြောင်း။

ယနေ့သည် ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေး Doses ၁၀ သန်း ထုတ်လုပ်နိုင်ရေးအတွက် RTF Bulk ဝယ်ယူခြင်းဖြစ်ရာ မြန်မာနိုင်ငံနှင့် တရုတ်ပြည်သူ့သမ္မတနိုင်ငံတို့ အကြားပူးပေါင်း ဆောင်ရွက်ခြင်း၏ ခြေလှမ်းသစ်တစ်ရပ်လည်း ဖြစ်ပါကြောင်း၊ နောင်တွင် ကာကွယ်ဆေးကဲ့သို့သော ဇီဝဆေးဝါးများ ထုတ်လုပ်နိုင်ရေးအတွက် ပိုမိုပူးပေါင်း ဆောင်ရွက်မည်ဟု ယုံကြည်ပြီး မိမိတို့နိုင်ငံအတွင်း ကိုဗစ်-၁၉ရောဂါ ကာကွယ်ဆေးကို ပြည်တွင်း၌ ထုတ်လုပ်နိုင်ရေး စတင်ဆောင်ရွက်သည့်နေ့ဖြစ်၍ ထူးခြားသော နေ့တစ်နေ့လည်း ဖြစ်ပါကြောင်း၊ Sinopharm CNBG နှင့် ပူးပေါင်း၍ မြန်မာနိုင်ငံ၏ ကျန်းမာရေးစောင့်ရှောက်မှုကဏ္ဍအတွက် အရေးကြီးသော ကာကွယ်ဆေးများသာမက အခြားဆေးဝါးများကိုလည်း ပူးတွဲ၍ ထုတ်လုပ်နိုင်မည်ဟု မျှော်လင့်ပါကြောင်း။

Sinopharm ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေး(RTF Bulk) Doses ၁၀ သန်းအား မြန်မာနိုင်ငံမှ ဝယ်ယူထုတ်လုပ်မှု သဘောတူစာချုပ် လက်မှတ်ရေးထိုးပွဲတွင် တက်ရောက်ကြသူများ စုပေါင်းမှတ်တမ်းတင်ဓာတ်ပုံရိုက်စဉ်။

အောင်မြင်မှုနှစ်သစ်မင်္ဂလာ

စက်မှုဝန်ကြီးဌာနအနေဖြင့် ပြည်သူတို့အတွက် လိုအပ်သော ဆေးဝါးများ ပိုမိုထုတ်လုပ်ဖြန့်ဖြူးနိုင်ရေး ကြိုးစားဆောင်ရွက်လျက်ရှိပါကြောင်း၊ မကြာမီ ကျရောက်မည့် ၂၀၂၂ ခုနှစ်၏ တရုတ်နှစ်သစ်ကူးသည် "ကျား" နှစ်ဖြစ်သည့် အတွက် ကျန်းမာပျော်ရွှင်ဖွယ်ကောင်းပြီး အောင်မြင်မှုများရရှိစေမည့် နှစ်သစ်မင်္ဂလာ ဖြစ်ပါစေကြောင်း ပြောကြားသည်။

ထို့နောက် မြန်မာနိုင်ငံ ဆိုင်ရာ တရုတ်ပြည်သူ့သမ္မတနိုင်ငံ သံအမတ်ကြီး မစ္စတာ ချန်းဟိုင်းက Sinopharm CNBG က ထုတ်လုပ်သည့် ကိုဗစ်ရောဂါ ကာကွယ်ဆေးများကို မြန်မာနိုင်ငံတွင် ထုတ်လုပ်နိုင်ရေးဆောင်ရွက်ခြင်းသည် မြန်မာနိုင်ငံနှင့် တရုတ်နိုင်ငံတို့၏ ပထမအဆင့် ပူးပေါင်းဆောင်ရွက်ခြင်း ဖြစ်ပါကြောင်း၊ တရုတ်နိုင်ငံအနေဖြင့် ကိုဗစ်ရောဂါ ကာကွယ်ဆေးများကို နိုင်ငံပေါင်း ၁၂၀ သို့ ဖြန့်ဖြူးရောင်းချလျက်ရှိပြီး ကိုဗစ်ရောဂါ အထူးကုသရေးကိုလည်း ထုတ်လုပ်နိုင်ရန် သုတေသနလုပ်ငန်းများကို အရှိန်အဟုန်မြင့် ဆောင်ရွက်လျက် ရှိပါကြောင်း၊ မြန်မာနိုင်ငံ၌ ကိုဗစ်ရောဂါ တတိယလှိုင်း ဖြစ်ပွားချိန်တွင် တရုတ်နိုင်ငံက ကိုဗစ်ရောဂါ ကာကွယ်ဆေး ပစ္စည်းများကို အများဆုံး ထောက်ပံ့ပေးခဲ့ပါကြောင်း၊ မြန်မာနိုင်ငံတွင် ထိုးနှံခဲ့သည့် ကိုဗစ်ရောဂါကာကွယ်ဆေးအများစုသည် တရုတ်နိုင်ငံမှ ထုတ်လုပ်သောဆေးများဖြစ်ပြီး ယခု RTF Bulk များ ဝယ်ယူရေး သဘောတူစာချုပ် ချုပ်ဆိုခြင်းသည် မြန်မာနိုင်ငံ၏ ကိုဗစ်ရောဂါ ထိန်းချုပ်ရေး လုပ်ငန်းများတွင်လည်း အစဉ်တစိုက် ပူးပေါင်းဆောင်ရွက်သွားမည် ဖြစ်ပါကြောင်း Virtual စနစ်ဖြင့် တက်ရောက်ပြောကြားခဲ့သည်။

လက်မှတ်ရေးထိုး

ဆက်လက်၍ Sinopharm ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေး RTF Bulk Doses ၁၀ သန်း ဝယ်ယူရေး သဘောတူစာချုပ်အား မြန်မာ့ဆေးဝါးလုပ်ငန်း ဦးဆောင်ညွှန်ကြားရေးမှူး ဦးမျိုးဇာနည်ဝင်းနှင့် Sinopharm China National Biotech Group ကိုယ်စား မစ္စတာ ရန်ရှောင်မင်းတို့ လက်မှတ်ရေးထိုးခဲ့ကြသည်။ **သတင်းစဉ်**

ထူးခြားသည့် ညအပူချိန်များ

နေပြည်တော် ဒီဇင်ဘာ ၂၂ - ထူးခြားသည့် ညအပူချိန်များမှာ ဟားခါးမြို့တွင် ၂ ဒီဂရီစင်တီဂရိတ်၊ ပူတာအိုမြို့နှင့် ဟဲဟိုးမြို့တို့တွင် ၅ ဒီဂရီစင်တီဂရိတ်စီနှင့် နမ့်စန်မြို့နှင့် လွိုင်လင်မြို့တို့တွင် ၆ ဒီဂရီစင်တီဂရိတ်စီတို့ ဖြစ်ကြသည်။ မှတ်သားဖွယ်ရာ မိုးရေချိန်မှာ လပွတ္တာမြို့တွင် ၀ ဒသမ ၂၄ လက်မဖြစ်သည်။

ဘင်္ဂလားပင်လယ်အော်အခြေအနေမှာ ကပွလီပင်လယ်ပြင်တောင်ပိုင်းနှင့် ဘင်္ဂလားပင်လယ်အော်အရှေ့တောင်ပိုင်းတို့တွင် တိမ်အသင့်အတင့်ဖြစ်ထွန်းနေပြီး ကပွလီပင်လယ်ပြင်မြောက်ပိုင်းနှင့် ကျန်ဘင်္ဂလားပင်လယ်အော်တို့တွင် တိမ်အနည်းငယ် ဖြစ်ထွန်းနေသည်။ **မိုး/ဇလ**

"တူယှဉ်နွဲ့ပျော် ဂီတပွဲတော်" သီချင်းဆိုပြိုင်ပွဲ အုပ်စု(၃)ပထမပွဲစဉ် မြန်မာ့ရုပ်မြင်သံကြားမှ တိုက်ရိုက် Live ပြသမည်

နေပြည်တော် ဒီဇင်ဘာ ၂၂

စိန်ရတု ပြည်ထောင်စုနေ့ကို ဂုဏ်ပြုသောအားဖြင့် "တူယှဉ်နွဲ့ပျော် ဂီတပွဲတော်" သီချင်းဆိုပြိုင်ပွဲ အုပ်စု(၃) ပထမပွဲစဉ်ကို ဒီဇင်ဘာ ၂၄ ရက် (သောကြာနေ့) ညတွင် မြန်မာ့အသံနှင့် ရုပ်မြင်သံကြားမှ တိုက်ရိုက် Live ရိုက်ကူးထုတ်လွှင့်မည်။

ခေတ်ပေါ်တေးဂီတမှ တီးခတ်ပေးမည်ဖြစ်ကာ ဒုတိယအကြိမ်အဖြစ် ဒီဇင်ဘာ ၂၆ ရက် (တနင်္ဂနွေနေ့)၊ နံနက် ၁၀ နာရီခွဲတွင် ထပ်မံထုတ်လွှင့်ပြသမည် ဖြစ်သည်။

"တူယှဉ်နွဲ့ပျော် ဂီတပွဲတော်" သီချင်းဆို ပြိုင်ပွဲတွင် နေပြည်တော်၊ ပြည်နယ်နှင့် တိုင်းဒေသကြီးတို့မှ တိုင်းရင်းသားညီအစ်ကို မောင်နှမသုံးဦးစီဖြင့် စုစုပေါင်း (၄၅)ဦးတို့က အဖွဲ့ငါးဖွဲ့ခွဲ၍ အုပ်စုပွဲစဉ် ၁၀ ပွဲကို ရန်ကုန်မြို့ ပြည်လမ်းရှိ မြန်မာ့အသံနှင့် ရုပ်မြင်သံကြားတွင် လည်းကောင်း၊ နောက်ဆုံးပွဲစဉ်နှစ်ပွဲကို ရန်ကုန်မြို့ ပြည်သာယာရှိ မြဝတီမီဒီယာစင်တာတွင် လည်းကောင်း နိုဝင်ဘာ ၂၆ ရက်မှ ၂၀၂၂ခုနှစ် ဖေဖော်ဝါရီ ၁၁ ရက်အထိ အပတ်စဉ် သောကြာနေ့ ညတိုင်း သီဆိုယှဉ်ပြိုင်ကြမည်ဖြစ်ကြောင်း သိရသည်။

သတင်းစဉ်

ယနေ့စျေးကွက်ပေါက်စျေးများ

၂၂ - ၁၂ - ၂၀၂၁

ရွှေ

ရန်ကုန်	၁၆ ပဲရည်	ရောင်းစျေး	တစ်ကျပ်သား	ကျပ် ၁၈၁၄၀၀၀
ရန်ကုန်	၁၅ ပဲရည်	ရောင်းစျေး	တစ်ကျပ်သား	ကျပ် ၁၇၀၇၃၀၀
မန္တလေး	၁၆ ပဲရည်	ရောင်းစျေး	တစ်ကျပ်သား	ကျပ် ၁၈၁၂၀၀၀
မန္တလေး	၁၅ ပဲရည်	ရောင်းစျေး	တစ်ကျပ်သား	ကျပ် ၁၇၀၅၄၀၀

(အောင်သမာဓိမှ ရယူပါသည်)

စက်သုံးဆီ

စက်သုံးဆီ	လက်လီစျေး(ရန်ကုန်)	လက်လီစျေး(မန္တလေး)
ဒီဇယ်(တစ်လီတာ)	၁၂၅၀/၁၂၈၀ ကျပ်	၁၂၈၀/၁၃၁၀ ကျပ်
ပရီမီယံဒီဇယ်(တစ်လီတာ)	၁၂၆၀/၁၂၉၀ ကျပ်	၁၂၉၅/၁၃၃၅ ကျပ်
အောက်တိန်း ၉၂	၁၂၇၅/၁၃၀၅ ကျပ်	၁၃၃၀/၁၃၆၀ ကျပ်
အောက်တိန်း ၉၅	၁၃၂၅/၁၃၅၅ ကျပ်	၁၄၃၅/၁၄၆၅ ကျပ်

(မြန်မာနိုင်ငံ စက်သုံးဆီအသင်း)

နိုင်ငံတကာ ငွေကြေးများ

အမေရိကန်	တစ်ဒေါ်လာ	ကျပ်	၁၇၇၈ . ၀
ဥရောပ	တစ်ယူရို	ကျပ်	၂၀၀၄ . ၁
စင်ကာပူ	တစ်ဒေါ်လာ	ကျပ်	၁၃၀၁ . ၅
ထိုင်း	တစ်ဘတ်	ကျပ်	၅၂ . ၆၆၆
ဂျပန်	ယန်း ၁၀၀	ကျပ်	၁၅၅၅ . ၉
မလေးရှား	တစ်ရင်းဂစ်	ကျပ်	၄၂၁ . ၉၃
တရုတ်	တစ်ယွမ်	ကျပ်	၂၇၉ . ၀၆
အိန္ဒိယ	တစ်ရူပီး	ကျပ်	၂၃ . ၅၂၆

ရန်ကုန်စတော့အိတ်ချိန်းစျေးကွက်

ကုမ္ပဏီအမည်	အဖွင့်စျေး (ကျပ်)	အပိတ်စျေး (ကျပ်)	ရှယ်ယာစောင်ရေ	ရှယ်ယာတန်ဖိုး (ကျပ်)
FMI	၈၄၀၀	၈၄၀၀	၉	၇၅၆၀၀
MTSH	၃၁၀၀	၃၀၀၀	၇၉၄၈	၂၃၉၅၇၃၀၀
MCB	၀	၀	၀	၀
FPB	၀	၀	၀	၀
TMH	၂၇၀၀	၂၇၀၀	၅	၁၃၅၀၀
EFR	၂၉၅၀	၂၉၅၀	၁	၂၉၅၀
AHP	၆၀၀၀	၆၀၀၀	၇	၄၂၀၀၀

ညီညီ - စုစည်းသည်

မြန်မာ့အလင်း

စာတည်းမှူးချုပ်	-	အောင်နိုင်ဦး
ခေတ္တစာတည်းမှူး	-	မြင့်စိုး
သတင်းထောက်မှူး	-	ခင်ရတနာ
စာတည်းများ	-	ကြည်ဝင်း၊ ဝင်းကျော်၊ သိမ့်သိမ့်မိုး
ဘာသာပြန် စာတည်း	-	ခြူးစန္ဒီနွေး၊ တင်လင်းအောင်
အကြီးတန်း သတင်းထောက်များ	-	ကျော်သူဝင်း၊ စိန်လွင်အောင်၊ ဇင်ဦး၊ တင်မောင်လွင်၊ ဟိန်းထက်ဇော်
အငယ်တန်း သတင်းထောက်များ	-	နေဝင်းထွန်း(၂)၊ ဝေသူနွယ်၊ မိမိဖြိုး
ဓာတ်ပုံ သတင်းထောက်	-	တင်စိုး
သုတေသန	-	အိအိခင်နှင့် အဖွဲ့
စာပြင်	-	အေးအေးမိုးလှိုင်နှင့် အဖွဲ့
စာမျက်နှာဖွဲ့စည်းမှုနှင့် ဒီဇိုင်း	-	ဇော်ဝိုင်းအောင်၊ သန်းထွန်းအောင်နှင့် အဖွဲ့
အီးမေးနှင့် အွန်လိုင်း	-	သက်လွင်ဦးနှင့် အဖွဲ့
ထုတ်ဝေခြင်းအမှတ်	-	(၀၁၀၉၃)
ပုံနှိပ်ခြင်းအမှတ်	-	(၀၀၈၇၇)

mmalin.npt@ gmail.com
www.facebook.com/MYANMAALINNNEWS

နေပြည်တော်-စာတည်းမှူး ၀۱۷-၃۶၁၄၅၅၊ စာတည်းအဖွဲ့ ၀۱۷-၃۶၁၄۷۹၊ ဖက်စ် ၀۱۷-၃۶၁۷۷۲၊ ရန်ကုန်ရုံးခွဲ- အမှတ်(၅၃)၊ နတ်မောက်လမ်းသွယ်(၁)၊ ဗိုလ်ချို(၂) ရပ်ကွက်၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့၊ စာတိုက်သေတ္တာအမှတ်-၄၀၊ စာတည်းအဖွဲ့ ၀၁-၅۶۷۷۲၀၉၊ မန်နေဂျာ ၀၁-၅۶۷۷۲၁۷၊ စီမံ ၀၁-၅۶۷۷۲၁၅၊ ငွေစာရင်း ၀၁-၅۶۷۷۲၁۶၊ ကြော်ငြာ ၀၁-၅۶۷۵۲۷۲၊ ၀၁- ၅۵۵۷۲۱၈၊ Fax ၀၁-၅۶۷۵۲۲၁၊ ၀۱۷-۲۶۱۷۶၈၊ မြန်ချိရေး ၀၁-၅۶۷۷۲۱۷၊ Fax ၀၁-۸۶۱۷۶۷۶။

MYANMAR Digital News Presented by NPE
www.mdn.gov.mm

မြန်မာ့အသံနှင့်ရုပ်မြင်သံကြား

၂၃-၁၂-၂၀၂၁ ကြာသပတေးနေ့

MRTV HD

၀၆:၀၀	မေတ္တာသုတ်၊ဂုတနသုတ်၊ဟေဗျုဂ်သုတ် အန္တရာယ်ကင်းပရိတ်တရားတော်
၀�>#	နံနက်ခင်းသတင်း
၀۸:၃၅	ဟေမာန်ဆောင်းမှာ ၄ဂက်သာရတာ ပျော်ပွဲစခြင်း ဝိုးယွန်းကြီးအင်း
၀۹:၁۹	NRC အစီအစဉ်(ချင်း) 'ဝိတိုရိယတောင် (ဒေါ်)ဒေါ်နူးစုပ်'
၁၀:၀၀	သတင်းထဲကသတင်း
၁၀:၃၀	ဆီးနှင်းခဲရာဘားနဒ်(စ်)ရှာ
၁၁:၃၅	ရုပ်မြင်သံကြားဇာတ်လမ်း 'ဝက်နွားပေတော'
၁၂:၀၀	MRTV National News
၁၅:၀၀	Grade-10 ဘာသာရပ်ဆိုင်ရာ သင်ခန်းစာများ 'ဘာဝဝေဒဘာသာရပ်'
၁၆:၁۹	မျက်မှောက်ရေးရာ အဖြာဖြာ
၁۶:၀၀	Soccer View
၁۶:၃၀	လူမှုစီးပွားမြင်ကွင်းများ
၁۸:၀၀	ပြည်တွင်းသတင်း
၁۸:۲۹	သံစဉ်ဝေဖြာစတီရီယိုတေးကဗျာ
၁۹:၀၀	နိုင်ငံခြားဇာတ်လမ်းတွဲ 'အတိတ်ဘဝ်ကိုး အချစ်ချို့ချို' (အပိုင်း-၈)
၂၀:၀၀	ပြည်တွင်းသတင်း၊ နိုင်ငံတကာသတင်း ဗိုးလေဝသအခြေအနေ
၂၁:၀၀	သံစဉ်ဝေဖြာစတီရီယိုတေးကဗျာ
၂၁:۲۹	နိုင်ငံခြားဇာတ်လမ်းတွဲ 'အဝေးဆုံးသောနေရာ' (အပိုင်း-၉)

သောကြာနေ့ ညတိုင်းတွင် တေးဂီတလျှပ်ပြေ တိုက်ရိုက် (LIVE) ထုတ်လွှင့်ပေးလျက်ရှိပါသည်

MRTV online

www.mrtv.gov.mm
t.me/mrtvnews
twitter.com/mrtvwebportal
SCAN ME

mtv

07:01	News
07:27	Let's go to Hlawga Nature Park
07:47	Mural Painting Bagan
08:01	Discovering Tribes "Rvwang" Their Life and Customs (Part-2)
08:30	Products of Myanmar - Strong And Stylish Pakokku Slippers
08:42	Let's Taste Delicious Insects: Pounded Cicada Curry, Grasshopper Curry
09:02	Myanmar Social & Charitable Association (Ep-2) (Jivitadana Hospital)
09:27	Irrawaddy Dolphin (Part-1)
09:42	Products of Myanmar - Mya Setkyar Pure Silk Fabric From Inle
10:01	Tray Art Products
10:11	Ocularist

MRTV NRC

၀۶:၃၀-၀۷:၀၀ (၀۶:၀၀ မှ ၀۷:၀၀)	အိမ်ငှားကားဝေးတွင်ငရူးဆိုင်တည်ခြင်း
၀۷:၀၀-၀۷:۲۹ (၀۷:၀၀ မှ ၀۷:၀၀)	ကရင်ပါးဆုပ်ဆန်လျှော်ဟင်းနှင့်ဆန်လျှော်ကြော်
၀۷:۲۹-၀۸:۳۰ (၀۷:၀၀ မှ ၀۸:၃၀)	စာပေစကားပြောကြရအောင်(အပိုင်း-၃)
၁၂:၀၀-၁၂:۲۹ (၁၂:၀၀ မှ ၁၂:۲۹)	ဗုဒ္ဓဘာသာ ဓမ္မကထိက
၁۶:۲۹-၁۷:۳۰ (၁۶:၃၀ မှ ၁۷:၃၀)	ကချင်အမျိုးသားဒက်ရှင်
၁۷:۳۰-၁۸:۰۰ (၁۷:၃၀ မှ ၁۸:၀၀)	ကယား (ကယားပြည်နယ်)
၁۸:۰۰-၁۸:۳۰ (၁۸:၀၀ မှ ၁۸:၃၀)	ကချင်(ချင်းပြည်နယ်)
၁۸:۳۰-၁۹:۰۰ (၁۸:၃၀ မှ ၁۹:၀၀)	ကချင်(ချင်းပြည်နယ်)
၁۹:۰۰-၁۹:۳۰ (၁۹:၀၀ မှ ၁۹:၃၀)	ကချင်(ချင်းပြည်နယ်)
၁۹:۳۰-၂၀:۰۰ (၁۹:၃၀ မှ ၂၀:၀၀)	ကချင်(ချင်းပြည်နယ်)
၂၀:۰۰-၂၀:۳۰ (၂၀:၀၀ မှ ၂၀:၃၀)	ကချင်(ချင်းပြည်နယ်)
၂၀:۳۰-၂၁:۰۰ (၂၀:၃၀ မှ ၂၁:၀၀)	ကချင်(ချင်းပြည်နယ်)
၂၁:۰۰-၂၁:۳۰ (၂၁:၀၀ မှ ၂၁:၃၀)	ကချင်(ချင်းပြည်နယ်)
၂၁:۳۰-၂၂:۰۰ (၂၁:၃၀ မှ ၂၂:၀၀)	ကချင်(ချင်းပြည်နယ်)

MRTV PARLIAMENT

၀۹:၀၀	အဖွင့်၊အလံ
၀۹:၃၀	ဥပဒေရေးရာအဖြာဖြာဇာတ်လမ်းတို 'အပေါင်းအသင်း'
၁၀:၀၀	ပြည်ထောင်စုလွှတ်တော်မှရှင် ၏ကြေညာချက်သတင်းများ
၁၀:၃၀	ဥပဒေဆိုင်ရာသိမှတ်ဖွယ်ရာ ဆွေးနွေးခန်း(အပိုင်း-၆)
၁၁:၀၀	နိုင်ငံတကာလွှတ်တော်ပွဲများ အကြောင်း(အင်ဒိုနီးရှားနိုင်ငံ)
၁၁:၃၀	အတွေးအမြင် (အပိုင်း-၆)

MRTV SPORTS

၀۶:၀၀	အဖွင့်
၀۶:၃၀	အခြေခံအားကစားနည်းစနစ်များ
၀۷:၀၀	Sports News
၀۷:۳۰	Soccer View/ Weekly Sports Info
၀۷:۴۹	အားကစားလောကထဲက သူတို့အကြောင်း
၀۸:၀၀	ပြန်လည်ခံစားပြန်မာနရှင်နယ်လိဂ် ဘောလုံးပွဲစဉ်များ
၂၀:၀၀	ပြည်တွင်းသတင်း

MRTV Farmers' Channel MRTV FARMERS တို့ နေ့စဉ်နံနက် (၆:၀၀)နာရီမှ ည(၁၀:၀၀)နာရီထိ၊ Education Channel တို့ ဇနေ့တနင်္ဂနွေမှအစပြု နံနက်(၁၀:၀၀)နာရီမှ ည(၁၀:၀၀)နာရီထိ ထုတ်လွှင့်ပြသပေးလျက်ရှိပါသည်၊

ပျောက်ဆုံးသွားလို့မဖြစ်တဲ့ အမျိုးသားရေးဂုဏ်သိက္ခာ ....

ပြည်ထောင်စုသားတစ်ဦး

ပြီးခဲ့သည့်ရက်ပိုင်းက ကျင်းပသည့် ၂၀၂၀ အာဆီယံ ဆူဇူကီးဖလားဘောလုံးပြိုင်ပွဲတွင် မြန်မာ့လက်ရွေးစင်ဘောလုံးအသင်းသည် တီမောအသင်းကိုမှအပ အိမ်ရှင် စင်ကာပူ၊ ထိုင်းနှင့် ဖိလစ်ပိုင်အသင်းတို့ကို ရှုံးနိမ့်ခဲ့ပြီး အုပ်စုအဆင့်မှ ထွက်ရသည်။

မြန်မာဘောလုံးလောက၏ လက်ရှိအခြေအနေအရ မြန်မာဘောလုံးအသင်းကို ပြိုင်ပွဲတွင် အဆင့်မြင့်မြင့်မားမားရပ်တည်ရန် မမျှော်မှန်းထားသော်လည်း ဖိလစ်ပိုင်အသင်းအား ရှုံးနိမ့်ခဲ့ရသည်ကိုမူ ရင်ထဲဟာတာတာခံစားရသည်။

သို့ရာတွင် မြန်မာဘောလုံး၏အရှုံးကို ပြုံးပျော်နိုင်သူများကလည်း မကြုံစဖူး ဒုနှင့်ဒေး။ အံ့သြဖွယ်ရာပင်။ ထုံးစံအတိုင်း လူမှုကွန်ရက်ပေါ်တွင် "ပျော်လိုက်တာ" တို့၊ ဘာတို့ညာတို့ သတင်းအောက်တွင် မှတ်ချက်ပေါင်းများစွာ ဝင်ရေးကြသည်။ Profile များကို ဂရုတစိုက်ကြည့်လိုက်တော့ ထုံးစံအတိုင်း ပါတီစွဲ၊ ပုဂ္ဂိုလ်စွဲပုံရိပ်များဖြင့်။

ပြန်ပြောင်းအမှတ်ရမိ

၁၉၉၅ ခုနှစ် (၁၈) ကြိမ်မြောက် အရှေ့တောင်အာရှအားကစားပြိုင်ပွဲတွင် မြန်မာဘောလုံးအသင်းက ဗီယက်နမ်အသင်းကို ဦးဆောင်ဂိုးသွင်းယူပြီးမှ ကစားသမားနှစ်ဦး အနီကတ်ပြအထုတ်ခံရပြီး ရှုံးနိမ့်ခဲ့ကာ ပြိုင်ပွဲမှထွက်ခဲ့ရစဉ်က မြန်မာတစ်နိုင်ငံလုံးနီးပါး မကျေနိုင်၊ မချမ်းနိုင်ခံစားခဲ့ကြသည်ကို ပြန်ပြောင်းအမှတ်ရမိသည်။ နေရစ်တော့ခေတ်ဟောင်း။

၂၀၂၁ ခုနှစ် ဒီဇင်ဘာလ ၁၆ ရက်က ကျင်းပခဲ့သည့် (၇၆) ကြိမ်မြောက် ကုလသမဂ္ဂအထွေထွေညီလာခံ၏ တတိယကော်မတီတွင် "မြန်မာနိုင်ငံရှိ ရိုဟင်ဂျာဆိုသူ မွတ်စလင်များနှင့် အခြားလူနည်းစုများ၏ လူ့အခွင့်အရေးအခြေအနေ"ဟု ခေါင်းစဉ်တပ်ထားသည့် ဆုံးဖြတ်ချက်အဆိုကို အတည်ပြုခဲ့သည်။

နိုင်ငံခြားရေးဝန်ကြီးဌာနက ၂၀၂၁ ခုနှစ် ဒီဇင်ဘာလ ၁၇ ရက်စွဲဖြင့် "ယခုဆုံးဖြတ်ချက်အဆိုတွင် မြန်မာနိုင်ငံ၏ ဥပဒေနှင့် သမိုင်းကြောင်း၌ မည်သည့်အခါကမျှမရှိခဲ့ဘဲ ပြည်သူများက အသိအမှတ်မပြုသည့် 'ရိုဟင်ဂျာ' ဆိုသော အသုံးအနှုန်းအပါအဝင် လိုရာပုံသွင်း၍ မှားယွင်းသည့်အကြောင်းအရာများနှင့် ပြည့်နှက်နေသည်မှာ လက်မခံနိုင်ဖွယ်ဖြစ်သည်။ ထို့ကြောင့် မြန်မာနိုင်ငံက ယင်းဆုံးဖြတ်ချက်အဆိုကို ပြင်းထန်စွာကန့်ကွက်ပယ်ချလိုက်သည်"ဟု သတင်းထုတ်ပြန်သည်။

ထုံးစံအတိုင်း ထိုသတင်းအောက်တွင် လျှောင်ပြောင်သရော်ကြသည့် မှတ်ချက်များစွာဖြင့်။ ထိုမှတ်ချက်ပိုင်ရှင် Profile များကလည်း ထုံးစံအတိုင်းပင်။

၂၀၂၁ ခုနှစ် ဒီဇင်ဘာလ ၁၄ ရက်တွင် ရှမ်းပြည်နယ်(မြောက်ပိုင်း) မုံးစီးရွာ၌ ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေးထိုးနှံပေးပြီးပြန်လာသည့် ကွတ်ခိုင်မြို့နယ် ကုသရေးဦးစီးဌာနမှူး ဒေါက်တာဝင့်ဝင့်မြိုင်ကို အမည်မသိ လက်နက်ကိုင်အဖွဲ့က ကားကိုတားကာ သေနတ်ဖြင့် အနီးကပ်ပစ်ခတ်သတ်ဖြတ်လုပ်ကြံခဲ့ကြသည်။

ထုံးစံအတိုင်း လူမှုကွန်ရက်ပေါ်တွင် မြို့နယ်ဆရာဝန်မကြီးကို ဗိုလ်မှူးကတော် ဒလန်ဟုစွပ်စွဲရေးသားပုံဖော်ကြပြီး အကြမ်းဖက်လုပ်ရပ်အပေါ် ဝမ်းသာအားရထောက်ခံရေးသားသူက ရေးသားကြသည်။ ထိုမှတ်ချက်ပိုင်ရှင်များ၏ Profile များကလည်း ထုံးစံအတိုင်းပင်။ ပါတီစွဲ၊ ပုဂ္ဂိုလ်စွဲနေကြသူများ။

၂၀၂၁ ခုနှစ် ဒီဇင်ဘာလ ၁၅ ရက်တွင် စစ်ကိုင်းတိုင်းဒေသကြီး တန့်ဆည်မြို့နယ် ဒေါင့်ကြီးကျေးရွာ၌ နေထိုင်ခဲ့ကြသည့် အသက် (၈၀) အရွယ် ဒေါ်ဂျမ်းတောနှင့် အသက် (၇၄) နှစ်အရွယ်ရှိ ဒေါ်ခင်ဆွေမြင့်အပါအဝင် အမျိုးသားတစ်ဦးနှင့် အမျိုးသမီးလေးဦး တို့ကို PDF အကြမ်းဖက်လက်နက်ကိုင်များက ရက်စက်စွာပစ်ခတ်သတ်ဖြတ်ကာ နေအိမ်များကို မီးရှို့ခဲ့ကြသည်။

အကြမ်းဖက်ဝါဒကို အားရဝမ်းသာထောက်ခံကြ

အကြောင်းပြချက်က အဘွားဒေါ်ဂျမ်းတောနှင့် ဒေါ်ခင်ဆွေမြင့် တို့သည် လက်ရှိဌာနဆိုင်ရာတစ်ခုမှ ဒုတိယညွှန်ကြားရေးမှူးချုပ်၏ အမေနှင့် အဒေါ်တော်စပ်နေ၍ အကြမ်းဖက်သမားများက "သတင်းပေး၊ ဒလန်"ဟု အကြောင်းပြစွပ်စွဲသတ်ဖြတ်ခဲ့ခြင်းဖြစ်သည်။ ထုံးစံအတိုင်း ပါတီစွဲ၊ ပုဂ္ဂိုလ်စွဲတစ်ဖက်ပိတ်များသည် သူတို့ပါးစပ်ကရွတ်ဆိုနေကျ "ဒီမိုကရေစီနှင့် လူ့အခွင့်အရေး" ကို ဘေးချိတ်ကာ လူသတ်ဝါဒအကြမ်းဖက်ဝါဒကို အားရဝမ်းသာထောက်ခံကြပြန်သည်။

တကယ်တော့ အကျိုးတရားတို့သည် အကြောင်းတရားပေါ်တွင် မူတည်ကာ ရှိတတ်ကြသည်။ ပစ္စက္ခ မြန်မာတို့၏အမျိုးသားရေးဂုဏ်သိက္ခာနှင့် မျိုးချစ်စိတ်များ ပါးလျသွားရခြင်းသည် လွန်ခဲ့သောငါးနှစ်က ဒီမိုကရေစီနှင့် လူ့အခွင့်အရေးကိုသာ တစ်ဖက်သတ်ဇောင်းပေးသည့် အစွန်းရောက်လစ်ဘရယ်ဝါဒကို ဦးစားပေးပြုစုပျိုးထောင်ခဲ့ခြင်းကြောင့်ဖြစ်ပေသည်။ နိုင်ငံတစ်နိုင်ငံတွင်ရှိရမည့် ရှိသင့်ရှိထိုက်သည့် အမျိုးသားရေးဂုဏ်သိက္ခာနှင့် မျိုးချစ်စိတ်ကို လွတ်လပ်မှုစံနှုန်းများဖြင့်သာ တိုင်းတာသည့် လစ်ဘရယ်ဝါဒနှင့် အလဲအထပ်ပြုခဲ့ခြင်းဖြစ်ပေသည်။ ပါတီခေါင်းဆောင်တစ်ဦးကဆိုပါလျှင် "မျိုးချစ်စိတ်မလိုအပ်ဘူး" ဟုပင် ဆိုမိန့်ခဲ့သေးသည်။

> ❑ **မြန်မာနိုင်ငံ၌မူ ပါတီစွဲ၊ ပုဂ္ဂိုလ်စွဲ၊ ဂိုဏ်းဂဏစွဲပြင်းထန်သူများနှင့် မသိနားမလည်သူအချို့သည် မြန်မာနိုင်ငံ၏ အတိတ်သမိုင်းရာဇဝင်နှင့် အစဉ်အလာများကိုခြေကန်ကာ အမျိုးသားရေးဂုဏ်သိက္ခာနှင့် မျိုးချစ်စိတ်တို့ကို မေ့လျော့နေကြသည်။ မင်းသားကြီးမလုပ်ရပတ်မကြီးထိုးဖောက်ဆိုသည့်နယ် အကြမ်းဖက်အုပ်စုတို့က မြန်မာနိုင်ငံကို ကျရှုံး နိုင်ငံအဖြစ်ဆောင်ရွက်နေသည့် အကြမ်းဖက်လုပ်ရပ်များအပေါ် မျက်စိစုံမှိတ် အားပေးထောက်ခံနေကြသည်**

တကယ်တော့ မျိုးချစ်စိတ်ဆိုသည်မှာ အစွန်းရောက်ဝါဒမဟုတ်ပါ။ ကိုယ့်လူမျိုး၊ ကိုယ့်တိုင်းပြည်ကိုချစ်သည့်စိတ်၊ သူတစ်ပါးအောက်ကျမခံလိုသည့်စိတ်၊ ဖြစ်နိုင်လျှင် သူများထက်သာလွန်ချင်သည့်စိတ်ဖြစ်သည်။

Patriotism ဆိုသည့် အင်္ဂလိပ်စကားလုံးသည် လက်တင်ဘာသာ Patria နှင့် ဂရိဘာသာစကား Patritha က ဆင်းသက်လာခြင်းဖြစ်သည်။ မိမိနိုင်ငံကိုချစ်မြတ်နိုးခြင်းဟု အဓိပ္ပာယ်ရသည်။ ရှေးဂရိလူမျိုးများက မျိုးချစ်စိတ်ကိုဖွင့်ဆိုရာတွင် ဘာသာစကား၊ ဘာသာရေးအစဉ်အလာ၊ လူ့ကျင့်ဝတ်၊ အများကောင်းကျိုးတို့ပါဝင်သည်ဟု ဆိုသည်။

တစ်ဖက်သတ်မျိုးချစ်စိတ်

မျိုးချစ်စိတ်နှင့်ပတ်သက်၍ နိုင်ငံရေးဗေဒစာပေကျမ်းများ၌ အဓိပ္ပာယ်အမျိုးမျိုးဖွင့်ဆိုခဲ့ကြသည်။ နိုင်ငံသားအချင်းချင်းအပေါ် တာဝန်သိမှု၊ တာဝန်ယူမှုကလည်း မျိုးချစ်စိတ်ထဲတွင် အကျုံးဝင်သည်ဟုဆိုသည်။ မျိုးချစ်စိတ်သည် နိုင်ငံတစ်နိုင်ငံအတွင်း အတူမှီတင်းနေထိုင်သူအချင်းချင်း စိတ်ဓာတ်ရေးရာစည်းလုံးညီညွတ်မှုဖြစ်သည်ဟုလည်း ဖွင့်ဆိုသည်။ ပညာရှင်တစ်ဦးက မျိုးချစ်စိတ်နှင့် အမျိုးသားရေးဝါဒကို ခွဲခြားထားရမည်ဖြစ်ကြောင်း၊ မျိုးချစ်စိတ်က လူသားဘဝ တန်ဖိုးနှင့် ကောင်းကျိုးဖြစ်ထွန်းမှုကို ဦးစားပေးပြီး အမျိုးသားရေးအစွဲနှင့် မျိုးချစ်စိတ်က သူတစ်ပါးကိုကျူးကျော်ဖို့ ဝန်မလေးသည့် တစ်ဖက်သတ်မျိုးချစ်စိတ်နှင့် အတူတူဖြစ်သွားတတ်သည်ဟုဆိုသည်။

လက်ရှိမြန်မာနိုင်ငံတွင်မူ မျိုးချစ်စိတ်ကို အထူးဝိသေသပြုခဲ့ကြသည့် တပ်မတော်နှင့် အတိတ်ကအစိုးရအဆက်ဆက်အပေါ် နိုင်ငံရေးအာဃာတ၊ ပုဂ္ဂိုလ်ရေးအာဃာတအစွဲအလမ်းတို့ဖြင့် ပြီးခဲ့သည့်ငါးနှစ်က မျိုးချစ်စိတ်ဆိုသည့်စကားလုံးအသုံးအနှုန်းပင် မသုံးဝံ့အောင်ဖြစ်ခဲ့ရသည်။ သူတို့က မျိုးချစ်စိတ်ဆိုသည့်စကားလုံးသည် အစွန်းရောက်အမျိုးသားရေးလက္ခဏာဝိသေသတစ်ရပ်အသွင် သဘောဆောင်သည်ဟု ထင်မှတ်ခဲ့ကြသည်။

သို့ရာတွင် မြန်မာနိုင်ငံမှ ဒီမိုကရေစီဘက်တော်သားများ လေးစားအားကျနေကြသည့် အမေရိကန်နှင့် အနောက်နိုင်ငံကြီးများပင်လျှင် အမျိုးသားရေးဂုဏ်သိက္ခာနှင့် မျိုးချစ်စိတ်ကို မည်သည့်အခါမျှ မျက်ကွယ်မပြုခဲ့ချေ။ မျိုးချစ်စိတ်ဟု တရားဝင်ထုတ်ဖော်မပြောသည့်တိုင် ကိုယ်ကျိုးစီးပွားကာကွယ်ရေးအတွက် တစိုက်မတ်မတ်လုပ်ဆောင်ခဲ့ကြသည်။

အမျိုးသားရေးဂုဏ်သိက္ခာ

အထင်ရှားဆုံးသာဓကအဖြစ် အမေရိကန်သည် ၉/၁၁ အကြမ်းဖက်မှုဖြစ်စဉ်၏ လက်သည်တရားခံ အကြမ်းဖက်ခေါင်းဆောင် အိုစမာဘင်လာဒင်ကို ဆယ်စုနှစ်အကြာခြေရာခံပြီး ၂၀၁၁ ခုနှစ်တွင် ပါကစ္စတန်နိုင်ငံအတွင်း စစ်ဆင်ရေးဆောင်ရွက်ကာ လက်စားချေသတ်ဖြတ်ခဲ့မှုကို အမျိုးသားရေးဂုဏ်သိက္ခာအဖြစ် မှတ်ယူကြသည်။

ဘင်လာဒင်စစ်ဆင်ရေးအတွက် အမေရိကန်ထိပ်တန်းခေါင်းဆောင်များ အကြိတ်အနယ်အချေအတင်ဆွေးနွေးရာတွင် စစ်ဆင်ရေးကိုထောက်ခံသူများဘက်က "အမေရိကန်ဂုဏ်သိက္ခာကိုရော ဘယ်မှာသွားထားကြမှာလဲ၊ အပြစ်မဲ့တဲ့ပြည်သူ ၃၀၀၀ ကျော်ကို သတ်ခဲ့တဲ့လူကို ဘာလုပ်မှာလဲ"ဟူ၍ ထောက်ပြမေးခွန်းထုတ်ခဲ့ကြသည်။

အကြမ်းဖက်ခေါင်းဆောင် ဘင်လာဒင်ကို အသေဖမ်းမိခဲ့သည့် စစ်ဆင်ရေးအောင်မြင်မှုကို သတင်းထုတ်ပြန်ချိန်တွင် အိမ်ဖြူတော်နှင့် မလှမ်းမကမ်းတက္ကသိုလ်က ကျောင်းသားများသည် ကောက်ကာငင်ကာစုရုံးလာကြပြီး အမေရိကန်အလံများ လွှင့်ထူကာ "USA ! USA USA"ဟု ကြွေးကြော်ခဲ့ကြသည်။ သူတို့၏ တရားမျှတမှုအတွက် နှစ်ပေါင်းများစွာ စောင့်ခဲ့ပြီးနောက်တွင် တစ်နိုင်ငံလုံးခံစားခဲ့ရသော ခံစားချက်တို့ကို ဖွင့်ထုတ်၍အောင်ပွဲခံခဲ့ကြခြင်းဖြစ်သည်။

၁၉၈၉ ခုနှစ် နွေဦးရာသီအတွင်းပေါ်ပေါက်ခဲ့သော တရုတ်ပြည်ထူန်းအန်းမင်အရေးအခင်းတွင် တက္ကသိုလ်ကျောင်းသားများသည် ဒီမိုကရေစီနှင့်လွတ်လပ်မှုပိုမိုရရှိရေးအတွက် ထူန်းအန်းမင်ရင်ပြင်၌ ဆန္ဒပြတောင်းဆိုခဲ့ကြသည်။ နောင်ဆယ်စုနှစ်အကြာ ယူဂိုဆလားဗီးယားစစ်ပွဲကာလတွင် အမေရိကန်ဦးဆောင်သော နေတိုးလေကြောင်းတိုက်ခိုက်မှုအတွင်း ဘဲလ်ဂရိတ်မြို့ရှိ တရုတ်သံရုံးကို မတော်တဆဒုံးကျည်ထိမှန်ပြီး သံရုံးအဖွဲ့ဝင်များ သေကျေဒဏ်ရာရရှိခဲ့မှုဖြစ်စဉ်ပေါ်ပေါက်လာသောအခါတွင်မူ အဆိုပါတက္ကသိုလ်ကျောင်းသားများသည် ပေကျင်းရှိ အမေရိကန်သံရုံးနှင့် နေတိုးအဖွဲ့ဝင် အနောက်နိုင်ငံသံရုံးများကို အမျိုးသားရေးဂုဏ်သိက္ခာနှင့် ဇာတိပုညဂုဏ်မာနအရ ပြင်းပြင်းထန်ထန်ကန့်ကွက်ဆန္ဒပြခဲ့ကြသည်။

ပြည်သူအများအပြားနှင့် ကျောင်းသား ၃၀၀၀ ခန့်သည် အမေရိကန်ဆန့်ကျင်ရေး ကြွေးကြော်သံများကို တစ်ခဲနက်ကြွေးကြော်ကာ ပေကျင်းမြို့ရှိ အမေရိကန်သံရုံးသို့ ဦးတည်ချီတက်လာကြသည်။ ပေကျင်းမြို့ရှိ တက္ကသိုလ်တစ်ခုက ဆန္ဒပြကျောင်းသားများသည် တရုတ်နိုင်ငံတော်သီချင်းကို သီဆိုကြသည်။ သဘောထားတင်းမာသူ ဆန္ဒပြသူအချို့ကမူ အမေရိကန်အလံကို မီးရှို့ခြင်း၊ အမေရိကန်သံရုံးပြတင်းပေါက်များကို ပုလင်းများ၊ ကျောက်ခဲများဖြင့် ပစ်ပေါက်ကြသည်။ တရုတ်အာဏာပိုင်များက ထိုအရေးကိစ္စနှင့်ပတ်သက်၍ ခြွေမသေ တုတ်မကျိုး ညင်သာစွာကိုင်တွယ်ဆောင်ရွက်ခဲ့ရလေသည်။

၁၉၈၂ ခုနှစ် ဖောက်ကလန်စစ်ပွဲတွင် အာဂျင်တီးနားဗေ၏ ကျူးကျော်သိမ်းပိုက်မှုအပေါ် သံမဏိမယ်(Iron Lady)ဟု တင်စားခေါ်ဝေါ်ခြင်းခံရသော ဝန်ကြီးချုပ် မာဂရက်သက်ချာသည် အမျိုးသားရေးဂုဏ်သိက္ခာနှင့် ဇာတိပုညဂုဏ်မာနအရ စေ့စပ်ရေးစကား လုံးဝ မပြော။ သူမှားသည် ကိုယ်မှားသည်ဟူသော အချေအတင်စကားများ လည်းပြောမနေတော့။

စာမျက်နှာ ၂၁ သို့

ပလင်းကမ်းသာယာဆင်စခန်းရှိဆင်များအား ကိုဗစ်-၁၉ ကူးစက်ရောဂါကာလအတွင်း အွန်လိုင်းမှတစ်ဆင့်ဆက်သွယ်၍ ဆင်စာဘူဖေးကျွေးမှု အကြိမ် ၃၀၀ ရှိပြီဖြစ်

ညောင်ဦး ဒီဇင်ဘာ ၂၂

မန္တလေးတိုင်းဒေသကြီး ညောင်ဦးမြို့နယ် မြင်းခြံ-ပခုက္ကူကား လမ်းမကြီးဘေး အနောက်ပုလင်းကျေးရွာအနီး ဧရာဝတီမြစ်ကမ်းဘေးတွင် ဖွင့်လှစ်ထားရှိသည့် ပလင်းကမ်းသာယာ ဆင်စခန်းကို ကိုဗစ်- ၁၉ ရောဂါ ကာလအတွင်း မြန်မာပြည်အရပ်ရပ်မှ ဆင်ချစ်သူများက အွန်လိုင်းမှတစ်ဆင့် ဆက်သွယ်၍ ဆင်စာဘူဖေးကျွေးမှုများမှာ အကြိမ် ၃၀၀ ရှိပြီဖြစ်ကြောင်း သစ်အုပ်ကြီး ဒေါ်နိုင်းနိုင်းဧရာထံမှ သိရသည်။

သယံဇာတနှင့် သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးဝန်ကြီးဌာန မြန်မာ့သစ်လုပ်ငန်းက ဖွင့်လှစ်ထားရှိသည့် ပလင်းကမ်းသာယာ ဆင်စခန်းကို ကိုဗစ်- ၁၉ ကူးစက် ရောဂါကာလအတွင်း မြန်မာပြည်အရပ်ရပ်ရှိ ဆင်ချစ်သူများက အွန်လိုင်းမှတစ်ဆင့် ဆင်စာဘူဖေးကျွေးမွေးလှူဒါန်းလျက်ရှိရာ ကိုဗစ်-၁၉ ကူးစက်ရောဂါ ကာလအတွင်း ဆင်စာဘူဖေးကျွေးသူ များပြားလာပြီး နောက်ထပ် ကျွေးမွေးရန် ကြိုတင်ချိတ်ဆက်မှုများ ရှိနေကြောင်း ၎င်းက ဆက်လက်ရှင်းပြသည်။

မြန်မာနိုင်ငံရှိ တိုင်းဒေသကြီးနှင့်ပြည်နယ်များတွင် ဆင်စခန်း ၂၂ ခုအထိ ဖွင့်လှစ်ထားရှိပြီး ဆင်စာဘူဖေး ကျွေးမွေးလှူဒါန်းလိုပါက ဆင်စခန်းအမည်များနှင့် ဆက်သွယ် လှူဒါန်းနိုင်ကြောင်း၊ ဆင်စာအဖြစ် ကြံ၊ နေပီယာမြက်၊ ငှက်ပျောသီး၊ ဖရုံသီး၊ ဖရဲသီး၊ သခွားသီး၊ သရက်သီး၊ အုန်းသီး၊ ပြောင်းဖူးများနှင့် ရာသီပေါ်သီးနှံများအား ကျွေးမွေးကြပြီး ဆင်စာဘူဖေး တစ်ခါကျွေးလျှင် ငွေကျပ်သုံးသောင်းမှ ငါးသောင်းအထိ လှူဒါန်းကြကာ တစ်နေ့စာ ဆင်ခုနစ်ကောင်အတွက် ငွေကျပ် တစ်သိန်း လှူဒါန်းနိုင်ကြောင်း သိရသည်။

ပလင်းကမ်းသာယာ ဆင်စခန်းသို့ မလာရောက်နိုင်ပါက ဆင်စခန်း လူမှုကွန်ရက်စာမျက်နှာများမှတစ်ဆင့် ဆက်သွယ် လှူဒါန်းနိုင်ကြောင်း၊ ပလင်းကမ်းသာယာ ဆင်းစခန်း တာဝန်ခံ လက်ထောက်မန်နေဂျာ ဖုန်း-၇၉၃၈၂၀၅၃၃၂ သို့ ဆက်သွယ် လှူဒါန်းနိုင်ကြောင်း သိရသည်။

မြို့အခြေပြု ခရီးသွားလုပ်ငန်းဖွံ့ဖြိုးမှုအတွက် ဖွင့်လှစ်သည့် ဆင်စခန်းများ ကိုဗစ်-၁၉ ကာလတွင် ဆင်စာ အခက်အခဲရှိကာ တောတောင်၊ ရေမြေသဘာဝ အခြေခံဖွင့်လှစ်ထားသည့် ဆင်စခန်းများရှိ ဆင်များအတွက် အစာရေစာ မခက်ခဲကြောင်း၊ ပလင်းကမ်းသာယာ ဆင်စခန်းကို ယခုနှစ် မေလ ၂၅ ရက်က ပြန်လည် ဖွင့်လှစ်ခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

မောင်မောင်ထိန်
(ကျောက်ပန်းတောင်း)

ထန်းတပင်မြို့နယ် တပွန်ကျေးရွာနေပြည်သူများအတွက် ကျေးလက်ကျန်းမာရေးဌာနခွဲတစ်ခု လိုအပ်နေ

ထန်းတပင် ဒီဇင်ဘာ ၂၂

ရန်ကုန်မြောက်ပိုင်းခရိုင် ထန်းတပင်မြို့နယ်အတွင်းရှိ တပွန်ကျေးရွာသည် ပက်အင်းကလေးကျေးရွာအုပ်စုအောက်တွင် တည်ရှိကာ ကျေးရွာနေပြည်သူများအတွက် အဓိကလိုအပ်ချက်ဖြစ်သည့် ကျေးလက်ကျန်းမာရေးဌာနခွဲ မရှိခြင်းကြောင့် ကျေးရွာအတွင်းရှိ နာမကျန်းလူနာများ၊ သက်ကြီးရွယ်အိုများ၊ သားဖွားမိခင်များ၊ ကလေးငယ်များနှင့် အရေးပေါ်ကျန်းမာရေးစောင့်ရှောက်မှုခံယူရန် လိုအပ်သည့် လူနာများအတွက် အချိန်မီကုသနိုင်ရန် ကျေးလက်ကျန်းမာရေးဌာနခွဲတစ်ခု လိုအပ်နေကြောင်း သိရသည်။

တပွန်ကျေးရွာအတွင်းရှိ ကျေးရွာနေပြည်သူများသည် အချိန်နှင့်တစ်ပြေးညီ အရေးပေါ်ကျန်းမာရေးကိစ္စရပ်များတွင် ၈ မိုင်ခန့် ဝေးကွာသော ဒေါင့်ကြီးကျေးလက်ကျန်းမာရေးဌာနခွဲ၊ ၅ မိုင်ခန့် ဝေးသော ဆတ်ကလေးကျေးရွာ ကျန်းမာရေးဌာနနှင့် ၁၀ မိုင်ခန့် ဝေးကွာသည့် ထန်းတပင်မြို့နယ် ပြည်သူ့ဆေးရုံသို့ အရေးပေါ်ကုသမှုခံယူရခြင်းတို့ကြောင့် ကျေးရွာနေပြည်သူများအနေဖြင့် အခက်အခဲများ ဖြစ်ပေါ်လျက်ရှိကြောင်း သိရသည်။

အဆိုပါကျေးရွာတွင် ကျေးလက်ကျန်းမာရေးဌာနခွဲတစ်ခုရှိလာပါက တပွန်ကျေးရွာနေပြည်သူများအပြင် ပက်အင်းကလေးကျေးရွာအုပ်စုအတွင်းရှိ အနောက်တပွန်ကျေးရွာ၊ အရှေ့ညောင်ကုန်းကျေးရွာ၊ ညောင်ကုန်းကျေးရွာနှင့် ပက်အင်းကလေးကျေးရွာအတွင်း အိမ်ခြေ ၃၅၀ ရှိ အိမ်ထောင်စု ၃၈၀ တို့မှ လူဦးရေ ၁၈၀၀ ခန့် ကျန်းမာရေးစောင့်ရှောက်မှု အထောက်အပံ့ကောင်းများ ရရှိလာမည်ဖြစ်သည်။ ကျေးရွာနေပြည်သူများသည် လယ်လုပ်သား၊ ကျွဲပန်းလုပ်သားများဖြစ်ပြီး မိုးရာသီတစ်ခုတည်းကိုသာ အဓိကထားလုပ်ကိုင်ရသောကြောင့် နွေရာသီရောက်လျှင် အလုပ်လုပ်ကိုင်ရန် လုပ်ငန်းရှားပါးခြင်းကြောင့် ဝင်ငွေနည်းပါးပြီး အခြေခံကျန်းမာရေးစောင့်ရှောက်မှုများနှင့် ကျန်းမာရေးအသိပညာ နည်းပါးသောကြောင့် အရန်သားဖွား၊ အရပ်လက်သည်များကိုသာ အားကိုးနေရသော နေရာတစ်ခုဖြစ်ကြောင်း သိရသည်။

ကျေးလက်ကျန်းမာရေးဌာနခွဲရရှိရန် ၂၀၁၆ ခုနှစ်တွင် ပထမအကြိမ်နှင့် ၂၀၁၉ ခုနှစ်တွင် ဒုတိယအကြိမ် လျှောက်ထားခဲ့ပြီး မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ မြို့နယ်ပြည်သူ့ဆေးရုံနှင့် ကျေးလက်ကျန်းမာရေးဌာနခွဲတို့မှ ထောက်ခံတင်ပြပေးထားသော်လည်း ကျေးရွာအတွက် ကျေးလက်ကျန်းမာရေးဌာနခွဲမှာ ယနေ့ထက်ထိတိုင် မရရှိသေးကြောင်းနှင့် ကျေးလက်ဆေးပေးခန်းတည်ဆောက်ရန် မြေနေရာကိုလည်း အလှူရှင်က ၂၀၁၆ ခုနှစ်ကတည်းက လှူဒါန်းထားရှိကြောင်း ကျေးရွာအုပ်ချုပ်ရေးမှူးဦးထင်ကျော်ဦးထံမှ သိရသည်။

ဧင်မင်းထိုက်(ထန်းတပင်)

တာမွေမြို့နယ်အတွင်း ရေစီးရေလာကောင်းမွန်စေရေးဆောင်ရွက်

ရန်ကုန် ဒီဇင်ဘာ ၂၂

ရန်ကုန်တိုင်းဒေသကြီး ရန်ကုန်အရှေ့ပိုင်းခရိုင် တာမွေမြို့နယ်အတွင်း ရေစီးရေလာကောင်းမွန်စေရေးနှင့် ရေနုတ်မြောင်းများအတွင်း ခြင်နှင့် ယင်များပေါက်ဖွားမှုမရှိစေရေးအတွက် ယမန်နေ့က မြို့နယ်စည်ပင်သာယာရေးကော်မတီမှ ဝန်ထမ်းများက တာမွေမြို့နယ် ဗညားဒလ လမ်းတစ်လျှောက်ရှိ ရေနုတ်မြောင်းများအတွင်း ပိတ်ဆို့နေသော နုန်းများ၊ အမှိုက်များအား ဆယ်ယူရှင်းလင်းခြင်းလုပ်ငန်းကို ဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

အဆိုပါ တာမွေမြို့နယ် ဗညားဒလလမ်းတစ်လျှောက်ရှိ ရေနုတ်မြောင်းများ ရေစီးရေလာကောင်းမွန်စေရေး ဆောင်ရွက်ပေးနေမှုကို မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌနှင့်အဖွဲ့ဝင်များ၊ မြို့နယ်စည်ပင်သာယာရေးကော်မတီမှ တာဝန်ရှိသူများက ကွင်းဆင်းကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များကို ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးကြောင်း သိရသည်။

နိုင်လင်းအောင်(ပြန်/ဆက်)

ရွှေတောင်မြို့နယ်၌ ကိုဗစ်- ၁၉ ရောဂါ ကာကွယ်ဆေးထိုးနှံပေး

ရွှေတောင် ဒီဇင်ဘာ ၂၂

ပဲခူးတိုင်းဒေသကြီး ရွှေတောင်မြို့နယ်တွင် အသက် ၁၈ နှစ်နှင့်အထက် ပြည်သူများအား (ဒုတိယအကြိမ်) ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေးထိုးနှံပေးခြင်းကို ယမန်နေ့စတင်၍ မြို့နယ်ကျန်းမာရေးဦးစီးဌာနမှ ဝန်ထမ်းများက ကြာနီကန်ရပ်ကွက် သာသနာ့ဗိမာန်နှင့် ဆေးထိုးစုရပ်အသီးသီးတွင် စနစ်တကျ ထိုးနှံပေးလျက်ရှိသည်။

အဆိုပါ ကာကွယ်ဆေးထိုးနှံပေးခြင်းလုပ်ငန်းကို မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ကြီးကြပ်မှုဖြင့် မြို့နယ်ကျန်းမာရေး၀န်ထမ်း၊ ကြက်ခြေနီသူနာပြုတပ်ဖွဲ့ဝင်များ၊ လူမှုရေးအသင်းအဖွဲ့များ ပါ၀င်သည့် ပူးပေါင်းအဖွဲ့က လိုအပ်သည်များ ကူညီဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

ကိုကိုမင်း
(ပြန်/ဆက်)

စာမျက်နှာ ၂၀ မှ

ဗြိတိသျှရေတပ်ကြီးကို မိုင်ပေါင်း ၈၀၀၀ ခရီးနှင်စေခဲ့သည်။

ဗြိတိန်ပြည်သူများကလည်း အမျိုးသားရေးဂုဏ်သိက္ခာနှင့် မျိုးချစ်စိတ်အရ ဗြိတိသျှရေတပ်ကြီးစစ်ပွဲအတွက် စတင်ထွက်ခွာချိန်မှ စစ်ပွဲဖြစ်ပွားခဲ့သည့် ရက်သတ္တာခြောက်ပတ်ကြာ ကာလအတွင်း သောင်းသောင်းဖြဖြ တစ်ခဲနက်ထောက်ခံရပ်တည်ခဲ့ကြသည်။

ဖောက်ကလန်စစ်ပွဲတွင် ရှုံးနိမ့်ခဲ့ရသော အာဂျင်တီးနားတို့ကလည်း ၁၉၈၃ ခုနှစ် မကွာစီကို ကမ္ဘာ့ဖလားဘောလုံးပြိုင်ပွဲ ကွာတားဖိုင်နယ်ပွဲစဉ်တွင် မဟာရန်ဘက် အင်္ဂလန်အသင်းကို မာရာဒိုနာ၏ သွင်းဂိုးနှစ်ဂိုးအပါအဝင် နှစ်ဂိုး-တစ်ဂိုးဖြင့် အာဂျင်တီးနားအသင်း၏ အနိုင်ရရှိမှုအပေါ် ဖောက်ကလန်စစ်ပွဲ၏ ရာဇဝင်ကြွေးအဖြစ်လည်းကောင်း၊ အမျိုးသားရေးဂုဏ်သိက္ခာအဖြစ်လည်းကောင်း ရှုမြင်အောင်ပွဲခံခဲ့ကြသည်။

မြန်မာနိုင်ငံ၌မူ ပါတီစွဲ၊ ပုဂ္ဂိုလ်စွဲ၊ ဂိုဏ်းဂဏစွဲပြင်းထန်သူများနှင့် မသိနားမလည်သူအချို့သည် မြန်မာနိုင်ငံ၏ အတိတ်သမိုင်းရာဇဝင်နှင့် အစဉ်အလာများကိုခြေကန်ကာ အမျိုးသားရေးဂုဏ်သိက္ခာနှင့် မျိုးချစ်စိတ်တို့ကို မေ့လျော့နေကြသည်။ မင်းသားကြီးမလုပ်ရ ပတ်မကြီး ထိုးဖောက်ဆိုသည့်နယ် အကြမ်းဖက်အုပ်စုတို့က မြန်မာနိုင်ငံကို ကျရှုံးနိုင်ငံအဖြစ်ဆောင်ရွက်နေသည့် အကြမ်းဖက်လုပ်ရပ်များအပေါ် မျက်စိစုံမှိတ် အားပေးထောက်ခံနေကြသည်။

ပြီးခဲ့သည့်လပိုင်းက တရုတ်ပြည်မှကျောင်းသား ၅၀၀ ကို တရုတ်ပြည်တွင်းစစ်နှင့် ကိုရီးယားစစ်ပွဲအတွင်းက တရုတ်ပြည်သူ့လွတ်မြောက်ရေးတပ်သားများ ရိက္ခာအဖြစ် စားသောက်ခဲ့ရသော အာလူးအစိမ်းနှင့် ဂျုံမှုန့်များအား အစမ်းကျွေးကြည့်သောအခါ တော်လှန်ရေးတွင် အသက်စွန့်ခဲ့သည့်သူရဲကောင်းများ၏ ခက်ခဲမှုများအပေါ် လက်ရှိမျိုးဆက်သစ်တို့ ကိုယ်ချင်းစာနာခံစားမိခဲ့ကြပြီး အချို့က မျက်ရည်များယိုစီးကာ ငိုကြွေးခဲ့ကြသည်။

မြန်မာနိုင်ငံ၌မူ ယခုရက်ပိုင်းအတွင်း နိုင်ငံတော်၏လုံခြုံရေးနှင့် ကာကွယ်ရေးအတွက် စွန့်လွှတ်စွန့်စားတာဝန်ထမ်းဆောင်ရင်း ဒဏ်ရာရ၊ အသက်စွန့်လွှတ်သွားခဲ့ကြသည့် တပ်မတော်သားအချို့၏ ဖြစ်စဉ်နှင့်ပတ်သက်၍ အစွန်းရောက်များက လူမှုကွန်ရက်စာမျက်နှာပေါ်တွင် လှောင်ပြောင်သရော်ကာ ရေးသားခဲ့ကြလေသည်။

ထိုသို့သော ပါတီစွဲ၊ ပုဂ္ဂိုလ်စွဲ၊ ဂိုဏ်းဂဏစွဲဖြင့် အစွန်းရောက်လစ်ဘရယ်ဝါဒကို ကမ္ဘာထင်ကာ အထိန်းအကွပ်မဲ့ကြိုးမဲ့လေတံခွန်ပမာ လွတ်လပ်မှုစံနှုန်းများကို တရားသေကိုင်စွဲထားသူအချို့၏ သွေးထိုးလှုံ့ဆော်မှုများက အနာဂတ်မြန်မာနိုင်ငံတော်အတွက် စိုးရိမ်စရာကောင်းသည်။ အနာဂတ်မျိုးဆက်သစ်လူငယ်များနားယောင်ကာ အမျိုးသားရေးဂုဏ်သိက္ခာ ဇာတိပုညဂုဏ်မာနနှင့် မျိုးချစ်စိတ်ဓာတ်များ ခေါင်းပါးသွားမည့်အရေးကိုလည်း ကျွန်တော်တွေးပူမိပါသည်။

အချိန်မီထိန်းသိမ်းကာကွယ်ကြပါစို့။ ။

နိုင်ငံတော်တည်ငြိမ်အေးချမ်းမှုကို မလိုလားသည့် PDF အမည်ခံ အကြမ်းဖက်သမားများက ခရီးသည်တင်မီးရထားတစ်စင်း မိုင်းဆွဲတိုက်ခိုက်ခြင်းနှင့် လမ်းပန်းဆက်သွယ်ရေး ပြတ်တောက်စေရန်အတွက် မီးရထားသံလမ်းများပေါ်၌ မိုင်းထောင်ဖောက်ခွဲခြင်းပြုလုပ်

နေပြည်တော် ဒီဇင်ဘာ ၂၂

အကြမ်းဖက်အဖွဲ့များဖြစ်သော CRPH၊ NUG အမည်ခံ အဖွဲ့များနှင့် ၎င်းတို့၏လက်ဝေခံ PDF အဖွဲ့များ အနေဖြင့် ၎င်းတို့၏ ကိုယ်ကျိုးစီးပွားအတွက် နိုင်ငံတော်တည်ငြိမ်အေးချမ်းမှုနှင့် တရားဥပဒေစိုးမိုးမှုကို ပျက်ပြားစေရန်၊ လမ်းပန်းဆက်သွယ်မှုများ ပြတ်တောက်စေရန် ရည်ရွယ်ကာ မီးရထားသံလမ်းများပေါ်၌ မိုင်းထောင်ထားခြင်း၊ ဖောက်ခွဲဖျက်ဆီးခြင်းများကဲ့သို့ အကြမ်းဖက်မှုလုပ်ရပ်များ လုပ်ဆောင်လျက်ရှိသည်။

ထိုသို့ အကြမ်းဖက်လုပ်ရပ်များလုပ်ဆောင်ခဲ့ရာတွင် ဒီဇင်ဘာ ၂၁ ရက် နံနက် ၇ နာရီခွဲတွင် မကွေးတိုင်းဒေသကြီး ပခုက္ကူမြို့ဘူတာမှထွက်ခွာလာသည့် ပခုက္ကူ-ကျွန်းချောင်း အမှတ်(၂)အစုန်ရထားသည် နံနက် ၈ နာရီ ၁၀ မိနစ်တွင် မီးရထားလမ်း မိုင်တိုင် အမှတ် (၄၇၄/ဖ-၇)ကြားအရောက်၌ အကြမ်းဖက်သမားများ ထောင်ထားသည့် လက်လုပ်မိုင်းတစ်လုံး ပေါက်ကွဲခဲ့ပြီး ပေါက်ကွဲမှုကြောင့် စက်ခေါင်းမောင်း၊ အကူစက်ခေါင်းမောင်းနှင့် လုံခြုံရေးတပ်ဖွဲ့ဝင်တစ်ဦးတို့ မိုင်းစထိမှန်ဒဏ်ရာများရရှိကာ အဆိုပါ ရထားစက်ခေါင်းမှာလည်း မိုင်းစထိမှန် ပျက်စီးခဲ့သည်။ ၎င်းအပြင်အခင်းဖြစ်နေရာ အနီးမှ လက်လုပ်မိုင်းတစ်လုံး၊ ဆိုင်ကယ်ဘက်ထရီအိုးသုံးလုံး၊ ဝိုင်ယာကြိုးနှစ်ချောင်း၊ နှစ်ပင်လိမ်ဝိုင်ယာကြိုးတစ်ချောင်းနှင့် ကြိုးခွေတစ်ခွေတို့ တွေ့ရှိရပြီး သက်မဲ့ပြုလုပ်သိမ်းဆည်းခဲ့ကာ ထိခိုက်ဒဏ်ရာရရှိသူများကို ပခုက္ကူမြို့နယ်ဆေးရုံကြီးသို့ ပို့ဆောင်ထားရှိခဲ့သည်။

အလားတူ ဒီဇင်ဘာ ၂၁ ရက် မွန်းလွဲ ၁၂ နာရီ ၄၅ မိနစ်တွင် မန္တလေးတိုင်းဒေသကြီး ကျောက်ပန်းတောင်းမြို့နယ် ကန်ပေါက်ကျေးရွာအနီး ကျောက်ပန်းတောင်း-ပျဉ်းမနား မီးရထားလမ်းကြေးနန်းတိုင်အမှတ် ၃ဖ၁/၁၁-၁၂ ကြားရှိ ခုံးကျော်တံတားကို အကြမ်းဖက်သူများက လက်လုပ်မိုင်းဖြင့် ဖောက်ခွဲမှုကြောင့် မီးရထားသံလမ်း သစ်သားဧလီဖားတုံးနှင့် သံလမ်းအဆက်တစ်ခုတို့ ပျက်စီးခဲ့ပြီး လုံခြုံရေးတပ်ဖွဲ့ဝင်များ စစ်ဆေးနေစဉ် လက်လုပ်မိုင်းတစ်လုံး ထပ်မံပေါက်ကွဲခဲ့သဖြင့် လုံခြုံရေးတပ်ဖွဲ့ဝင်နှစ်ဦးတွင် မိုင်းစထိမှန်ဒဏ်ရာ အနည်းငယ်ရရှိခဲ့ကြောင်း သိရသည်။

ဦးစိုးဝင်း(ဒဏ်ရာရ) ဦးသက်ပိုင်ထွန်း(ဒဏ်ရာရ) ရဲတာသ အောင်ဇော်(ဒဏ်ရာရ)

ပခုက္ကူဘူတာမှ ကျွန်းချောင်းဘူတာသို့ ထွက်ခွာလာသည့် အမှတ်(၂)အစုန်ရထားကို ကွန်ပျူတာတက္ကသိုလ်ဘူတာနှင့် ဘဲကြီးဘူတာကြား၌ အကြမ်းဖက်သမားများက မိုင်းဆွဲတိုက်ခိုက်ခဲ့သဖြင့် ထိခိုက်ဒဏ်ရာရရှိခဲ့မှုနှင့်ပျက်စီးခဲ့မှု မှတ်တမ်းဓာတ်ပုံ။

ကျောက်ပန်းတောင်းမြို့နယ် ကန်ပေါက်ကျေးရွာအနီး ကျောက်ပန်းတောင်း-ပျဉ်းမနား မီးရထားလမ်းပေါ်ရှိ ခုံးကျော်တံတား၌ အကြမ်းဖက်သူများ၏ မိုင်းထောင်ဖောက်ခွဲခဲ့မှုကြောင့် ပျက်စီးခဲ့မှု မှတ်တမ်းဓာတ်ပုံ။

အကြမ်းဖက်လုပ်ရပ်များ ဆက်လက်ဆောင်ရွက်လျက်ရှိသည့် အမှတ်(၂)အစုန်ရထားတွင် ခရီးသည်များ တင်ဆောင်မောင်းနှင်လာသည့် မီးရထားတို့အား မိုင်းဆွဲတိုက်ခိုက်ခြင်းများ ကျူးလွန်ခဲ့သည့် အကြမ်းဖက်သမားများကို ဖော်ထုတ်ဖမ်းဆီးရမိနိုင်ရေး လုံခြုံရေးတပ်ဖွဲ့ဝင်များက ဆက်လက်ဆောင်ရွက်လျက်ရှိကြောင်း သတင်းရရှိသည်။

သတင်းစဉ်

ဖားကန့်မြို့နယ် လုံးခင်းကျေးရွာအုပ်စု သာယာကုန်းကျေးရွာအနီး လုပ်ကွက်ဟောင်းမှ မြေသားပြိုကျမှုဖြစ်ပွား

ဖားကန့် ဒီဇင်ဘာ ၂၂

ကချင်ပြည်နယ် ဖားကန့်မြို့နယ် လုံးခင်းကျေးရွာအုပ်စု သာယာကုန်းကျေးရွာ၏အနောက်ဘက် စိန်စိန်ကုမ္ပဏီလုပ်ကွက်ဟောင်းအနီးရှိ မြေစာပုံဟောင်းရေကန်မှ ဒီဇင်ဘာ ၂၂ ရက် နံနက် ၄ နာရီခွဲခန့်တွင် အမြင့်ပေ ၁၅၀ ခန့်ရှိ မြေသားထုပြိုကျမှုဖြစ်ပွားခဲ့ရာ ရေမဆေးရှာဖွေသူများနှင့် ပျံကျစေးဆိုင်များပါသွားသဖြင့် လုံးခင်းကျေးရွာအုပ်ချုပ်ရေးအဖွဲ့နှင့် လူမှုရေးအသင်းတို့က ရှာဖွေကယ်ဆယ်ရေးလုပ်ငန်းများ ဆောင်ရွက်လျက်ရှိကြောင်း သိရှိရသည်။

ယခုပြိုကျသည့် မြေစာပုံသည် စိန်စိန်ကုမ္ပဏီလုပ်ကွက်ဟောင်းအတွင်းရှိမြေစာပုံဖြစ်ပြီး အမြင့်ပေ ၁၅၀ ခန့်၊ အကျယ်ပေ ၂၀၀ ခန့်ရှိသော မြေသားထုသည် ၎င်းနှင့်ကပ်လျက်ရှိသော ဂျတ်ပါဝါကုမ္ပဏီ လုပ်ကွက်ဟောင်းအတွင်းမှ အကျယ်ပေ ၈၀၀ ခန့် အနက်ပေ၂၀၀ ခန့်ရှိသော ရေကန်အတွင်းသို့ ပြိုကျခဲ့ခြင်းဖြစ်သည်။

ယင်းဖြစ်စဉ်ကြောင့် မြေစာပုံနှင့် ရေကန်အကြားတွင် ရေမဆေးကျောက်ရှာဖွေနေသူများနှင့် ပျံကျစေးရောင်းချနေသည့် စျေးဆိုင်နှစ်ဆိုင်အပါအဝင် ခန့်မှန်းလူဦးရေ ၂၀ ခန့် မြေစာနှင့်အတူ ရေကန်အတွင်းသို့ ပါရှိသွားနိုင်ကြောင်း သိရသည်။

အဆိုပါ အခင်းဖြစ်ပွားရာနေရာသို့ မြို့နယ်စီမံအုပ်ချုပ်ရေးဥက္ကဋ္ဌ ဦးငြိမ်းမောင်မောင်ဦးဆောင်သည့်အဖွဲ့ဝင်များ သွားရောက်ကြည့်ရှု၍ လိုအပ်သည်များမှာကြာပြီး အရန်မီးသတ်တပ်ဖွဲ့ဝင်များ၊ လူမှုကူညီရေးအသင်းများ၊ နယ်မြေရဲစခန်းမှူး၊ လုံးခင်းကျေးရွာအုပ်ချုပ်ရေးမှူးနှင့် အဖွဲ့ဝင်များက လူနာတင်ယာဉ် ၁၀ စီးနှင့်အတူ ကူညီကယ်ဆယ်ရေးလုပ်ငန်းများ ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

မိုးမိုးဝေ(ပြန်/ဆက်)

ဆန်းဒါးလန်းကို ဂိုးပြတ်အနိုင်ယူပြီး ကာရာဘောင်ဖလားဆီမီးဖိုင်နယ်ကို တက်လှမ်းခွင့်ရရှိခဲ့သည့် အာဆင်နယ်

ကာရာဘောင်ဖလား ကွာတားဖိုင်နယ်ပွဲစဉ်တစ်ပွဲဖြစ်သည့် ပရီမီယာလိဂ်ကလပ် အာဆင်နယ်အသင်းနှင့် လိဂ်ဝမ်းကလပ် ဆန်းဒါးလန်းအသင်းတို့ပွဲစဉ်ကို ဒီဇင်ဘာ ၂၂ ရက် နံနက်ပိုင်းက အမ်းမရိတ်အားကစားကွင်း၌ ယှဉ်ပြိုင်ကစားခဲ့ရာ အာဆင်နယ်အသင်းက အင်ခီတီယာ ခြေစွမ်းပြမှုနှင့်အတူ ငါးဂိုး-တစ်ဂိုးဖြင့် အနိုင်ရရှိပြီး ဆီမီးဖိုင်နယ်သို့ တက်လှမ်းနိုင်ခဲ့သည်။

ကာရာဘောင်ဖလား စတုတ္ထအဆင့်တွင် လိဒ်စ်အသင်းကို နှစ်ဂိုးပြတ်အနိုင်ရရှိခဲ့သော အာဆင်နယ်အသင်းသည် ယခုကွာတားဖိုင်နယ်ပွဲစဉ်တွင်လည်း ဆန်းဒါးလန်းအသင်းကို ဂိုးပြတ်နိုင်ပွဲထပ်မံဖော်ဆောင်နိုင်ခဲ့သည်။ ယခုပွဲစဉ်အတွက် ဦးဆောင်ဂိုးကို အာဆင်နယ်အသင်းက စတင်ရရှိခဲ့ပြီး ပွဲချိန် ၁၇ မိနစ်တွင် အင်ခီတီယာက သွင်းယူပေးနိုင်ခဲ့သည်။ ဒုတိယဂိုးကို ပွဲချိန် ၂၇ မိနစ်တွင် ဝီဝီက သွင်းယူပေးနိုင်ခဲ့ပြီး ဆန်းဒါးလန်းအသင်းမှ ဘရွတ်ဟက်က ပွဲချိန် ၃၁ မိနစ်တွင် ချေပဂိုး သွင်းယူနိုင်ခဲ့သောကြောင့် ပထမပိုင်းကို အာဆင်နယ်အသင်းက နှစ်ဂိုး-တစ်ဂိုးဖြင့် ဦးဆောင်နိုင်ခဲ့သည်။

ဒုတိယပိုင်းတွင် အာဆင်နယ်အသင်းက ဆန်းဒါးလန်းအသင်းကို သိသိသာသာဖိအားပေးကစားနိုင်ခဲ့ပြီး သွင်းဂိုးများ ရရှိခဲ့သည်။ အသင်းအတွက် တတိယဂိုးနှင့် စတုတ္ထဂိုးကို ပွဲချိန် ၄၉ မိနစ်နှင့် ၅၈ မိနစ်တွင် အင်ခီတီယာက သွင်းယူပေးနိုင်ခဲ့သည်။ အင်ခီတီယာသည် ယခုပွဲစဉ်တွင် ဟက်ထရစ်ရရှိခဲ့သောကြောင့် ယခုနှစ်ရာသီ ကာရာဘောင်ဖလား ပြိုင်ပွဲသုံးပွဲတွင် ငါးဂိုးအထိ ရှိလာပြီဖြစ်သည်။ အာဆင်နယ်အသင်းအတွက် ပဉ္စမဂိုးကို ပွဲချိန်ပြည့်ခါနီးတွင် ပါတီနိုက သွင်းယူပေးနိုင်ခဲ့သည်။

ယခုနှစ်ရာသီ ကာရာဘောင်ဖလားပြိုင်ပွဲ ကွာတားဖိုင်နယ်သို့ ပရီမီယာလိဂ်ပြင်ပမှ ဆန်းဒါးလန်းတစ်သင်းသာ ဝင်ရောက်ယှဉ်ပြိုင်ခွင့်ရရှိခဲ့သည်။

အောင်ဇော်

အမျိုးသမီးများကို တရုတ်နိုင်ငံသို့ ပို့ဆောင်ရောင်းစားခဲ့သူအား လူကုန်ကူးမှုဖြင့် ထောင်ဒဏ်ချမှတ်

နေပြည်တော် ဒီဇင်ဘာ ၂၂

အမျိုးသမီးများကို တရုတ်နိုင်ငံသို့ ပို့ဆောင်ရောင်းစားခဲ့သူအား လူကုန်ကူးမှုဖြင့် အလုပ်နှင့်ထောင်ဒဏ် (၁၀) နှစ်စီ ချမှတ်ခဲ့ကြောင်း မြန်မာနိုင်ငံရဲတပ်ဖွဲ့မှ သိရသည်။

ရန်ကုန်တိုင်းဒေသကြီး ရွှေပြည်သာမြို့နယ် အမှတ်(၆)ရပ်ကွက်နေ မဖြူဖြူသွယ်နှင့် ရန်ကုန်တိုင်းဒေသကြီး ထောက်ကြန့်မြို့နယ် အမှတ်(၃)ရပ်ကွက်နေ မန္တယ်နီခိုင်တို့က ရန်ကုန်တိုင်းဒေသကြီး ရွှေပြည်သာမြို့နယ်နေ မ ... ၂၅နှစ်နှင့် မ ... ၂၅ နှစ်တို့ကို တရုတ်နိုင်ငံရှိ အနှိပ်လုပ်ငန်းတွင် အလုပ်လုပ်ကိုင်ပါက တစ်လလျှင် ငွေကျပ် ၁၀ သိန်းရမည်ဟု ပြောဆိုစည်းရုံးပြီး တရုတ်အမျိုးသားထံ ပို့ဆောင်ရောင်းစားခဲ့သဖြင့် လှော်ကားနယ်မြေ ရဲစခန်း(ပ) ၃၁၀/ ၂၀၁၈၊ လူကုန်ကူးမှု တားဆီးကာကွယ်ရေးဥပဒေ ပုဒ်မ ၂၄/ ၃၂ ဖြင့် အမှုရေးဖွင့်ခဲ့ပြီး မြောက်ပိုင်းခရိုင်တရားရုံးသို့ တရားစွဲတင်ပို့ခဲ့ရာ ဒီဇင်ဘာ ၂၁ ရက်တွင် တရားခံ မဖြူဖြူသွယ်နှင့် မန္တယ်နီခိုင်တို့အား လူကုန်ကူးမှု တားဆီးကာကွယ်ရေးဥပဒေပုဒ်မ ၂၄/ ၃၂ အရ အလုပ်နှင့်ထောင်ဒဏ် (၁၀) နှစ်စီကျခံစေရန် အမိန့် ချမှတ်ခဲ့ကြောင်း သိရသည်။

သတင်းစဉ်

နောင်ချိုမြို့နယ်၌ ကျပ်သိန်း ၃၃၀၀ ကျော် တန်ဖိုးရှိ ဘိန်းဖြူများ ဖမ်းဆီးရမိ

နေပြည်တော် ဒီဇင်ဘာ ၂၂ နောင်ချိုမြို့နယ်တွင် ငွေကျပ်သိန်း ၃၃၀၀ ကျော် တန်ဖိုးရှိ ဘိန်းဖြူများ ဖမ်းဆီးရမိခဲ့ကြောင်း မြန်မာနိုင်ငံရဲတပ်ဖွဲ့မှ သိရသည်။

ဖြစ်စဉ်မှာ မူးယစ်ဆေးဝါး တားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များ ပါဝင်သော ပူးပေါင်းအဖွဲ့သည် ဒီဇင်ဘာ ၂၀ ရက် မွန်းတည့် ၁၂ နာရီတွင် နောင်ချိုမြို့အဝင် မန္တလေး-မူဆယ်သွား ကားလမ်း၊ မိုင်တိုင်အမှတ်(၈၀/၄)အနီးတွင် ကျောက်မဲမှ မန္တလေးသို့ သန်းထွန်းနိုင်(၁) ဖိုးညိုမောင်းနှင်ပြီး စိုင်းအောင်သူ ဟိန်း(၁)အိုက်ပြား (၃၁)နှစ်လိုက်ပါလာသည့် မော်တော်ယာဉ်ကို သတင်းအရ ရှာဖွေရာ ဒေသကာလတန်ဖိုး ငွေကျပ်သိန်း ၃၃၀၀ ကျော် တန်ဖိုးရှိဘိန်းဖြူ ၂၂ ဒသမ ၂၂ ကီလို သိမ်းဆည်းရမိခဲ့သည်။ စစ်ဆေးဖော်ထုတ်ချက်များ အရ သိမ်းဆည်းရမိ ဘိန်းဖြူများကို ရှမ်းပြည်နယ် မြောက်ပိုင်းမှ စစ်ကိုင်းတိုင်းဒေသကြီးသို့ သယ်ဆောင်ခြင်းဖြစ်ကြောင်း သိရှိရသဖြင့် ဥပဒေအရ အရေးယူထားရှိပြီး ကွင်းဆက် ပြစ်မှုကျူးလွန်သူများကို ဆက်လက်စစ်ဆေးဖော်ထုတ်လျက် ရှိကြောင်း သိရသည်။ **သတင်းစဉ်**

အောင်သတင်း အငြိမ့် ဖျော်ဖြေပွဲကို မြန်မာ့အသံနှင့်ရုပ်မြင်သံကြား၌ ပြသမည်

နေပြည်တော် ဒီဇင်ဘာ ၂၂ အများပြည်သူ ပျော်ရွှင်စေရန်၊ အပန်းပြေစေရန်နှင့် စိတ်ခွန်အားသစ်များ ရရှိနိုင်ရန်အတွက် မြန်မာ့အသံနှင့် ရုပ်မြင်သံကြားမှ ဖျော်ဖြေရေး အစီအစဉ်များကို တိုးမြှင့် တင်ဆက်လျက်ရှိရာ "အောင်သတင်းအငြိမ့်" ဖျော်ဖြေပွဲကို ဒီဇင်ဘာ ၂၅ ရက် စနေနေ့ ည ၈ နာရီ သတင်းအပြီးတွင် မြန်မာ့အသံနှင့် ရုပ်မြင်သံကြား၏ MRTV-HD Channel မှ ထုတ်လွှင့်ပြသမည်ဖြစ်သည်။

ယင်းဖျော်ဖြေမှုကို ရွှေရှမ်းလေးက စီစဉ်ပြီး ရွာစားစိန်မြတ်မော် ဆိုင်းအဖွဲ့၏ တီးခတ်မှုနှင့်အတူ ခေါင်းဆောင်မင်းသမီး အိအိလင်း၊ ရှေ့ထွက်မင်းသမီး မေသင်းခိုင်၊ လူရွှင်တော်များဖြစ်ကြသည့် ချစ်ဖူး၊ အောင်ချစ်၊ ဒဲ့ဒိုးနှင့် မိုးကြယ်တို့က ဖျော်ဖြေ တင်ဆက်ကြမည်ဖြစ်သည်။

ထိုသို့ တင်ဆက်မှုကို ဒီဇင်ဘာ ၂၉ ရက် (ဗုဒ္ဓဟူးနေ့) မွန်းလွဲပိုင်း National News အစီအစဉ်အပြီးတွင် ဒုတိယအကြိမ် ထမ်မံ ထုတ်လွှင့် ပြသမည်ဖြစ်ကြောင်း သိရသည်။ **သတင်းစဉ်**

အများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ မြောက်ဥက္ကလာပမြို့နယ်၊ ဝေပုလ္လ(၄)လမ်း၊ (ဃ)ရပ်ကွက်၊ အမှတ် ၁၄၁ နေ့ ဦးဥာဏ်ဝင်းထွန်း (၁၀/မလမ(နိုင်) ၁၈۷၂၅۷) ကိုင်ဆောင်သူ၏ လွှဲအပ်ညွှန်ကြားချက်အရ အောက်ပါအတိုင်း အများသိစေရန် ကြေညာအပ်ပါသည်-

ရန်ကုန်တိုင်းဒေသကြီး၊ ဒေါပုံမြို့နယ်၊ နွယ်အေးရပ်ကွက်၊ စကားဝါ(၃)လမ်း၊ အမှတ် (၂၉၅)၊ (၃)ထပ်တိုက်ရှိ(၀ထမထပ်)တိုက်ခန်းအား ဒေါ်နွယ်နွယ်သိန်း (၇/ပတန(နိုင်)၀၈۷၅၀၁) ထံမှ ကျွန်ပ်မိတ်ဆွေဖြစ်သူ ဦးဥာဏ်ဝင်းထွန်းသည် (၁၄-၁၂-၂၀၂၀) ရက်တွင် တိုက်ခန်းအရောင်းအဝယ်စာချုပ်ချုပ်ဆိုရ၍ အပြီးအပိုင်လွှဲပြောင်း ဝယ်ယူပြီး ပိုင်ဆိုင်ထားသောတိုက်ခန်းဖြစ်ပါသည်။

သို့ဖြစ်ပါ၍ ဦးဥာဏ်ဝင်းထွန်း၏ သဘောတူဆွေးပြေချက်မရရိုက်ဝဲ မည်သူတစ်ဦးတစ်ယောက်မျှ အဆိုပါတိုက်ခန်းအား ရောင်းချခြင်း၊ လွှဲပြောင်းခြင်း၊ ပေးကမ်းခြင်း၊ အခြားနည်းတစ်စုံတစ်ရာ စီမံခန့်ခွဲခြင်းမပြုလုပ်ရန်နှင့် ပြုလုပ်ပါက တရားဥပဒေအရ အရေးယူဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ-
ဒေါ်မြတ်စုထွေး(LL.B) တရားလွှတ်တော်ရှေ့နေ(စဉ်-၁၄၀၃၀)
အမှတ်-၈၄/(က)၊ ကာယသုခ(၃)လမ်း၊ ပေါက်တောရပ်ကွက်၊ အင်းစိန်၊ ဗုဒ္ဓ-၀၉-၅၁၈၇၅၀

ကန့်ကွက်နိုင်ပါကြောင်း အများသိစေရန်ကြော်ငြာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံပြိုင်သစ် (မြောက်ပိုင်း) မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်-၃၀၊ မြေကွက်အမှတ်-၇၅၂/၁၊ အကျယ်အဝန်း (၂၀'×၆၀') ရှိ မြို့ရွာနှင့်ဆိုးဆိပ်ဖွံ့ဖြိုးရေးဦးစီးဌာနမှ ထုတ်ပေးထားသည့် ဒေါ်နော်မြ (CB-၀၂၀၄၇၂) အမည်ပေါက် နှစ် (၆၀) ဂရန်မူရင်းနှင့်တကွ ယင်းမြေကွက် ပေါ်ရှိ အမှတ်-၇၅၂/၁၊ တပင်ရွှေထီးလမ်း၊ (၃၈) ရပ်ကွက်၊ ဒဂုံပြိုင်သစ် (မြောက်ပိုင်း) မြို့နယ်၊ ရန်ကုန်မြို့ဟုခေါ်တွင်သော နေအိမ်အပေါအဝင် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို ဦးစောမူးသာ (၁၂/အစန(နိုင်) ၀၉၇၅၄၁) ကိုင်ဆောင်သူမှ မိခင် ဒေါ်နော်မြနှင့် ဖခင် ဦးစောဒါးဖိုးတို့ အသီးသီးကွယ်လွန်သွားသဖြင့် အမေမှဆက်ခံပိုင်ဆိုင်ခွင့်အရပိုင်ပြီး ရောင်းချပိုင်ခွင့်ရှိကြောင်းအဆိုပြုသဖြင့် ကျွန်ုပ်ဝါမိတ်ဆွေမှ ဝယ်ယူရန် စရံငွေတစ်စိတ်တစ်ဒေသကို ပေးချေထားပါ၍ ပိုင်ဆိုင်ခွင့်ရှိသူ မည်သူမဆို ဤအရောင်းအဝယ်အား ကန့်ကွက်လိုပါက ယနေ့မှစ၍ (၇) ရက်အတွင်း အထောက်အထားများနှင့်တကွ ကျွန်ုပ်ထံသို့ ကန့်ကွက်နိုင်ပြီး သက်မှတ်ရက်ကျော်လွန်၍ ကန့်ကွက်သူမရှိပါက အရောင်းအဝယ်အား ဥပဒေ နှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ -
ဦးခင်မောင်လတ် (LL.B) တရားလွှတ်တော်ရှေ့နေ
အမှတ် (၅၅)၊ အဘန်း (၅)၊ ဒုတိယထပ်၊ မဟာဗန္ဓုလပန်းခြံလမ်း၊
ကျောက်တံတားမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။
ဖုန်း-၀၉ ၅၀၆၀၃၁၂၊ ၀၉ ၂၅၀၁၄၇၉၀၂

ကန့်ကွက်နိုင်ပါကြောင်း

ပုသိမ်မြို့၊ အမှတ် (၅)ရပ်ကွက်၊ အကွက်အမှတ် (၄၂)၊ ဓနိတန်းအကွက်၊ ဦးပိုင်အမှတ် (၆၄-ဃ)။ မြေဧရိယာ(၀ဒသမ၁၅)ဧကရှိ မြို့မြေ(B)သည် ပုသိမ်မြို့၊ အမှတ်(၄)ရပ်ကွက်၊ ကုန်စုံလမ်း၊ အိမ်အမှတ်(၁၁)နေ့ ဦးစိုးနိုင်မှ မြေအမည်ပြောင်းလဲပေးရန် လျှောက်ထားလာပါသဖြင့် ယင်းလျှောက်ထားခြင်းနှင့် ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက အကျိုးကြောင်းဖော်ပြချက်နှိုင်လုံစွာဖြင့် ကန့်ကွက်တင်ပြနိုင်သူ မည်သူမဆို ယခုလျှောက်ထားခြင်းကို ဆောင်ရွက်မပေးသင့်ကြောင်း ကန့်ကွက်လွှာကို ဤရုံးသို့ ကြော်ငြာသည့်ရက်မှစ၍ ရက်ပေါင်း ၃၀ အတွင်း ကန့်ကွက်နိုင်ပါသည်။

သတ်မှတ်ချက်ကျော်လွန်ပါက တည်ဆဲလုပ်ထုံး လုပ်နည်းဥပဒေ/အမိန့်ညွှန်ကြားချက်များနှင့်အညီ မြေအမည်ပြောင်း လဲပေးရန် လျှောက်ထားခြင်းအား ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။

မြို့နယ်လယ်ယာမြေစီမံခန့်ခွဲရေးနှင့်
စာရင်းအင်းဦးစီးဌာနမှူး
ပုသိမ်မြို့

ဖခင်အမည်မှန်

ဝါးခယ်မမြို့နယ်၊ အထက (၂) ကျောင်း၊ နဝမတန်း(က)မှ မစုစုကြည်၏ ဖခင်အမည်မှန်မှာ ဦးတင်လင်းထိုက် ၁၄/ပတန (နိုင်)၁၁۷၃၁၈ ဖြစ်ပါကြောင်း။

ယာဉ်မှတ်ပုံတင်စာအုပ်မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 9F/2668, Mitsubishi Canter FE 82 CEV, Van (4x2) ယာဉ်လက်ဝယ်ရှိသူ ဦးထိန်လင်းအောင် ၁၀/မဒန(နိုင်)၁၀۷၆၇၇ က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့်ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါသည်။

ကညနေ၊ တိုင်းရုံးခွဲ(ရွာသာကြီး)

ကန့်ကွက်နိုင်ပါကြောင်း

ပုသိမ်မြို့၊ အမှတ် (၆)ရပ်ကွက်၊ အကွက်အမှတ် (၈/က)၊ တရုပ်စုအကွက်၊ ဦးပိုင်အမှတ် (၂၃-ဃ)။ မြေဧရိယာ ၀ဒသမ၀၃၃ ဧကရှိ မြို့မြေ(B)သည် ပုသိမ်မြို့၊ အမှတ် (၆)ရပ်ကွက်၊ ကာလီဘာလီဖြတ်လမ်း၊ အမှတ် (၅)နေ့ ဦးကျော်ဝင်းမှ မြေအမည်ပြောင်းလဲပေးရန် လျှောက်ထားလာပါသဖြင့် ယင်းလျှောက်ထားခြင်းနှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက အကျိုးကြောင်းဖော်ပြချက်နှိုင်လုံစွာဖြင့် ကန့်ကွက်တင်ပြနိုင်သူ မည်သူမဆို ယခုလျှောက်ထားခြင်းကို ဆောင်ရွက်မပေးသင့်ကြောင်း ကန့်ကွက်လွှာကို ဤရုံးသို့ ကြော်ငြာသည့်ရက်မှစ၍ ရက်ပေါင်း ၃၀ အတွင်း ကန့်ကွက်နိုင်ပါသည်။

သတ်မှတ်ချက်ကျော်လွန်ပါက တည်ဆဲလုပ်ထုံးလုပ်နည်းဥပဒေ/အမိန့်ညွှန်ကြားချက်များနှင့်အညီ မြေအမည်ပြောင်း လဲပေးရန် လျှောက်ထားခြင်းအား ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။

မြို့နယ်လယ်ယာမြေစီမံခန့်ခွဲရေးနှင့်
စာရင်းအင်းဦးစီးဌာနမှူး
ပုသိမ်မြို့

ပျောက်ဆုံးကြောင်း

ကျွန်တော် ဦးသော်တာစိုး ၁၂/လမန(နိုင်)၁၅۷၈၁၈၏ သဘော်သားမှတ်ပုံတင်ကတ်(SID)တစ် ခု၊ သဘော်သား လုပ်သက်စာအုပ်(CDC)နှင့် Passport စာအုပ်တစ်အုပ်တို့မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပါရန်။

ဖုန်း-၀၉-၄၂၁၀၃၈၈၅၅

ဖောင်းကြွနံပါတ်ပြားပျောက် လျှောက်ထားခြင်း

ယာဉ်အမှတ် 9N/5990 ၏ ဖောင်းကြွနံပါတ်ပြားပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင် ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

ကညနေ၊ တိုင်းဒေသကြီးဦးစီးမှူးရုံး(ပဲခူး)

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန
ပြည်တွင်းအခွန်များဦးစီးဌာန
ဒုတိယဦးစီးမှူး (ဝင်ပေါက်) ရာထူးနေရာများအတွက် အရည်အချင်းစစ်ရေးဖြေအောင်မြင်သူများ စာရင်းထုတ်ပြန်ကြေညာခြင်း
(၁၃၈၃ ခုနှစ်၊ နတ်တော်လပြည့်ကျော် ၅ ရက်)
(၂၀၂၁ ခုနှစ် ဒီဇင်ဘာလ ၂၃ ရက်)

၁။ စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန၊ ပြည်တွင်းအခွန်များဦးစီးဌာနတွင် လစ်လပ်လျက်ရှိသည့် ဒုတိယဦးစီးမှူး လစာနှုန်းကျပ်(၂၁၆၀၀၀-၂၀၀၀-၂၂၆၀၀၀) ရာထူး (၂၀၀) နေရာအတွက် အရည်အချင်းစစ်ရေးဖြစ်ပွားမေးပွဲအား ၆-၁၁-၂၀၂၁ ရက်(စနေနေ့)တွင် ကျင်းပပြုလုပ်ခဲ့ပြီး နိုင်ငံ့ဝန်ထမ်းနည်းဥပဒေများ၊ နည်းဥပဒေ ၂၀ (c)(၇)၀၊ ပြဋ္ဌာန်းချက်များနှင့်အညီ ရေးဖြေအောင်မြင်သူ (၂၄၈) ဦး ၏ ခုံအမှတ်များအား အောက်ပါအတိုင်း ထုတ်ပြန်ကြေညာလိုက်သည် -

B - 1, 2, 3, 4, 5, 6, 7, 9, 10, 11, 12, 13, 14, 15, 16, 17, 18, 20, 21, 22, 23,24, 25, 27, 28, 29, 31, 32, 34, 35, 36, 37, 38, 39, 40, 41, 42, 43, 44, 45,46, 47, 49, 50, 51, 52, 54, 56, 58, 59, 61, 62, 64, 65, 68, 70, 73, 75, 76, 77, 79, 80, 81, 82, 84, 85, 86, 87, 89, 90, 92, 94, 95, 97, 100, 101, 102, 103, 104, 105, 106, 108, 110, 111, 112, 113, 114, 115, 116, 117, 118, 119, 120, 121, 122, 123.

C - 4, 6, 8, 11, 12, 14, 15, 16, 22, 24, 27, 30, 35, 36, 38, 39, 43, 48, 49, 52,53, 58, 61, 73, 75, 76, 77, 79, 81, 83, 84, 85, 87, 88, 89, 95, 96, 100,101, 103, 104, 107, 108, 110, 122.

E - 5, 8, 9, 12, 13, 15, 20, 22, 25, 28, 55, 62, 64, 67, 69, 71, 74, 75, 85,107, 110, 120, 123, 131, 135, 138, 144, 145, 147, 158, 159, 161, 162.

S - 1, 2, 4, 7, 11, 16, 20, 22, 23, 28, 50, 55, 56, 59, 61, 62, 64, 68, 72, 73,74, 81.

L - 24, 29, 35, 53, 71, 114, 115, 122, 123, 130, 136, 138, 143, 145, 146,151, 154, 155, 161, 164, 165, 167, 169, 171, 174, 178, 184, 190.

A - 8, 47, 53, 82, 197, 264, 318, 435, 444, 454, 456, 473, 491, 496, 507,517, 524, 530, 537, 554, 557, 594, 598, 599.

၂။ အရည်အချင်းစစ် ရေးဖြေအောင်မြင်သူ (၂၄၈) ဦးအား လူတွေ့စစ်ဆေးခြင်းနှင့် ကွန်ပျူတာကျွမ်းကျင်မှုစစ်ဆေးခြင်းများကို ပြည်တွင်းအခွန်များဦးစီးဌာန(ရုံးချုပ်)၊ ရုံးအမှတ်(၄၆)၊ နေပြည်တော်တွင် အောက်ဖော်ပြပါ အစီအစဉ်အတိုင်း ကျင်းပပြုလုပ်မည်ဖြစ်ပါသည် -

(က) (B) ခုံအမှတ်ဖြင့် အောင်မြင်သူဦးရေ(၉၆)ဦး -
(၁) သတင်းပေးပို့ရမည့်နေ့ရက် ၄-၁-၂၀၂၂ ရက် (အင်္ဂါနေ့)
(၂) ဖြေဆိုရမည့်နေ့ရက် ၅-၁-၂၀၂၂ ရက် (ဗုဒ္ဓဟူးနေ့)

(ခ) (C) ခုံအမှတ်ဖြင့် အောင်မြင်သူဦးရေ(၄၅)ဦးနှင့် (E) ခုံအမှတ်ဖြင့် အောင်မြင်သူ ဦးရေ(၃၃)ဦး -
(၁) သတင်းပေးပို့ရမည့်နေ့ရက် ၅-၁-၂၀၂၂ ရက် (ဗုဒ္ဓဟူးနေ့)
(၂) ဖြေဆိုရမည့်နေ့ရက် ၆-၁-၂၀၂၂ ရက် (ကြာသပတေးနေ့)

(ဂ) (S) ခုံအမှတ်ဖြင့် အောင်မြင်သူဦးရေ(၂၂)ဦး၊ (L) ခုံအမှတ်ဖြင့် အောင်မြင်သူ ဦးရေ(၂၈)ဦးနှင့်
(A) ခုံအမှတ်ဖြင့် အောင်မြင် သူ ဦးရေ(၂၄)ဦး -
(၁) သတင်းပေးပို့ရမည့်နေ့ရက် ၆-၁-၂၀၂၂ ရက် (ကြာသပတေးနေ့)
(၂) ဖြေဆိုရမည့်နေ့ရက် ၇-၁-၂၀၂၂ ရက် (သောကြာနေ့)

၃။ လူတွေ့စစ်ဆေးခြင်းနှင့် ကွန်ပျူတာကျွမ်းကျင်မှုစစ်ဆေးခံရန် လာရောက်သူများ သည် " မြန်မာ့ယဉ်ကျေးမှုနှင့် လျော်ညီစွာ " ဝတ်ဆင်လာရမည်ဖြစ်ပြီး အောက်ဖော်ပြပါ စာရွက်စာတမ်းများကို တစ်ပါတည်းယူဆောင်လာရမည်ဖြစ်ပါသည် -

(က) နိုင်ငံသားစိစစ်ရေးကတ်ပြား (မူရင်း)နှင့် မိတ္တူ(၁)စောင်၊
(ခ) တက္ကသိုလ်ဝင်တန်းအောင်လက်မှတ်(မူရင်း)၊ ဘွဲ့လက်မှတ်(မူရင်း)တို့နှင့် မိတ္တူ(၁)စောင်စီ၊
(ဂ) ဒေသန္တရကျန်းမာရေးအဖွဲ့၏ ကျန်းမာကြောင်းဆေးထောက်ခံချက်(မူရင်း)နှင့် မိတ္တူ(၁) စောင်၊
(ဃ) အိမ်ထောင်စုလူဦးရေစာရင်း (မူရင်း)နှင့် မိတ္တူ (၁)စောင်။

၄။ အဆိုပါ ရေးဖြေအောင်မြင်သူများ၏ အမည်စာရင်းအား ပြည်တွင်းအခွန်များဦးစီးဌာန (ရုံးချုပ်)၊ ရုံးအမှတ်(၄၆)၊ နေပြည်တော်၊ မန္တလေးတိုင်းဒေသကြီးအခွန်ဦးစီးဌာနမှူးရုံး၊ ရန်ကုန်တိုင်းဒေသကြီးအခွန်ဦးစီးဌာနမှူးရုံးနှင့် ပြည်တွင်းအခွန်များဦးစီးဌာန၏ Website ဖြစ်သည့် www.ird.gov.mm တို့တွင်လည်း ကြေညာပေးသွားမည်ဖြစ်သည်။

ပြည်တွင်းအခွန်များဦးစီးဌာန

ကန့်ကွက်နိုင်ပါကြောင်း

ပုသိမ်မြို့၊ အမှတ် (၅)ရပ်ကွက်၊ အကွက်အမှတ် (၆၇)၊ ထောင်ကုန်းအကွက်၊ ဦးပိုင်အမှတ်(၅၅-ဃ)။ မြေဧရိယာ(၀ဒသမ၀၉၀)ဧကရှိ မြို့မြေ(B)သည် ပုသိမ်မြို့၊ ထောင်ကုန်းလမ်း၊ အမှတ်(၁၅)နေ့ ဒေါ်တင်ညွန့်မှ မြေအမည်ပြောင်းလဲပေးရန် လျှောက်ထားလာပါသဖြင့် ယင်းလျှောက်ထားခြင်းနှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက အကျိုးကြောင်းဖော်ပြချက်ခိုင်လုံစွာဖြင့် ကန့်ကွက်တင်ပြနိုင်သူ မည်သူမဆို ယခုလျှောက်ထားခြင်းကို ဆောင်ရွက်မပေးသင့်ကြောင်း ကန့်ကွက်လွှာကို ဤရုံးသို့ ကြော်ငြာသည့်ရက်မှစ၍ ရက်ပေါင်း ၃၀ အတွင်း ကန့်ကွက်နိုင်ပါသည်။

သတ်မှတ်ချက်ကျော်လွန်ပါက တည်ဆဲလုပ်ထုံးလုပ်နည်းဥပဒေ/အမိန့်ညွှန်ကြားချက်များနှင့်အညီ မြေအမည်ပြောင်း လဲပေးရန် လျှောက်ထားခြင်းအား ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။

မြို့နယ်လယ်ယာမြေစီမံခန့်ခွဲရေးနှင့်စာရင်းအင်းဦးစီးဌာနမှူး၊ ပုသိမ်မြို့

ကန့်ကွက်နိုင်ပါကြောင်း

ပုသိမ်မြို့၊ အမှတ် (၃)ရပ်ကွက်၊ အကွက်အမှတ် (၄)၊ ဓနိတန်းအကွက်၊ ဦးပိုင်အမှတ် (၆၆)။ မြေဧရိယာ ၀ဒသမ၁၀၁ ဧကရှိ မြို့မြေ (B)သည် ပုသိမ်မြို့၊ အမှတ် (၃)ရပ်ကွက်၊ ကုန်သည်လမ်း၊ အိမ်အမှတ်(၃၇-ဃ)နေ့ ဒေါ်စန်းစန်းလွင်(ခ)ခင်ဆွေမြင့်မှ မြေအမည်ပြောင်းလဲပေးရန် လျှောက်ထားလာပါသဖြင့် ယင်းလျှောက်ထားခြင်းနှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက အကျိုးကြောင်းဖော်ပြချက်ခိုင်လုံစွာဖြင့် ကန့်ကွက်တင်ပြနိုင်သူ မည်သူမဆို ယခုလျှောက်ထားခြင်းကို ဆောင်ရွက်မပေးသင့်ကြောင်း ကန့်ကွက်လွှာကို ဤရုံးသို့ ကြော်ငြာသည့်ရက်မှစ၍ ရက်ပေါင်း ၃၀ အတွင်း ကန့်ကွက်နိုင်ပါသည်။

သတ်မှတ်ချက်ကျော်လွန်ပါက တည်ဆဲလုပ်ထုံးလုပ်နည်းဥပဒေ/အမိန့်ညွှန်ကြားချက်များနှင့်အညီ မြေအမည်ပြောင်း လဲပေးရန် လျှောက်ထားခြင်းအား ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။

မြို့နယ်လယ်ယာမြေစီမံခန့်ခွဲရေးနှင့် စာရင်းအင်းဦးစီးဌာနမှူး၊ ပုသိမ်မြို့

ကန့်ကွက်နိုင်ပါကြောင်း

ပုသိမ်မြို့၊ အမှတ်(၃)ရပ်ကွက်၊ အကွက်အမှတ်(၄၁-ခ)၊ အိုးဘိုတန်းအကွက်၊ ဦးပိုင်အမှတ်(၁၀၉-င)။ မြေဧရိယာ(၀ဒသမ၁၆၄)ဧကအတွင်းမှ (၀ဒသမ၀၄၀)ဧကရှိ မြို့မြေ(B)သည် ဟသံတမြို့၊ ကုန်သည်လမ်းနေ ဒေါ်စန်းမြင့်နှင့်ပုသိမ်မြို့၊ အမှတ်(၃)ရပ်ကွက်၊ နှစ်ကျိပ်ရှစ်ဆူလမ်းနေ ဒေါ်ခင်မေဝင်း၊ ဦးမောင်မောင်ဝင်း၊ ဒေါ်ခင်ဇေ(ခ)ဒေါ်ခင်အေးတို့မှ မြေအမည်ပြောင်းလဲပေးရန် လျှောက်ထားလာပါသဖြင့် ယင်းလျှောက်ထားခြင်းနှင့် ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက အကျိုးကြောင်းဖော်ပြချက်ခိုင်လုံစွာဖြင့် ကန့်ကွက်တင်ပြနိုင်သူ မည်သူမဆို ယခုလျှောက်ထားခြင်းကို ဆောင်ရွက်မပေးသင့်ကြောင်း ကန့်ကွက်လွှာကို ဤရုံးသို့ ကြော်ငြာသည့်ရက် မှစ၍ ရက်ပေါင်း ၃၀ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

သတ်မှတ်ချက်ကျော်လွန်ပါက တည်ဆဲလုပ်ထုံးလုပ်နည်းဥပဒေ/အမိန့်ညွှန်ကြားချက်များနှင့်အညီ မြေအမည်ပြောင်း လဲပေးရန် လျှောက်ထားခြင်းအား ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။

မြို့နယ်လယ်ယာမြေစီမံခန့်ခွဲရေးနှင့်စာရင်းအင်းဦးစီးဌာနမှူး၊ ပုသိမ်မြို့

ယာဉ်မှတ်ပုံတင်စာအုပ်မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 66W/36132, Honda Wave 100, M/C ယာဉ်လက်ဝယ်ရှိသူ ဦးဥာဏ်ဖြင့် ၁၄/ဖပန(နိုင်)၀၀۷၃၅၅ က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့် ရက်မှ ၁၅ ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါသည်။

ကညနေ၊ ခရိုင်ရုံး(ဖျာပုံ)

ကန့်ကွက်နိုင်ကြောင်းကြေညာခြင်း

